စိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# မြဝတီမင်းကြီး



ဒုတိယအကြိမ်

mgyee.com

ကနီ-ဦးလူညွန့်၊ သုခ၊ ဦးသော်ဇင်၊
မြန်မာပညာရှိ-ဦးဘော၊ ကုသ၊
ဣန္ဒနီ၊ ဦးအုန်းရွှေ၊
ရွှေစကြာ၊ ဇေယျ၊
မြန်စာဂုဏ်မြင့်ကြည်၊
နန်းညွန့်ဆွေ၊ ဇော်ဂျီ၊
ဒီးဒုတ်ဦးဘချို၊
ဦးလှမောင် (တက္ကသိုလ်)၊
ဟံသာဝတီဦးဘရင်၊
ဦးသော်ဇင်၊
ပန်တျာမြင့်အောင်၊
မောင်ကြည်ရှင်၊. . . . .

**စသူတို့၏**

# မြဝတီမင်းကြီး

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စီစဥ်ထုတ်ဝေခဲ့သော



# မြဝတီမင်းကြီး



ယခုစာအုပ်အပါအဝင် မြန်မာဂန္ထဝင်စာပေပညာရှင်ကြီး ၉ ဦး၏ စာပေဂုဏ် ပညာသမာဂုဏ်ကို စုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက် ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။

kls0101
4,000.00 KS

mgyoe.com

မြဝတီပင်းကြီး
မျက်နှာဖုံးပန်းချီ - ကျော်ပြုံးစံ၊
စာမျက်နှာ ၃၅၀+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၀ မြန် စာ မြန့် စာစဉ်၊ ပထမအကြိမ်၊

ရောင်းဈေး ၄၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြဝတီမင်းကြီး

(၁၁၂၈-၁၂၁၅)

မြဝတီမင်းကြီးဦးစ အနှစ် ၂၀၀ မြောက် မွေးနေ့
အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သည့်စာအုပ်

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက်
စိတ်ကူးချိုချိုမှ စီစဉ်ရိုက်နှိပ်သည်။

ဒုတိယအကြိမ် ၂၀၀၇

mgyoe.com

mgyoe.com

‘အနုပညာ စာပေမှာ
ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း’

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - နိဒါန်း | | (က) |
| - မြဝတီဦးစဘွဲ့သံချို | ကနီ-ဦးလူညွန့် | (င) |
| ၁။ ရောင်ခြည်တော်ဘွဲ့ | | |
| - တစ်ပုဒ်တည်းသောသီချင်းခန့် | သုခ | ၂ |
| - ထူးမခြားနား | ဦးသော်ဇင် | ၆ |
| - ထူးမခြားနားအဖြေ | မြန်မာပညာရှိ-ဦးဘေ | ၂၁ |
| - ထူးမခြားနားစကားပြေ | ကုသ | ၃၁ |
| - ထူးမခြားနား | ဣန္ဒနီ | ၃၅ |
| ၂။ အတ္ထုပ္ပတ္တိ | | |
| - မြဝတီမင်းကြီးဦးစ ဘဝဖြစ်စဉ် | ဦးအုန်းရွှေ | ၅၀ |
| - ဂီတပါရဂူနှင့် သေနင်္ဂဗျူဟာပါရဂူ | ရွှေစကြာ | ၆၉ |
| ၃။ ဘဝနှင့် ပတ်ဝန်းကျင် | | |
| - ဦးစ စားရသောမြဝတီမြို့ | ဖေယျ | ၈၂ |
| - ဦးစ၏မျက်ဖြေရတုများ | မြန်စာဂုဏ်-မြင့်ကြည် | ၉၂ |
| - အရေးမတော် တစ်လုံး | နန်းညွန့်ဆွေ | ၁၀၇ |
| - ဦးစအပေါ် နိုင်ငံခြားသားတို့အမြင် | ဇော်ဂျီ | ၁၁၅ |


mgyoe.com

mgyoe.com


၄။ ဂီတ

| | | |
|---|---|---|
| - လက်ကိုမြင် ကြယ်စင်မဟုတ်ဘူး | ဒီးဒုတ်-ဦးဘချို | ၁၁၈ |
| - မြဝတီဂီတသမိုင်း (၁) | ဦးလှမောင် (တက္ကသိုလ်) | ၁၂၈ |
| - မြဝတီဂီတသမိုင်း (၂) | ဦးလှမောင် (တက္ကသိုလ်) | ၁၃၄ |
| - မြဝတီဂီတသမိုင်း (၃) | ဦးလှမောင် (တက္ကသိုလ်) | ၁၅၁ |
| - မြဝတီဂီတသမိုင်း (၄) | ဦးလှမောင် (တက္ကသိုလ်) | ၁၆၈ |
| - မြဝတီဂီတသမိုင်း (၅) | ဦးလှမောင် (တက္ကသိုလ်) | ၁၉၄ |
| - မြဝတီဂီတသမိုင်း (၆) | ဦးလှမောင် (တက္ကသိုလ်) | ၂၀၅ |
| - မြဝတီဂီတသမိုင်း (၇) | ဦးလှမောင် (တက္ကသိုလ်) | ၂၁၈ |
| - မြဝတီဂီတသမိုင်း (၈) | ဦးလှမောင် (တက္ကသိုလ်) | ၂၂၆ |
| - ထောင်တွင်းကသီချင်းသံ | ဇေယျ | ၂၃၇ |
| - ထောင်လွှတ်ပတ်ပျိုး | ဟံသာဝတီ-ဦးဘရင် | ၂၄၅ |
| - ဂီတဘုရား | ပန်တျာ-မြင့်အောင် | ၂၅၂ |
| - သဲလောင်ကြွေကျွမ်း | မောင်ကြည်ရှင် | ၂၆၁ |

၅။ ပြဇာတ်ပိုင်း

| | | |
|---|---|---|
| - သမုဒ္ဒဃောသဝတ္ထု | ဦးသော်ဇင် | ၂၇၀ |
| - သမုဒ္ဒဃောသပြဇာတ် | မင်းကြီးဦးစ | ၂၇၆ |

၆။ ဣန္ဒာဝုဓအိနောင်

| | | |
|---|---|---|
| - အိနောင်ဇာတ်ကွက်-ပန္နက်ကဏ္ဍ | ဦးသော်ဇင် | ၃၂၈ |
| - အိနောင်ဇာတ်ကွက်-ပန္နက်ကဏ္ဍ | နန်းညွန့်ဆွေ | ၃၃၅ |


■

mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် စာပေမှု သဘင်ဂီတမှုဆိုင်ရာတို့၌ မပြတ်နှလုံးသွင်းလျက် အသင်း၏ခွန်အားရှိသည့်အလျောက် မြန်မာစာပေကဗျာဂီတ လောကကြီးအတွက် ဆောင်ရွက်လုပ်ကိုင်ခဲ့သည်ချည်း ဖြစ်လေသည်။ ဦးပုည အနှစ် ၁၅၀–ပြည့်မြောက် အထိမ်းအမှတ် အခမ်းအနားနှင့် စာအုပ်ထုတ်ဝေခြင်းကို အများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး လွန်ခဲ့သော ၁၃၂၆–ခုနှစ်က အင်းဝမြို့တည် အနှစ် ၆၀၀–ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဤအသင်းက ကျင်းပပြုလုပ်ခဲ့ပေသည်။ အကြောင်းအားလျော်စွာ စာအုပ်ထုတ်ဝေခြင်း မပြုနိုင်ခဲ့ချေ။

မြဝတီဦးစ အနှစ် ၂၀၀–မြောက် မွေးနေ့သည် ၁၃၂၈–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀–ရက်၊ အင်္ဂါနေ့တွင် ကျရောက်မည်ကို လွန်ခဲ့သော ၄–နှစ်၊ ဦးပုည အနှစ် ၁၅၀–မြောက် အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်ကပင် ကြိုတင်တွက်ချက် ရွေးချယ်၍ ထားခဲ့သည်။ ဦးစ အနှစ် ၂၀၀–မြောက် မွေးနေ့ကို ဤအသင်းက ကျင်းပရန်၊ အထိမ်းအမှတ် စာအုပ်ထုတ်ဝေရန်တို့ကို ထိုစဉ်ကပင်လျှင် ကြံရွယ်ပိုင်းဖြတ်ထားခဲ့ပေသည်။

သို့ ကြံရွယ်ခဲ့သည့်အတိုင်း ယခု ၁၃၂၈–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀–ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ဂန္ဓီခန်းမဆောင်ကြီးတွင် မြဝတီဦးစ အနှစ် ၂၀၀–မြောက် မွေးနေ့ပွဲကို ကျင်းပ၍၊ ထိုနေ့မှာပင် ဤမည်သော **'မြဝတီမင်းကြီး'** စာအုပ်ကို မြန်မာနိုင်ငံလုံး တစ်ပြိုင်နက်တည်း ထုတ်ဝေခြင်းပြုလိုက်ပေသည်။

mgyoe.com

mgyoe.com

ဤစာအုပ်သည် မြဝတီမင်းကြီးအကြောင်းကို စာရေးဆရာအသီးသီး ရေးသားခဲ့ကြသည်ကို စုစည်းကောက်ယူ သီကုံးထားသော မြဝတီစာပန်းကုံးတစ်ကုံးပင် ဖြစ်ပေ သည်။ ဤစာအုပ်၌ မူလရေးပြီး ပုံနှိပ်ဖူးပြီးဖြစ်သော စာမူများကို ရှာဖွေစုရုံး သီကုံးထားသည့်အပြင် အသစ်အသစ်ရေးသား ချီးမြှင့်ကြသော စာပန်းကုံးများကိုလည်း စုပေါင်းဖွဲ့သီထားပေသည်။

ဤကဲ့သို့ စာအုပ်တစ်အုပ်ခံ့ညားထည်ဝါစွာ ဖြစ်ပေါ်လာရန် အတွက် စာမူများ ကို အသုံးပြုခွင့်ပေးသော စာရေးဆရာအပေါင်းအား ဤအသင်းက မရောင့်ရဲနိုင်သော ကျေးဇူးတင်ခြင်းဖြင့် ကျေးဇူးတင်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အနှစ် ၂၀၀–မှ တစ်ကြိမ် ကြုံကြိုက်ရသည့် မြဝတီမြို့စား မင်းကြီးမဟာသီဟသူရ ပညာရှိ စာဆိုတော် ဦးစအား ဤသို့သောနည်းဖြင့် ပူဇော်ချီးကျူးသမှု ပြုလိုက်ရသောကြောင့်ပေတည်း။

**'ထူးမခြားနား'** အစရှိသော မြတ်စွာဘုရား၏ ယမကပြာဋိဟာဘွဲ့ ပတ်ပျိုးကို ရေးသားကြရာ၌ သီချင်းမူတို့သည် မတူကြပေ။ ထိုထိုမတူကြသော မူတို့ကိုလည်း ထိုဆရာတို့၏ အာသီသအတိုင်း မလွဲမသွေဖော်ပြထားပေသည်။ ဤအရာမှာလည်း မိမိတို့မူနှင့် မိမိတို့ ဖြစ်ပေသည်။ မြဝတီဦးစကို စာရေးဆရာအသီးသီးက မိမိတို့အမြင်ဖြင့် ရေးသားကြရာတွင် အကိုးအကား တူညီချက်များရှိပေသည်။ ယုဒသန်၊ ဘာနေ၊ ဒေဆိုင်းတို့၏ အရေးအသားများကို ကိုးကားကြရာ၌ ဆောင်းပါး ၅–စောင်သည် မခြား တူညီနေကြပေသည်။ သို့သော် ရှုပုံမြင်ပုံ၊ ဆင်ခြင်သုံးသပ်ပုံတို့ကား ခြားနားပေလိမ့်မည်။

ဆရာဦးလှမောင်၏ မြဝတီဂီတသမိုင်းမှာ မြဝတီမင်းကြီးဦးစ သီချင်းစုပေမူမှ ထုတ်နုတ်၍ အီနောင်၊ သမုဒ္ဒဃောသ ဇာတ်ထွက် ပတ်ပျိုးသီချင်းများကို တည်းဖြတ် သုတ်သင်ထားခြင်းဖြစ်ပေသည်။ သို့အတွက် မြဝတီဦးစ သီချင်းစုပေမူမှ ထုတ်နုတ်ချက်များမှာ ဤစာအုပ်တွင် အများဆုံးပါရှိနေပေသည်။

ဆရာဦးလှမောင်သည် ဦးစသီချင်းစုကို တည်းဖြတ်ရေးသားရာ၌ မန္တလေးမြို့ အငြိမ်းစားသစ်တောအရေးပိုင်မင်း ဦးမောင်မောင်ကျော်

mgyoe.com

mgyoe.com



(ယခု ကွယ်လွန်ပြီး)၏ ပေမူမှ ကူးယူရေးသားခြင်းဖြစ်ပေသည်။ ဦးမောင်မောင်ကျော်၏ မြဝတီဦးစ သီချင်းစုပေမူမှာ ယခုအခါ သမိုင်းကော်မရှင်သို့ ရောက်ရှိနေလေသည်။

မြဝတီဦးစ၏ သီချင်းများကို ပြဆိုအပ်သော **'မြဝတီမင်းကြီး ဦးစ သီချင်းစုပေမူ'** မှ ကူးယူဖော်ပြသည့် သမုဒ္ဒဃောသ ပြဇာတ်လာ စကားစုများမှာ မူအတိုင်းပင် ထည့်သွင်းဖော်ပြထားပေသည်။ ယင်းမူမှာ အညတြမူမဟုတ်၊ အမျိုးသား စာကြည့်တိုက်ရှိ ဝန်ရှင်တော်၊ လယ်ကိုင်းမြို့စား အဂ္ဂမဟာ သေနာပတိ၊ သေနတ်ဝန်၊ ကင်းဝန်မင်းကြီး မင်းသတိုးမဟာသုဓမ္မ သက်တော်ရှည်၊ ပညာရှိ စာဆိုတော် ဦးကောင်း၏ ပေမူဖြစ်သည်။ **'မြဝတီ ဦးစ သီချင်းစုပေမူ'** ပေမူအမှတ် ၁၈၀၊ ၉–ကြောင်းရေးပေမူ၊ က–အစ ငှ– အဆုံး၊ ၁၁–အင်္ဂါ၊ ၁၁–ချပ်ရှိလေသည်။

ယင်းပေမူမှ ကောင်းစွာရေးကူးထားသော မူကို စာတည်စာမပြု၍၊ ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်ရှိ ပေမူ၊ သမိုင်းကော်မရှင်ရှိ ပေမူတို့နှင့် တိုက်ဆိုင်ကြည့်ရှုပြီးမှ သမုဒ္ဒဃောသပြဇာတ်ကို စီစဉ်ထည့်သွင်းထားခြင်းဖြစ်ပေသည်။ ပေမူမှ ကူးယူခွင့်ရသဖြင့်လည်းကောင်း၊ တိုက်ဆိုင်ကြည့်ရှုခွင့်ရသဖြင့်လည်းကောင်း၊ အမျိုးသား စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်နှင့် သမိုင်းကော်မရှင်တို့ကို အထူးတလည် ကျေးဇူးတင်ရှိပါသည်။

အကယ်၍ ဤစာအုပ်ကို နှစ်သက်ပါက ရေးသားချီးမြှင့်ကြသော စာရေးဆရာ အသီးသီးကို ကျေးဇူးတင်ရန်ဖြစ်ပါသည်။ အကယ်တန္တု ဤစာအုပ်၏အပြစ်ကိုတွေ့ပါက စီစဉ်သူ၏ ညံ့ဖျင်းမှုသာ ဖြစ်ပါကြောင်း ဝန်ခံလိုပါသည်။

ဤစာအုပ် ထွက်ပေါ်လာအောင် တာဝန်ယူဆောင်ရွက်ပေးသော ဤအသင်း၏ ရာသက်ပန်အသင်းသားဖြစ်သူ ဦးခင်ညွန့် (စာပေလောက)အားလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြဝတီ အနှစ် ၂၀၀–ပြည့်မွေးနေ့ အထိမ်းအမှတ်ကို ဤအသင်းက စတင်လိုက်သဖြင့် ရန်ကုန်၊ မန္တလေးမှစ၍ မြို့နယ်အနှံ့ အပြားတက်ကြွစွာ ကျင်းပကြသည့်အတွက် များစွာအားရဖွယ် ကောင်း

mgyoe.com

mgyoe.com


လေသည်။ အနယ်နယ်ရှိ မြို့များက ဤအသင်းကို စာဖြင့် ဆက်သွယ်၍ မြဝတီနေ့ကျင်းပမည့်အကြောင်းနှင့် အကူအညီတောင်းခံကြသဖြင့်လည်း များစွာပင် နှစ်လို့ဝမ်းသာခြင်းဖြစ်ရပေသည်။

ဝဏ္ဏကျော်ထင် ဦးကက်နက်စိန် ဇာတ်အဖွဲ့မှ အိနောင်ဇာတ်ကွက် ပဇာင် တောင်တက်ခန်းကိုလည်းကောင်း၊ ရွှေနန်းတင်၊ ပန်တျာ မြသိန်း၊ ယိုးဒယား ဦးအောင်သိန်း ဇာတ်အဖွဲ့တို့က ဤစာအုပ်ပါ **'အိနောင်ဇာတ်ကွက် ပန္နက်ကဏ္ဍ'** ပြဇာတ်ကို လည်းကောင်း၊ မြဝတီ အနှစ် ၂၀၀–မြောက် မွေးနေ့တွင် ကပြဂုဏ်ပြုကြသည့်အတွက် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပေသည်။

စိန်ဗိုလ်တင့် ဆိုင်းအဖွဲ့က မြဝတီမင်းကြီး ဦးစ အနှစ် ၂၀၀–မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် မြဝတီဦးစ၏ သီချင်းများကို မြန်မာ့အသံမှနေ၍ တီးမှုတ်ဂုဏ်ပြုသည့် အတွက်လည်း အားရကျေနပ်ဖွယ်ရာ ဖြစ်ပေသည်။

စာအုပ်စာတမ်းဆိုင်ရာမှလည်း ရွှေပြည်ဦးဘတင်၏ မြဝတီစာပေဂီတစာအုပ် ထွက်ပေါ်လာခြင်း၊ မြဝတီစာစုနှင့် မဟာဂီတတို့ကို ထုတ်ဝေရန် စီစဉ်စိုင်းပြင်းနေခြင်းများကို သိရှိရသဖြင့် ဤအသင်းက များစွာ ဝမ်းမြောက်မိပေသည်။

လာမည့် သက္ကရာဇ် ၁၃၃၀–ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့သည်ကား အင်းဝခေတ်၏ စာဆိုတော် တစ်ဆူဖြစ်တော်မူပေသော မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် ရှင်မဟာရဋ္ဌသာရအကျော်၏ အနှစ် ၅၀၀–မြောက် မွေးနေ့ပင်ဖြစ်ပေသည်။

ရှင်မဟာရဋ္ဌသာရသည် သက္ကရာဇ် ၈၃၀–ပြည့်နှစ် ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့တွင် အင်းဝရွှေမြို့တော်၌ ဖွားမြင်တော်မူခဲ့ပေသည်။ သို့ဖြစ်ရကားလာမည့် သက္ကရာဇ် ၁၃၃၀– ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် ရှင်မဟာရဋ္ဌသာရ အနှစ် ၅၀၀–မြောက် မွေးနေ့အထိမ်း အမှတ်အဖြစ် စာအုပ်ထုတ်ဝေခြင်းနှင့် အခမ်းအနားကျင်းပခြင်းများ ပြုလုပ်ရန် ဤအသင်းက ရည်ရွယ်ထားရှိကြောင်း ဖော်ပြအပ်ပါသည်။ ။

စာအုပ်ထုတ်ဝေရေးအဖွဲ့
မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

mgyoe.com

mgyoe.com

# မြဝတီမင်းကြီး ဘွဲ့သံချို

ကနီ - ဦးလူညွန့် စပ်ဆိုသီကုံးသည်

မုဆိုးဘို ရွှေဘိုအမည်ပါ
ဗဟိုရ်ရစည် ကဒဏ်ထီးတွေနဲ့
ရန်ကြီးအောင် ကုန်းဘောင်သပြန်ခဲ့
ရာနရိန် ကွာပိန္နပေမို့
နာသိဃ် မျှို့အောင်ဘုံ။ ။

မင်းအဆက်တွေတို့
ဆင်းဆက်ခံ စက်ထံရင်းတွင်မှ
ဆံခင်းကာ သမ္ဘာလှုံကြ
ရတနာပုံ ကနက်နန်းတိုင်ထိ
ရှက်ထမ်းသူ သေနင်္ဂါတို့
ဝေဟင်အဇ္ဇာ နေမြင်လပါပဲ
ပြင်ပရန် တကယ်ကြုံတော့
စွယ်မစုံ တည်တံတိုင်းတွေသို့
နှိုင်းစေဖို့ကြုံ။ ။

ယိုးဒယား၊ မျိုးခြားစာ ဘာသာပြန်လို့
ကဗျာညဏ် အမည်ပြောင်ခဲ့
ပြည်ဘောင်မှာ အိနောင်ဇာတ်ကဲ့ပြင်
နောင်မှတ်ဖွယ် တဂုဏ်တင့်အောင်ပါ
ဘုံမြင့်စံ ထံတော်နီးတွင်မှ

mgyoe.com

mgyoe.com

အငြိးပြေ နားတော်သွင်းပြန်ရ
သီချင်းခံ ထွေထွေပေါင်းငဲ့ပြင်
ရွှေစောင်းသံ သာသာကျူဖို့
ပါရဂူ ထူးပါလှသူမို့
ဦးစလို့ သညာလှုံ
ပညာစုံ ခေါင်ဖုံး။ ။

အိမ်ရှေ့မှာ မွေ့စွာခလို့
ကာလပင် အတန်ဝေးပြန်တော့
မြတ်မြေးတော် ဆက်ခံလျှဉ်းစဉ်က
ထံရင်းဝယ် မှီခိုကာပါ့
ညီသာယာ ဝတီမင်းငဲ့ပြင်
ဝပ်စင်းကာ ပုဂံစိုးတိုင်ထိ
ရှိကျိုးစွာ တပ်တော်စွဲပါလို့
ကသည်းရန် ခွဲလှန်ဘိနိုင်ခဲ့
မဏိပူ အောင်မြေနင်းလို့
ခြေရင်းတော် ဆက်ကာသသူမို့
ဦးစကို အရည်မြင်တော့
တလီပင် ပန်းဝါတိုက်ပြန်ရ
ရန်စတွေ ဖြိုကာခွင်းရှာခဲ့
မင်းမဟာ အမည်ထည့်တဲ့ပြင်
သီရိ ဇေယျာဟု
ရွှေသမ္ဘာ ဝေဖြာတောက်သူက
ချီးမြှောက်ပုံ ကမ္ဘာတွင်လိမ့်
ရာဇဝင် စာတင်မဆုံးနိုင်ဘူး
ခွင်လုံးပိုင် လူ့ဘဝါဘဝတွင်မှ
နပညာ တုယှဉ်စရာ မရတာက
နှစ် နှစ်ရာတိုင်တိုင် ခေတ်ကာလသော်မှ
ပြောပမဆုံး။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# တစ်ပုဒ်တည်းသော သီချင်းခန့်

သုခ

မဟာဂီတဟုဆိုအပ်သော သီချင်းကြီးစုကို သက္ကရာဇ် ၁၂၀၀ ပတ်ဝန်းကျင် တကောင်းခေတ်မှသည် ကုန်းဘောင်ခေတ်အထိ ဂီတကဗျာ အလင်္ကာပညာရှိများက ပြုစု ဖွဲ့ဆိုကြပါသည်။

ဂီတဝိသောဓနီကျမ်းအရ

ကြိုး ၆၈–ပုဒ်

ဘွဲ့ ၅၉–ပုဒ်

သီချင်းခန့် ၃၉–ပုဒ်

ပတ်ပျိုး ၂၀၆–ပုဒ်

လေးထွေသံကပ် ၄–ပုဒ်

လောကနတ် ၂–ပုဒ်

ယိုးဒယား ၆၈–ပုဒ်

တလိုင်း (မွန်) ၁၀–ပုဒ်

(နတ်ချင်းများကား သီးသန့်)

စုစုပေါင်း ၄၅၇–ပုဒ်တွေ့ရပါသည်။

စာဆိုပညာရှင်များမှာ နန်းတွင်းနန်းပြင် မင်းယောက်ျား၊ မင်းမိန်းမ အဆင့်အတန်းအရပ်ရပ်ဖြစ်ကြသည်။

မြဝတီဝန်ကြီးမှစ၍ မြောက်ဘက်တိုက်ဝန် နေမျိုးမဟာကျော်ထင်၊ ပဒေသရာဇာဝန်ကြီး၊ ဆရာနှုန်း၊ ဆရာပန်း၊ မြင်စိုင်းမင်းသား၊ မြင်စိုင်းမင်းသမီး၊ ပြင်စည်မင်းသား၊ ရှေ့တိုက်စာရေး မောင်မင်းအောင်၊ မကွေးဝန်ထောက်မင်း၊ နန်းတွင်းသူ မယ်ခွေ၊ ဗျူသီဆယ့်

mgyoe.com

mgyoe.com

ရွာစား ဦးလွန်းပြေ၊ တဘက်ဆွဲရွာစား မောင်မြတ်ရစ်၊ ဆရာသက်၊ ဆိုင်းဆရာကြီး ဦးယာ၊ စောင်းဆရာကြီး ဒေဝဣန္ဒာ ဦးမောင်မောင်ကြီး၊ ကေတုမတီတောင်ငူမင်း၊ မင်းရဲကျော်စွာ၊ ရှင်ကိတ္တိ၊ ရှင်ဝရ၊ ရှင်လွတ်၊ ဦးအောင်ဒိုး၊ ဇေယျပတော့ အမတ်၊ အချုပ်တိုက်စိုး ဦးကေနောင်၊ ပုခန်းမင်းသား၊ စာဆိုတော် ဦးတရုတ်၊ မင်းကြီးကတော် ခင်ဆုံ၊ စင်တော်ကြီးမင်းသား ဦးသာပြော၊ အနောက် နန်းမတော် မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ တွဲဖက်ရုံးစာရေး မောင်တာ၊ ငယ်တိုးဝန်၊ ပုံ့နင်းကြီး ဦးနေဦး၊ သဘင်ဝန် ဦးကျောက်ခဲ၊ မြင်ကွန်းမင်းသား၊ သူဌေးတန်း မောင်လန်း၊ စာရေးတော်ကြီး ဦးမောင်ကလေး၊ ဦးအုန်းခိုင်၊ နားခံတော်ကြီး ဦးဖြူ၊ နိုင်ငံခြားရေးဝန်ထောက်မင်း ဦးချိမ့်၊ မောင်မောင်ဘော၊ အခွန်တော်စာရေးဦးဆော၊ (နှစ်ဦးအတူ ဖြစ်မည်လားမသိ) ပင်းသာမြို့စား ခင်ဖူး၊ တောင်သမန်လယ်စား ဦးဖေငယ်၊ မြေထဲမြို့အစိုးရင် ဦးလူကြီး၊ စာဆိုတော် မယ်လုပ်၊ စလေဦးပုည၊ ဦးဝိုင်း၊ မတဲ၊ ဝက်မစွတ်မြို့စား မင်းကြီးမင်းထင် မဟာစည်သူဟု ပုဂ္ဂိုလ်ကျော် ငါးဆယ်ခန့်တွေ့ရပါသည်။

ကြိုးသီချင်း ဖ၈–ပုဒ်တွင် ရေးသူအမည် ထင်ထင်ရှားရှားမတွေ့ရ ပဒေသရာဇာ၊ ဆရာနှုန်းနှင့် ဆရာပန်းတို့လောက်သာတွေ့ရ၍ ဘွဲ့သီချင်း ၅၉–ပုဒ်၌ကား ရေးသူစာဆိုရှင် အမည်ခပ်များများကိုတွေ့ရသည်။ မြဝတီဝန်ကြီးမှာ ၂၆–ပုဒ်ရေးသူဖြစ်၍ ဘွဲ့သီချင်း စုစုပေါင်းတွင် တစ်ဝက်နီးပါးရေးသားခဲ့သည်ဟု ဆိုနိုင်ပါသည်။

သီချင်းခန့် ၃၉–ပုဒ်တွင် မြဝတီဝန်ကြီးအမည်ဖြင့် ၇–ပုဒ်မျှ ထင်ထင်ရှားရှား တွေ့ရပါသည်။ သို့သော် ရေးသူအမည်မပါသော သီချင်းခန့်အချို့မှာလည်း မြဝတီဝန်ကြီး၏ လက်ရာများပင်ဖြစ်သည်ဟု ဆိုနိုင်လောက်ပါသည်။

ပတ်ပျိုးသီချင်း ၂၀၆–ပုဒ်တွင် မြဝတီမင်းကြီး၏အမည်ကို ၆၉–ပုဒ်၌ ထင်ရှားစွာ တွေ့ရသော်လည်း နောက်ထပ်ပတ်ပျိုးများမှာ မြဝတီဝန်ကြီးပင် ဖြစ်နိုင်ကောင်းစရာ တွေ့ရပါသည်။ သို့စေကာမူ အမည်ထင်ရှားရှိသော ၆၉–ပုဒ်ဟူသည့် အရေအတွက်ပင် လျှင် ပတ်ပျိုးသီချင်းများ၏ သုံးပုံတစ်ပုံကို မြဝတီဝန်ကြီးတစ်ဦးတည်း ရေးသားခဲ့ကြောင်း သိသာနိုင်ပါသည်။

ယိုးဒယား ၆၈–ပုဒ်တွင်ကား မြဝတီဝန်ကြီးက ၉–ပုဒ်မျှရေး၍ ဝက်မစွတ် ဝန်ထောက်မင်းက အများအပြား ရေးသားကြောင်းတွေ့ရလျက် တလိုင်း ၁၀–ပုဒ်တွင်မူ မြဝတီဝန်ကြီးက တစ်ပုဒ်မျှသာ ရေးသားလျက် ပြင်စည်မင်းသားက ပိုမိုရေးထားကြောင်း တွေ့ရပါသည်။

မည်သို့ပင်ဖြစ်စေ မဟာဂီတသီချင်းစု ၄၅၇–ပုဒ်အနက် မြဝတီဝန်ကြီး၏ ထင်ထင် ရှားရှားလက်ရာဟု ၁၁၂–ပုဒ်တွေ့ရသည်ပင်လျှင် လေးပုံတစ်ပုံနီးပါးရှိနေသောကြောင့်
mgyoe.com

ရွှေတိုက်စာရေးဝင် မဟာဂီတကိုဖော်ပြမည်ဆိုပါက မြဝတီဝန်ကြီး၏အမည်ကို ရှေ့ဆုံးက နေရာပေးရတော့မည်ဖြစ်ပါသည်။

ထိုမျှသာမဟုတ်သေး၊ တေးသီချင်း အကြောင်းအရာနှင့် ပတ်သက်၍ သရုပ်ခွဲကြည့်လိုက်ပြန်လျှင် တောဘွဲ့၊ တောင်ဘွဲ့၊ သပြေလား၊ ရေလား၊ မိုးဘွဲ့၊ အလွမ်းဘွဲ့၊ ထီးဘွဲ့နန်းဘွဲ့၊ အိုးနောင်၊ ရာမ၊ သမုဒ္ဒဃောသ ဇာတ်ကွက်သီချင်းများမှာ မြဝတီဝန်ကြီးတစ်ဦးကသာ အစဉ်အဆက် များများစားစား ရေးသားသီကုံးခဲ့ရလေသည်။

ဘုရင်၏ အမိန့်တော်ကြောင့်သော်လည်းကောင်း၊ မင်းငြိုးမင်းမာန် မင်းပြစ်ဒဏ်ကို မျက်ဖြေအားဖြင့်သော်လည်းကောင်း ရေးသားဆက်သွင်းခဲ့ရသော ဘုန်းတော်ဘွဲ့ (မင်းကြိုက်) သီချင်းများ ရှိတန်သလောက် ရှိခဲ့ပါသည်။ ဤအခြင်းအရာသည်လည်း သက်ဦးဆံပိုင်စနစ် ပဒေသရာဇ်ခေတ်၌ ရှောင်လွှဲမရ ကျင့်သုံးရသော သဘောတရားဖြစ်လေရာ အပြစ်ဆိုလိုသူတို့သည် မိမိတို့ကိုယ်တိုင် ထိုခေတ်သို့ ပြန်သွား၍ လူသားအဖြစ် ကိုယ်ချင်းစာကြမှ မိမိရရသဘောပေါက်နိုင်မည့်အကြောင်းအချင်းတများ ဖြစ်ပါလိမ့်မည်။

မြဝတီဝန်ကြီး၏ စေတနာ၊ ပညာ၊ သဒ္ဓါ၊ ဓမ္မတို့ကို သူ့လက်ရာများအတွင်းက အကဲခတ်လိုက်မည်ဆိုပါလျှင် ထူးမခြားနား အစချီသော သီချင်းခန့်တစ်ပုဒ်တည်းနှင့် သူမတူသော နာမတံဆိပ် ဂုဏ်ဝိသိဋ္ဌကို အတိအလင်းဖော်ပြနေပါသည်။ ငါးဆယ်နှင့်နှင့် ဂီတညဏ်ရှင်ကြသော ပုဂ္ဂိုလ်သူမွန် လူတံခွန်တို့၌ စွယ်တော်ကျောင်းမှ ခြောက်ရောင်မောင်းသော ဘုရားရောင်ခြည်တော်တို့ကို မြဝတီဝန်ကြီးတစ်ပါးသာ ကြုံကြုံကြိုက်ကြိုက် ဦးခိုက်၍ ဖူးလိုက်ရလေသလားဟု ထင်ရှားစရာရှိသည့် တစ်ပုဒ်တည်းသော ဘုရားရှိခိုး သီချင်းခန့်ဖြစ်လေသည်။

ထူးမခြားနား သီချင်းခန့်တစ်ပုဒ်လုံးကို အစမှအဆုံး ပါဠိတစ်ပါဒမှ မရောမယှက်စေဘဲ မြန်မာစကားပြေ သက်သက်မျှဖြင့် ယမကပါဠိဟာရိယ ဘုရားဉာဏ်တော်ကို သီချင်း သွားပြုကာ ဖော်ပြနိုင်စွမ်းရှိသည်မှာလည်း အံ့သြကြည်ညိုစရာကောင်းလှပါသည်။

စာသားသာလျှင် ခေတ်မီဆန်းသစ်သည်မဟုတ်၊ ထူးမခြားနား၏ တေးသွားအဖွဲ့အနွဲ့ကလည်း မဟာဂီတ တစ်အုပ်လုံးတွင် တစ်ပုဒ်တည်းသာရှိသော မူရင်းတီးကွက်တီးလက်ဖြစ်ကြောင်း၊ ဂီတပညာသည်ကြီးတိုင်း သုံးသပ်နိုင်ကြပါသည်။

ဆန်းအထူးထူး၊ ဘုန်းအကြီးဆုံး၊ မှိုင်းအဆန်းဆန်း၊ ရှင်တမြူးမြူး၊ ဖောင်းကလောအင်း-စသော သီချင်းခန့်များကို 'ထူးမခြားနားအလိုက်' ဟု ဖော်ပြရခြင်းသည်ပင်လျှင် မိုးရတုရ၊ စံပြုရသော မြဝတီဝန်ကြီး၏ တီထွင်မှု တီးကွက်အရသာကို ထင်ရှားစေပါသည်။

mgyoe.com

ဗုဒ္ဓပူဇဝန္တ ဂီတများ ရှိသလောက် ရှိကြကြောင်း တွေ့ရပါသည်။ မကွေးဝန်ထောက်မင်းရေးသော 'မာရဝိဇယထွင့်ဘုန်းစည်' အစချီသည့် စွယ်တော်ရောင်ခြည်တော်ဘွဲ့၊ နန်းတွင်းသူမယ်ခွေရေး 'ဇမ္ဗူကျွန်းရင့်သောင်းဒီပါ' အစချီသော မင်းကွန်းဘုရားဘွဲ့ တျာသီချင်း၊ 'တဖုဿငယ်နှင့် ဘလ္လိကာညီနောင်' ဟူသော ရွှေတိဂုံစေတီသမိုင်းဘွဲ့နှင့်၊ 'တရာမင်းများ ဥသျှောင်ကျင်' ဟူသည့် ရွှေတိဂုံထီးတော်ဘွဲ့ သီချင်းတို့မှာ ထူးမခြား သီချင်းခန့်လောက် သဒ္ဒလင်္ကာရ၊ အတ္ထလင်္ကာရ ပြည့်စုံကြွယ်ဝခြင်းမရှိဟု ပညာရှိကြီးများ အဆိုအမိန့်ပြုကြဖူးကြောင်း သိရပါသည်။

ထူးမခြားနား၏ စာသားများကား သဒ္ဒါပသန္န၊ အဘိဝန္ဒနာ စေတနာဇောကို ပြသည်။ ပရိယတ္တိ ဝိသာရဒ ဂန္ထရ ဗဟုသုတစသည် ဥသုံ ပညာဂုဏ်တို့ကိုလည်း ပြသည်။ ထို့ကြောင့် ထူးမခြားနားစာသားကို တီးကွက်နှင့် ကြားနာရသူတိုင်းမှာ ဗုဒ္ဓဘာသာဝင်သာမှန်စေ၊ ဗုဒ္ဓသမုဒ္ဒာန် အာဏာလွှမ်း၍ ထဲဝမ်းစိမ့်စိမ့် ကြက်သီးဖိမ့်မျှ၊ သိမ့်သိမ့်တုန်အောင် ကြည်ညိုစိတ်ပွားရသော တစ်ပုဒ်တည်းသော သီချင်းခန့်ဖြစ်ပေသတည်း။

မဟာဂီတဆိုလျှင် ထူးမခြားနားနှင့် မကင်းနိုင်။ ထူးမခြားနားနှင့် ကင်း၍လည်း မဟာဂီတ မပြည့်စုံနိုင်ဖြစ်ရသောကြောင့် မြဝတီဝန်ကြီးကား စာပေပညာရှိ၊ ဂီတပညာရှိ၊ နိုင်ငံရေးပညာရှိ၊ သေနင်္ဗျူဟာ ပညာရှိမျှသာမဟုတ်ဘဲ ရတနာသုံးပါး၏ ဥပါသကာ ပညာရှိကြီးဟူ၍ပါ သူ့ဂုဏ်တွင် ထပ်လောင်း၍ စုပေါင်းချီးကျူး ကြည်ညိုကြရမည်ဖြစ်ပါ၏။ ။

သုခိအတ္တာနံ ပရိဟရန္တု

mgyoe.com

# ထူးမခြားနား

ဦးသော်ဇင်

(၁)

ထိုနေ့မနက် ရာဇဂြိုဟ်မြို့တွင် အုတ်အုတ်ကျက်ကျက် တစ်ခဲနက်ဖြစ်နေ၏။ ရဟန်းတစ်ပါးကို ကြည့်ရှုငေးမော အံ့သြဝေဖန်နေကြခြင်းဖြစ်၏။

ရဟန်းသည် သပိတ်ကိုပိုက်လျက် ခေါင်းစိုက်ကာ အိမ်စဉ်လျှောက်ပြီး ဆွမ်းခံနေ၏။ ရသေ့ ရဟန်းတို့ မြို့တွင်းဆွမ်းခံဝင်သည်မှာ အဆန်းမဟုတ်ချေ။ နေ့စဉ်နေ့တိုင်း ဝင်ထွက်သွားလာနေကြ၏။ သို့ရာတွင် သူတို့သည် ဤရဟန်းကိုကား အံ့သြဝေဖန်၍ မဆုံးနိုင်အောင် ဖြစ်နေကြ၏။

ရာဟုခံတွင်းမှ လွတ်ကင်းလာသော လမင်းပေလော။

စက္ခုတစ်ထောင် အလင်းဆောင်သော သူဇာသကြား သိကြားပေလော။

လောကကို ဖန်ဆင်းသော မဟာဗြဟ္မာကြီးပေလော။

စင်စစ်မှာမူ လောကအလုံးကို ရွှင်ပြုံးစေနိုင်သော လူသား ရဟန်းတစ်ပါးသာလျှင်ဖြစ်၏။ သူသည် သစ်ခေါက်ဆိုး သင်္ကန်းကို ဝတ်ရုံလျက် အိမ်စဉ်လျှောက်ကာ ဆွမ်းခံနေ၏။ တစ်ဦးတစ်ယောက်တည်းပင်ဖြစ်ပါသည်။ သို့ရာတွင် သူ့အား နောက်လိုက်နောက်ပါ တပည့်လက်သားအများ ခြံရံသွားသကဲ့သို့ထင်ရ၏။ လူတို့သည် သူ့အား ဘယ်သူဘယ်ဝါဟုမသိကြပါ။ ထို့အတူ သူ၏သတ္တိအင်အား စွမ်းပကားကိုလည်း တစိုးတစိမျှမသိကြပါ။ သူ၏ အဝတ်တန်ဆာတို့မှာလည်း အဖိုးထိုက် အဖိုးတန်များ မဟုတ်သည့်အပြင် သူ၏ကိုယ်ခန္ဓာမှာလည်း ပြုပြုပြင်ပြင်မရှိချေ။ သို့ရာတွင် လူတို့သည် သူ့အား ကြည့်၍ အားမရနိုင်အောင် ညွတ်နူးနေကြ၏။

ရာဇဂြိုဟ်ပြည်ကို စိုးမိုးအုပ်ချုပ်မင်းလုပ်သူမှာ ဗိမ္ဗိသာရဖြစ်၏။ သူသည်

mgyoe.com

mgyoe.com

အုပ်ချုပ်သူအနေဖြင့် ပြည်သူပြည်သား လူအများ စိတ်ဝင်စားသော ထိုရဟန်းအား လျစ်လျူရှုမထားနိုင်ချေ။ ဘယ်လိုလူနည်း။ ဤသူ့ကို ဘာကြောင့် လူအများ စိတ်ဝင်စားကြသနည်း။ တိုင်းပြည်၏အကျိုးစီးပွားပြုမည့်လူလော သို့မဟုတ် ဘေးအန္တရာယ်ပြုမည့်လူလော။ ဘာပဲဖြစ်ဖြစ် စုံစမ်းထောက်လှမ်းရမည်ဟု အကြံဖြစ်ကာ မင်းကြီးသည် ကိုယ်ရံတော်တစ်ဦးအားခေါ်၍ အမိန့်ပေး၏။

"ဒီရဟန်းကိုသွားပြီး စုံစမ်းချေ၊ လူတွေကလည်း အခက်သား။ အမေပျောက်လို့ တောင်ရောက်မြောက်ရောက်ဖြစ်နေတဲ့ နွားကလေးကိုတောင် အရေးတကြီး ဝိုင်းကြည့်ချင် ကြည့်နေတတ်ကြတာ။ အေးလေ...ဘာပဲဖြစ်ဖြစ် တို့အနေနဲ့ အမှန်အတိုင်း သိထားဖို့လိုတယ်။ သူတို့ထင်သလို နဂါးပဲဖြစ်ဖြစ်၊ သိကြားပဲဖြစ်ဖြစ် တို့အနေနဲ့တော့ ဘာပဲဖြစ်ဖြစ် စိစဉ်ထားရမှာပဲ။ ကဲ ... ကဲ ... သွားချေ"

ကိုယ်ရံတော်သည် ဘုရင်အား ဦးညွှတ်ဝန်ခံပြီး ထိုရဟန်းနောက် လိုက်သွား၏။ မြို့တွင်းမှာ ရဟန်းတော်မရှိတော့ချေ။ သူသည် ဆွမ်းခံပြီး၍ မြို့ပြင်သို့ ထွက်ခွာသွားလေပြီ။ သို့ရာတွင် လူတို့သည် သူ့အား ကြည့်ရှုငေးမောအံ့သြလိုသော အာသာရမ္မက်မပြေသေးဘဲ ဂယက်ထလျက်ပင်ရှိသေး၏။ ကိုယ်ရံတော်သည် ထိုလူများထံမှ သတင်းယူပြီး နောက် ရဟန်းသွားရာနောက်သို့ အမီလိုက်လေ၏။ မြို့နှင့်အတန်ကွာသော ပဏ္ဍဝတောင်ခြေသို့ ရောက်သောအခါ သစ်ပင်တစ်ပင်အောက်တွင် ဆွမ်းစားနေသော ရဟန်းကို တွေ့ရ၏။ သူလည်း ရဟန်းကို ဖူးတွေ့ရသောအခါ လူအများကဲ့သို့ပင် ညွှတ်နူးသွား၏။

ရဟန်းသည် ငြိမ်သက်စွာ ဆွမ်းစားနေ၏။ သူစားနေသည်မှာ သူ့အတွက် စားနေသည်နှင့်မတူချေ။ ကိလေသာကာမအတွက်သော်လည်းကောင်း၊ ဒေါသမာနအတွက်သော်လည်းကောင်း၊ ထိုင်းမှိုင်းတွေဝေမှုအတွက်သော်လည်းကောင်း၊ စားသုံးနေသည်နှင့် လုံးဝမတူချေ။ မွန်မြတ်သော ဓမ္မတရားအတွက်ဖြစ်ကြောင်း လွယ်လွယ်နှင့် သိနိုင်၏။ သူသည် ဤရဟန်း ဆွမ်းစားသည်ကို မတွေ့ဖူးပါက ကိုယ့်အတွက်စားခြင်းမဟုတ်၊ ဓမ္မတရားအတွက်စားခြင်းကို သဘောပေါက်ချင်မှ ပေါက်မည်။

ကိုယ်ရံတော်သည် သူ့အပါးသို့ နီးကပ်စွာမသွားဘဲ ခပ်လှမ်းလှမ်းကပင် အကဲခတ်ကာ ကြည်ညိုလေးစားနေ၏။ ရဟန်းလည်းဆွမ်းစားပြီးသောအခါ သူ၏တူရူတွင်ရှိသော တစ်ဖက်ဆည်ကန်သို့ သိမ်မွေ့စွာသွားပြီး ဆေးကြောသုတ်သင်နေ၏။

ထိုအခိုက်တွင် ကိုယ်ရံတော်သည် အလျင်အမြန် နန်းဘက်သို့ပြန်၍ ...

mgyoe.com

 mgyoe.com 

မင်းကြီးအား အချိန်မီ လျှောက်တင်ရန်ဖြစ်၏။ ရဟန်းသည် ဤနေရာတွင် ကြာရှည်စွာ နေချင်မှနေမည်။ သူသွားချင်သွားမည်။ နေချင်နေမည်။ ဤအချက်ကို အပြင်အပမှ ဆုံးဖြတ်ရန်မလွယ်ချေ။ သစ်ကိုင်းပေါ်တွင် လွတ်လပ်စွာနားနေသော ရွှေဒေါင်းကို ခန့်မှန်းရန် မဖြစ်နိုင်သကဲ့သို့ပင်တည်း။ သို့ကြောင့် ကိုယ်ရံတော်သည် အုပ်မိစေရန်အတွက် အဆောတလျင် ပြန်သွားခြင်းဖြစ်သည်။

"ဒတ္တ...တွေ့ခဲ့တယ်မဟုတ်လား"

မင်းကြီးသည် ကိုယ်ရံတော်ဒတ္တ၏ အတင်အလျှောက်ကိုပင် စောင့်မနေနိုင်ချေ။ ဒတ္တဝင်လာသည်နှင့်တစ်ပြိုင်နက် ဆီး၍မေး၏။ ကိုယ်ရံတော်မှာ အရေးတကြီး ခရီးပြင်းနှင်လာရသဖြင့် မောဟိုက်နေ၏။

"မှန်လှပါ.. ဘုန်းတော်ကြောင့် ပဏ္ဏဝတောင်ခြေမှာ တွေ့ခဲ့ပါတယ် ဘုရင်မင်းမြတ်"

ဒတ္တမှာ မောဟိုက်နေသဖြင့် စကားဝါကျ အချိုးကျအောင် အတော်ကြိုးစားတင်ရ၏။

"ဘုန်းတော်တွေ ကံတော်တွေကို အသာထားပြီး သူ ဘယ်လိုလူစားလဲဆိုတာသာ တင်စမ်း ဒတ္တ၊ သူ ပဏ္ဏဝတောင်မှာ ဘာလုပ်နေတာလဲ"

မင်းကြီးသည် ဒတ္တအမောဆို့နေသည်ကို အားမလို အားမရဖြစ်နေ၏။

"ဆွမ်းစားနေပါတယ်၊ သူဟာ လူတွေအံ့သြတာထက် ပိုပြီး အံ့သြဖို့ကောင်းပါတယ်"

"ပိုပြီး အံ့သြဖို့ကောင်းတယ်..ဟုတ်လား၊ ဘယ်လို အံ့သြဖို့ကောင်းတာလဲ ဒတ္တ"

"မှန်လှပါ တကယ်ထူးခြားတဲ့ ပုဂ္ဂလဝိသေသလို့ ဆိုနိုင်ပါတယ်"

"ပုဂ္ဂလဝိသေသ..."

"မှန်လှပါ၊ သို့ရာတွင် သူဟာ လောကနှင့် ဘယ်လိုမှ မပတ်သက်ပါဘူး။ လောကအပြင်ဘက်က ထူးမြတ်တဲ့ ပုဂ္ဂလဝိသေသ ဖြစ်ပါတယ်"

"ငါကိုယ်တိုင်သွားတွေ့သင့်တယ်လို့ ဆိုတာလား ဒတ္တ..."

"အကယ်၍ သူနှင့်မတွေ့ပါလျှင် မျက်စိရဲ့ အမြိုက်ရေစင်

mgyoe.com

mgyee.com

(နယနာမတ) ကို ရှောင်ကြဉ်တာနဲ့ ခြားနားမယ်မဟုတ်ပါဘူး ဘုရင်မင်းမြတ်"

"သင်းဖြင့် 'ခုအမြန်ရထားစီစဉ်' လို့ အမတ်ကြီး ဂေါဝိန္ဒကို သွားပြောလိုက်။ နေဦး...သေနာပတိ ဘီမသေနကိုလည်း တစ်ခါတည်း ဝင်ပြောခဲ့။ ကိုယ်ရံတော် တပ်စိတ် တစ်စိတ်ဆိုလျှင် တော်ပြီလို့။ မဟုတ်လျှင် အလကား ကြန့်ကြာနေလိမ့်မယ်"

ဗိမ္ဗိသာရမင်းကြီးသည် ဤကဲ့သို့ တက်တက်ကြွကြွ တစ်ခါမျှမဖြစ်ဖူးချေ။ အချစ်ရေးတွင်ဖြစ်စေ၊ စစ်ရေးတွင်ဖြစ်စေ၊ အခြားမည်သည့်အရေးတွင်ဖြစ်စေ ခပ်အေးအေးပင် နေတတ်သည်။ ခေါင်းအေးအေးနှင့် ဆွေးဆွေးနွေးနွေးလုပ်တတ်သည်။ ယခုမှာ ပျာပျာသလဲ ဖြစ်နေ၍ ဝေဒေဟီမိဖုရားကြီးပင် အံ့အားသင့်နေသည်။ မိဖုရားကြီးသည် သူ့အား တစ်စုံတစ်ရာ မေးမြန်းဆွေးနွေးလိုသည့် အသွင်ကို ပြသော်လည်း သူသည် မိဖုရားကြီးကိုပင် သတိရဟန် မတူချေ။ ပြာသာဒ်ပေါ်မှ တောက်လျှောက်ဆင်းသွား၏။ ဝေဒေဟီသည် သူ့အား ပြုံးလျက်ကြည့်ပြီး "အောက်မှာ ယာဉ်ရထား အသင့်မဖြစ်လျှင် ခက်ကောင်းခက်ရချည်ရဲ့" ဟု စိုးရိမ်လိုက်၏။ သို့ရာတွင် ရထားယာဉ်သာသည် သူနှင့်အတူ တိုက်ဆိုင်လာ၍ တော်ပေသေး၏။

ရဟန်းသည် ရေကန်တွင် ဆေးကြောသုတ်သင်ပြီး၍ တစ်ဖန်သစ်ပင်အောက်သို့ ဝင်ကာ နေ့သန့်စင်နေ၏။ မကြာမီအတွင်းမှာပင် ရာဇဂြိုဟ်မြို့ဆီမှ သူနေရာ ပဏ္ဍဝ တောင်ဘက်သို့လာသော ရထားသံနှင့် မြင်းခွာသံများကိုကြားရ၏။ ရထားတစ်စီးကို မြင်းစီးချင်းများခြံရံလာသော အသံများဖြစ်၍ မင်း သို့မဟုတ် မင်းသားတစ်ပါးပါး တောကစား ထွက်လာခြင်းဖြစ်လိမ့်မည်ဟုထင်သည်။ "သတ္တဝါများ ချမ်းသာကြပါစေ၊ အန္တရာယ် ကင်းကြပါစေ၊ အချင်းချင်းမေတ္တာသက်ဝင်ချစ်ခင်ကြပါစေ" ဟု ရေရွတ်ကာ အတိုင်းမသိသော သတ္တဝါများအား ကရုဏာဖြင့် ထွေးပိုက်ထားလိုက်၏။ ရထားသံ၊ မြင်းခွာသံများကား သူနှင့် မနီးမဝေးတွင် ရပ်သွားလေသည်။

သို့ရာတွင်သူကား မေတ္တာစိတ်လွှတ်လျက်ပင်။

မင်းကြီးသည် ရထားပေါ်မှဆင်းပြီး ရဟန်းအပါးသို့ ရှေးရှုသွား၏။ ယခုအခါ သူ၏အမူအရာမှာ ရှေးကလို မြန်မြန်ထက်ထက်မဟုတ်ချေ။ ခပ်လေးလေး ခပ်အေးအေး နှင့် တွေးတွေးဆဆဖြစ်နေ၏။ နေ့သန့်စင်နေသော ရဟန်းကို သေချာစွာအကဲခတ်ကြည့်သည်။ သူသည် ရှေးအခါက ချစ်ခြင်းမေတ္တာ၏သဘောကိုလည်းကောင်း၊ သနားခြင်း ကရုဏာ၏သဘောကိုလည်းကောင်း၊ နှစ်လိုခြင်းမုဒိတာ၏ သဘောကိုလည်းကောင်း၊

mgyee.com

mgyoe.com
လျစ်လျူရှုခြင်းဥပေက္ခာ၏ သဘောကိုလည်းကောင်း လေ့လာခဲ့ဖူး၏။ ကြံဆခဲ့ဖူး၏။ ပယ်ပယ်နယ်နယ် သဘောမပေါက်ခဲ့ချေ။ ယခုမူ ထင်ရှားစွာတွေ့မြင်နေရ၏။ သူသည်ပင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့၏ ထင်ရှားသော ပြယုဂ်ဖြစ်သည်။ မင်းကြီးသည် သူ့အနားသို့ ဖြည်းညင်းစွာ ချဉ်းကပ်သွားပြီး လေးစားစွာမေး၏။

"ချစ်သား သင်ဘယ်သူနည်း"

"ကျွန်ုပ်သည် ကပိလဝတ်ပြည် သုဒ္ဓေါဒန၏ သားဖြစ်ပါသည်"

"အို... သင်းဖြင့် မဟာမာယာဒေဝီ၏ သားတော် သိဒ္ဓတ္ထ ပေပဲပေါ့"

"မှန်ပါသည် ဘုရင်မင်းမြတ်... ။ ကျွန်ုပ်သည် သိဒ္ဓတ္ထ ဖြစ်ပါသည်"

"ကောင်းပေ့ ချစ်သား၊ သင်၏ကျော်စောတဲ့ ဂုဏ်သတင်းကို ငါတို့မပြတ်ကြားနေရပါတယ်။ လုမ္ဗိနီဥယျာဉ်မှာ ထူးထူးဆန်းဆန်း မွေးဖွားတာကစပြီး လေးတင်ပွဲမှာ အစွမ်းပြလိုက်တာတွေ၊ ပြီးတော့ ဒေဝဒဟမင်းသမီး၊ ယသောဓရာနဲ့ လက်ထပ်တဲ့သတင်းတွေ ပြောစမ်းပါဦး သားတော်...။ အခုဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာပါသလဲ"

"လူ့လောကမှာ အိုခြင်း နာခြင်း သေခြင်းကို မပြတ်တွေ့နေရပါတယ်။ လူတိုင်းပင် အိုမင်းလာကြပါတယ်။ နာဖျားပြီး နောက်သေကြရပါတယ်။ ဒီနေရာမှာနေပါလျှင် အမှန်ပင် အိုနာသေရေးက ပြေးမလွတ်နိုင်ပါ။ သို့ကြောင့် ထွက်ခွာလာခဲ့ခြင်း ဖြစ်ပါတယ် ဘုရင်မင်းမြတ်"

"မအိုတာ မနာတာ မသေတာရှိလို့လား သားတော်"

"အပူရှိလျှင် အအေးဆိုတာလည်း ရှိပါတယ်။ မကောင်းတာရှိလျှင် ကောင်းတာဆိုတာလဲ အမှန်ပင်ရှိသင့်ပါတယ် ဘုရင်မင်းမြတ်"

"သို့ရာတွင် ငါတို့ဟာ သေခြင်းကိုသာ တွေ့နေကြရတယ်"

"သို့ကြောင့် မသေရာကိုရှာဖွေဖို့ ထွက်ခွာလာခြင်းပါပဲ ဘုရင်မင်းမြတ်"
mgyoe.com

 com 

"မကြာမီရက်အတွင်းက ယသောဓရာ သားတော်တစ်ပါး ဖွားမြင်တယ်လို့ ငါတို့ကြားလိုက်ရတယ်။ ဟုတ်ပါရဲ့လား သား တော်.."

"မှန်ပါသည် ဘုရင်မင်းမြတ် သားတော်တစ်ပါး မွေးဖွားခဲ့ ပါတယ်။ သားကလေး၏အချစ်က ပိုလာလို့ အတော်ကြီး ကြိုး စားပြီး ထွက်လာခဲ့ရပါတယ်"

"ချစ်ခြင်းမေတ္တာဟာ ချမ်းသာသုခပင် မဟုတ်ပါလား သားတော်"

"မှန်ပါသည် ဘုရင်မင်းမြတ်၊ သို့ရာတွင် သူတို့ဟာ အမြဲ မတည်ကြပါ။ အစဉ်ထာဝရ ချစ်ခင်နေချင်ပါသော်လည်း သူ တို့ နေကြမယ်မဟုတ်ပါ။ ဒီအခါမှာ ချစ်ခင်စွဲလမ်းသလောက် ပင် ဒုက္ခရောက်ရမှာကိုကြောက်လို့ ထွက်ခဲ့ရပါတယ်"

"တောတောင်ကန္တာရထဲမှာ ချမ်းသာသုခရှိတယ်လို့ ယုံ ကြည်ပါသလား"

"လုံးဝမယုံကြည်ပါ။ တောတောင်ကန္တာရသည် ဆင်းရဲ ဒုက္ခ၏ အထိမ်းအမှတ်ပင်ဖြစ်ပါတယ်။ သို့ရာတွင် ကျော်က် မျက်ရတနာကို ခက်ခဲစွာ တူးဖော်မှရပါတယ်။ ထို့အတူ ဓမ္မ တရားကိုလည်း ခက်ခဲစွာပင် ရှာဖွေရပါမယ်"

"သို့ရာတွင် ချစ်သားကား ငယ်လှပါသေးတယ်။ တော ထွက်ရန် လုံးဝမသင့်လျော်သေးပါ။ ကပိလဝတ် နေပြည် တော်သို့ ပြန်လိုက ပြန်ပါ။ သို့မဟုတ် ဒီနိုင်ငံတွင် စိုးမိုးအုပ် ချုပ် မင်းလုပ်လိုသော်လည်း နေပါ"

"ကျွန်ုပ်သည် နေပြည်တော်သို့ ပြန်ရန်သော်လည်းကောင်း ပဒေသရာဇ်ဧကရာဇ်အဖြစ်သော် လည်းကောင်း၊ ရည်ရွယ်ပြီး တောထွက်လာခြင်းမဟုတ်ပါ။ သို့ကြောင့် ဘုရင်မင်းမြတ်၏ ညွှန်ပြချက်ကို ကျေးဇူးတင်လျက် လက်မခံနိုင်ပါ"

"ကောင်းပြီ..သို့ရာတွင် တရားအထူးကို ဆည်းပူးရရှိပါက ငါ၏နိုင်ငံသို့ ရှေးဦးပထမကြွလာရန် ကတိပြုပါချစ်သား" သိဒ္ဓတ္ထသည် မပြွက်သံခြေ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်လေ၏။

mgyoe.com

(၂)

ထို့နောက် သိဒ္ဓတ္ထသည် ကောသလနှင့် မဂဓတောများတွင် လှည့်လည်ကာ ဓမ္မတရားကို ရှာဖွေနေ၏။ သူသည် ထိုတောများတွင် အာဠာရ၊ ဥဒကနှင့် ကာလာမအစ ရှိသော ရသေ့ကြီးများနှင့် တွေ့ကြုံရင်းနှီးပြီး ဈာန်သမာပတ်နှင့် ပတ်သက်သောအချက် အလက်တို့ကို ဆွေးနွေးအားထုတ်ခဲ့သည်။ ကိလေသာကို နှိပ်စက်တတ်သော ပထမဝီရိယ ဖြင့် သူ၏စိတ်အစဉ်မှာရှိသော ကိလေသာ အနောက်အကျူမရှိအောင် ကြိုးစား၏။ သို့ဖြင့် ဈာန်၏အနီး ဉပစာလောက်ရောက်အောင် သမာဓိရ၏။ အလွန်ကြိုးစားသော ဒုတိယ ဝီရိယဖြင့် ဆက်လက်ကြိုးစားပြန်ရာ ပထမဈာန်မှစ၍ စတုတ္ထဈာန်အထိ အဆင့်ဆင့်ရခဲ့ ၏။ အထပ်ထပ်ကြိုးစားသော တတိယဝီရိယဖြင့် ဆက်လက်ကြိုးစားပြန်ရာ **'ပုဗ္ဗေနိဝါသာ နုဿတိ'** ခေါ် ရှေးဖြစ်ဟောင်း အောက်မေ့နိုင်သော အဘိညာဉ်ရ၏။

ဤဝီရိယသုံးမျိုးကိုလည်းကောင်း၊ မမေ့မလျော့သော သတိကိုလည်းကောင်း၊ လမ်းဖြောင့်လမ်းမှန် ကမ္မဋ္ဌာန်း နှလုံးသွင်းသော ဉာဏ်လည်းကောင်း၊ စွဲမှီ၍ များပြားစွာသော ရှေးဖြစ်ဟောင်း အောက်မေ့နိုင်သော စိတ်တည်ကြည်မှု သမာဓိရသည်။ လွန်ခဲ့သော ဘဝကဖြစ်ခဲ့သမျှကိုလည်း အောက်မေ့နိုင်၏။ ၂–ဘဝ၊ ၃–ဘဝမှ စ၍ ဘဝသိန်းပေါင်း များစွာတို့က တွေ့ကြုံခဲ့သမျှ ပြန်လည်သတိရ၍ အောက်မေ့ဆင်ခြင်နိုင်ခဲ့၏။

> **"သိဒ္ဓတ္ထ၊ သင်ကိုယ်တိုင် တွေ့မြင်ရပြီ မဟုတ်လား၊ သင်၏ ဘဝဖြစ်စဉ်ကိုလည်း သင်ကိုယ်တိုင်တွေ့မြင်နေရပြီ။ သူတစ်ပါးတို့၏ ဘဝဖြစ်စဉ်ကို သင်ကြည့်ရှုဆင်ခြင်နိုင်ခဲ့ပြီ။ ဘဝဆိုတာ အတ္တပဲဖြစ်တယ်၊ အတ္တဟာ အမြဲထာဝရ တည်တယ်၊ အမြဲမနဲ့တူတယ်။ တောင်ထွတ်လို တည်တံ့တယ်။ မြဲမြဲစိုက်ထားတဲ့ တံခါးတိုင်နဲ့တူတယ်။ မြင်းမိုရ်တောင် လ နေ တို့လိုပဲ အမှန်ရှိတယ်။ အိုတယ် နာတယ် သေတယ် ဆိုတာ အတ္တလား၊ မဟုတ်ဘူး၊ အတ္တဟာ ဘယ်တော့မှ မအိုဘူး၊ မနာဘူး၊ မသေဘူး၊ ခန္ဓာအိမ်သာ အိုတယ်၊ နာတယ်၊ အတ္တက အမြဲတည်တယ်၊ ခန္ဓာအိမ်တစ်ခု သေလျှင် တခြားတစ်ခုကို ပြောင်းသွားတာပဲ၊ အမှန်မှာ သူဟာ ပဋိသန္ဓေလည်း မနေဘူး၊ သေလည်း မသေဘူး"**

ရသေ့ကြီးများက သူ့အား လက်တွေ့တရားပြလျက် ရှင်းပြကြခြင်းဖြစ်သည်။ ထိုရသေ့များမှာ သာမညအိပ်ကာ စားကာနေသော ပုဂ္ဂိုလ်များမဟုတ်ကြချေ။ အလွန်

 . com 

ပြင်းထန်သော ယောဂအကျင့်ကိုကျင့်၍ မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ်ဖြင့် ဘဝပေါင်း သိန်းသောင်းကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သူများဖြစ်၏။ သိဒ္ဓတ္ထလည်း သူတို့လိုပင် ခက်ခဲပင်ပန်းစွာ ကျင့်သဖြင့် သူတို့လိုပင် ဈာန်အဘိညာဉ်များရကာ ဘဝပေါင်း သိန်းသောင်းကို မျက်မှောက်ပြုနိုင်ခဲ့၏။ ရသေ့ကြီးများ နှစ်ပေါင်းများစွာ ကျင့်ရသော တရားအကျင့်ကို နှစ်အနည်းငယ်အတွင်းတွင် အမီလိုက်ရသဖြင့် သူတို့ထက် ပင်ပန်းနွမ်းနယ်၏။ အခါ ပေါင်းများစွာ သေပြီဟုပင် ထင်ရလောက်အောင်ဖြစ်ခဲ့၏။ သူ့အား ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမနှင့် အဿဇိတအမည်ရှိသော ရသေ့ ၅–ဦးက အထူးကူညီခဲ့၏။

သိဒ္ဓတ္ထသည် သူတို့ထံမှ ရရှိသော ဓမ္မတရား အားလုံးကို အဆုံးအထိ ဆင်ခြင်သုံးသပ်၏။ ထိုတရားတို့သည် လူ့လောကမှ ဗြဟ္မာလောကအတွင်းမှာသာလျှင် ချာချာလည်၍နေ၏။ သူ၏ဉာဏ်နှင့် သူတို့ဆီကရသော ဓမ္မတရားမှာ ကြီးစွာသောပိုက်ကွန်ဖြင့် သေးငယ်သော ငါးကလေးကို ဖမ်းရသကဲ့သို့ ဖြစ်နေ၏။

တစ်နည်းဆိုရသော် လွန်စွာအားကောင်းသော မီးမောင်းကြီးသည် ကျဉ်းမြောင်းလှသော တိုက်ခန်းတွင် ထွန်းလင်း နေဘိသို့ဖြစ်၏။

တစ်နည်းဆိုရသော် ကြီးထူးကြဲ့ခိုင် ဆင်လည်တိုင်ကို ဖြတ်နိုင်လွှားလွှား သံလျက်ဓားဖြင့် သခွားမျှသာ ဓားငယ်ရာကို ခုတ်ပါချေသော် ဂုဏ်မပေါ်သို့ ဖြစ်နေ၏။

အတ္တဝါဒတွင် ကျေနပ်လောက်သော အနှစ်သာရကိုမတွေ့မြင်သဖြင့် သိဒ္ဓတ္ထသည် သူတို့ထံမှ ဖဲခွာခဲ့၏။ ဥရုဝေလတောအုပ်သို့ ရောက်သောအခါ သူတို့၏ လွန်စွာပြင်းထန်သော ယောဂအကျင့်မှတစ်ပါး သင့်လျော်လျောက်ပတ်သော သူသည် ရက်ပေါင်းများစွာ မအိပ်မနေကျင့်ခဲ့၏။ ယခုအခါမူ နားနားနေနေ အပန်းဖြေ၍ အေးအေးကြည်ကြည် စိတ်တည်တည်ဆင်ခြင်သည်။ ထိုစဉ်အခါက ရက်ပေါင်းများစွာ အာဟာရနှင့် ကင်းကွာစေလျက် ကျင့်ခဲ့၏။ ယခုမူ ထိုထိုမြို့ရွာသို့ ချဉ်းကပ်၍ ဆွမ်းခံပြီး ကိုယ်ခန္ဓာကို မျှတစေ၏။ တစ်နေ့တွင် သေနနိဂုံးသူဌေးသမီး သုဇာတာ၏ နို့ဆွမ်းကိုခံယူပြီး နေရဉ္စရာ မြစ်ကမ်းမှာ ဘုဉ်းပေးမျှတ၏။ ထို့နောက်သူသည် ညောင်ပင်ကြီး တစ်ပင်အောက်သို့ဝင်ကာ မြက်ခင်းပေါ်တွင် ထိုင်လျက် ထွက်သက်ဝင်သက်ကို အာရုံပြုနေ၏။ အလွန်သိမ်မွေ့စွာ ငြိမ်သက်၍နေသောအခါ အဖျက်အဆီးအာရုံများဝင်လာ၏။

ကမ္ဘာ့အလှဒေဝီဟုဆိုနိုင်သော ယသောဓရာဒေဝီ၏ ချစ်စဖွယ်ကောင်းသော အာရုံသည်လည်းကောင်း၊ မွေးဖွားခါစ သားကလေး၏ သနားစဖွယ်ရုပ်ပုံသည်လည်းကောင်း၊ ခမည်းတော်၊ မိထွေးတော်၊ ညီတော်၊ နှမတော်၊ ဥဒါယီစသော မိတ်ဆွေများသည်လည်းကောင်း အရိပ်ပမာ စီရရီပေါ်လာကြသည်။ သားတော်ကလေးသည် ယခုအခါ

mgyoe.com

ဆိုလျှင် ခြောက်နှစ်အရွယ်ဖြစ်၍ လွန်စွာချစ်ဖွယ်ကောင်းပေမည်။ အမေတူကလေးလော (သို့မဟုတ်) အဖေနှင့်တူပေမည်လား။ ငါသည် အကယ်၍ ထွက်မလာခဲ့ပါလျှင် ကေရာဇ် မင်း ဖြစ်နိုင်လောက်ပြီ။ လေးတင်ပွဲတွင် ငါ၏သတ္တိအင်အားစွမ်းပကားကို မြင်တွေ့ကြရ၍ ကမ္ဘာက ငါ့အားလေးစားနေကြ၏။ အခုနေ ငါပြန်သွားလျှင် ဂေါပါ (ယသောဓရာ၏ငယ်မည်) ဘယ်လောက်ဝမ်းသာလိုက်မည်နည်း။

ငြိမ်သက်စွာဖြင့် ထွက်သက်ဝင်သက်ကို အာရုံပြုနေသောအခါ နှောက်ဖြစ်နှောက်ယောင်းတို့ ပြန်ပြောင်း၍ ပေါ်ပေါက်လာ၏။ သူတို့တွေသည် အသက်ရှူမှန်း မသိအောင်ပင် နှောင့်ယှက်နေကြသည်။ သူ၏လက်နက်မှာ ထွက်သက်ဝင်သက်ပင်ဖြစ်၏။ ဤလက်နက်ကလေးဖြင့် ထောင်ပေါင်းများစွာသော ရန်သူအင်အားကို ဖြိုခွင်းတိုက်ဖျက်နေရ၏။ သူသည် အကြိမ်ပေါင်းများစွာပင် အင်အားကြီးမားလှသော ရန်သူ၏အကြားတွင် ချာချာလည်၍သွား၏။ ငုပ်ချည်ပေါ်ချည်ဖြစ်နေ၏။ ပေါ်လာသည်နှင့် တစ်ပြိုင်နက် သူ၏တစ်ခုတည်းသော လက်နက်ဖြစ်သည့် ထွက်သက်ဝင်သက်ဖြင့် ဆက်၍တိုက်၏။ နည်းနည်းကလေး အဆက်ပြတ်လျှင် ချက်ချင်းပင် ရန်သူများဝင်လာကြ၏။ သူတို့သည် အငိုက်ကိုဖမ်းရန် ပတ်ဝန်းကျင်တွင်ရံနေ၏။ သို့ကြောင့်သူသည် သူ၏လက်နက်ကို အဆက်မပြတ်လွှတ်သည်။ ခပ်ပြင်းပြင်း ခပ်တင်းတင်း လွှတ်သည်။ ခပ်မြန်မြန် ခပ်မှန်မှန် လွှတ်သည်။ သူ၏လက်နက်အထွက်မှန်သောအခါ ပတ်ဝန်းကျင်တွင် အငိုက်ဖမ်းရန် ဝန်းရံနေသော အင်အားကြီးမားလှသည့် ရန်သူ့တပ်ကြီး ဆုတ်ခွာသွား၏။ ထိုအခါ သူ၏အောက်မေ့မှုမှာ သမ္မာသတိဖြစ်သွား၍ ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်းဖြစ်ခဲ့၏။ ကိုယ်ကာယလည်း ငြိမ်းချမ်းသွား၏။ စိတ်ဝိညာဉ်လည်း ငြိမ်းချမ်းသွား၏။ ထိုအခါ စိုးရိမ်ပူပန်ခြင်း ကင်းဝေးလျက် ကြံ့ခိုင်သောသမာဓိဖြစ်လာ၏။

သူ၏သမာဓိမှာ ကျောက်တောင်ကြီးသဖွယ် မယိမ်းမယိုင် ကြံ့ခိုင်နေ၏။ ထိုအခါ သူသည် ရန်သူများကို ပြန်၍ခေါ်သည်။ သို့ရာတွင် သူတို့သည် သူ့အား ရန်မမူချေ။ မိမိက ရန်ပြု၍ ရန်သူများ ဖြစ်ရပုံကို ယခုမှ ကောင်းစွာမှန်စွာ သဘောပေါက်၏။ ရေ၏မူလဘူတမှာ ကြည်လင်သော်လည်း နေရာဌာနကြောင့် ပူလောင်နောက်ကျုရ၏။ ထို့အတူ အပြစ်ကင်းစင်သော အာရုံကိုခံယူကာ စိတ်ဝိညာဉ်က ရန်သူအသွင်ဆက်ဆံ၍ ရန်မူခြင်းခံရ၏။ ယခုအခါ အာရုံနှင့် သူသည် အချင်းချင်းကြည်ဖြူနေ၏။ ရွှေပင်နားသောအခါ ရွှေကျေး၊ ငွေပင်နားသောအခါ ငွေကျေးဖြစ်သွား၏။ အာရုံနှင့် သဟဇာတဖြစ်သွားသော အခါ သူရှာဖွေခဲ့သော အိုခြင်း၊ နာခြင်း၊ သေခြင်း၏ အကြောင်းရင်းကိုလည်း ထင်ထင်လင်းလင်းပင် တွေ့မြင်သွား၏။

mgyoe.com

"ဟယ်.. တဏှာဝဍ္ဍကီးလက်သမား၊ သင့်ကို ငါ ရှာသည်မှာ ကြာမြင့်လှလေပြီ။ အခု သင့်ကို ငါတွေ့ရပြီ။ သင် သည် နောက်ထပ်ဘဝသစ်ကို တည်ဆောက်ရတော့မည် မဟုတ် ချေ။ သင်၏ လက်နက်ကိရိယာတို့ကို ငါ ချိုးဖွဲ့ပစ်လိုက်ပြီ။ ယခုအခါ ငါ့စိတ်မှာ အစွဲအလမ်းမရှိတော့ချေ"

သိဒ္ဓတ္ထ ကြွေးကြော် ကျူးရင့်လိုက်ခြင်းဖြစ်၏။ လောကကြီးသည် ဆင်းရဲဒုက္ခ အတိပြီး၏။ မရှိတောင့်တ၊ ရှိကြောင့်ကြရသော ဒုက္ခနှင့် ပြည့်နှက်နေ၏။ အို–နာ–သေ ဒုက္ခ အထပ်ထပ်ဖြင့် ရစ်ပတ်နေ၏။ စင်စစ် ဤဒုက္ခများ ထင်ရှားဖြစ်ရသည်မှာ သူတို့ကို အကောင်းထင်ပြီး ခင်မင်တွယ်တာသော လောဘကြောင့်ဖြစ်၏။ တွယ်တာမက်မောသော လောဘဇောမရှိခြင်းသည် ငြိမ်းအေးလှပေ၏။ လောဘကင်းသော ငြိမ်းချမ်းရေးသည်သာ တကယ့်အစစ်အမှန် ချမ်းသာသုခဖြစ်သည်။ ဤချမ်းသာသည်သာ အေးမြသာယာသည်။ ဤသန္တိသုခဖြစ်သော ချမ်းသာသုခကို ရရှိရန်အတွက် အလွန့်အလွန် ပင်ပန်းဆင်းရဲစွာ သော ယောဂအကျင့်တွေကို ကျင့်နေခြင်းမှာမှားသည်။ ဆင်းရဲရုံသာရှိသည်။ ဘာမျှအကျိုး မရှိချေ။ သန္တိသုခကို မတွေ့ရချေ။ ဘာအကျင့်ကိုမျှ မကျင့်ဘဲ ကာမဂုဏ်အာရုံတို့ကိုသာ ခုံခုံမင်မင် လိုက်စားခံစားနေခြင်းသည်လည်း စက်ဆုပ်ဖွယ်ဖြစ်၏။ မခံစားရလျှင် မနေနိုင် ခြင်း၊ ခံစားရအောင်ကြိုးစားရခြင်း၊ ခံစားပြီးနောက် ပင်ပန်းနွမ်းနယ်ခြင်းတို့သာဖြစ်၏။ အကျိုးမရှိ၊ စက်ဆုပ်ဖွယ်ဖြစ်၏။ သင့်တင့်လျောက်ပတ်စွာ ရှုဆင်ခြင်ခြင်း၊ လုံ့လစိုက် ခြင်း၊ သတိပြုခြင်း စသည်တို့သာ အမှန်အစစ် အေးချမ်းရာဖြစ်၏။

သူ၏ဉာဏ်နှင့် ဆင်ခြင်သော အာရုံမျှတ ညီညွတ်သွားသောအခါ သူ၏ ကိုယ် ရောင်မှာ ထွန်းပြောင်လာ၏။ ကြည်လင် တောက်ပလာ၏။ ဆံ၊ မုတ်ဆိတ်၊ မျက်လုံး၊ မျက်ခုံးစသော ညိုသောနေရာတို့မှာ ပိုပြီးညိုလျက် ညိုရောင်သန်းနေသည်။ အသား အရေတို့သည်လည်း ရွှေဝါရောင် ထွန်းပြောင်နေ၏။ သွားတို့မှာ အဖြူရောင်၊ ခြေဖဝါး၊ လက်ဖဝါး၊ နှုတ်ခမ်းတို့မှ နီတွေးသော အရောင်စသည်တို့ ဝင်းလက်၍ လာ၏။ သူ၏ ကိုယ်စိတ်တို့မှာ ရှေးအခါကနှင့် လုံးဝမတူတော့ချေ။ ထိုအခါ သိဒ္ဓတ္ထသည် သူ၏အမည် နာမကိုလည်း 'တထာဂတ' ဟု ပြောင်းလဲလိုက်၏။ အဓိပ္ပာယ်မှာ သူသည် ရှေးဘုရားများ အလား ထင်ရှားပေါ်ပေါက်လာခြင်းဖြစ်၏။ ရှေးကပွင့်ထွန်းခဲ့သော ဘုရားတို့၏ အဆက် အနွယ်ကို 'ဂေါတမဗုဒ္ဓ' ဟုခေါ်၍ နောင်အခါတွင် ဂေါတမဗုဒ္ဓအမည်ဖြင့် ထင်ရှား၏။ သူသည် မြင့်မြတ်သော ပုဂ္ဂိုလ်တို့သိသော အမှန်တရား ၄–ပါးကို တပည့် ၅–ဦးအား ဟောကြားရန် မိဂဒါဝုန်သို့ ကြွသွား၏။

mgyoe.com

mgyoe.com

မိဂဒါဝုန်သို့ရောက်သောအခါ ဂေါတမဗုဒ္ဓသည် သူ့တပည့် ၅–ဦးအား 'ဘိက္ခု' အမည်ပေးကာ 'ဘိက္ခဝေ' ဟုခေါ်ပြီး သူတွေ့သော အမှန်တရား ၄–ပါးကိုရှင်းပြ၏။ တင်းလွန်းသော ယောဂအကျင့်နှင့် လျော့လွန်းသော ကာမဂုဏ်အကျင့်များ၏ အပြစ်ကို ရှင်းပြ၏။ လက်ဝဲလက်ယာအကာကိုဖယ်ပြီး အဖိုးအနဂ္ဃ ထိုက်တန်သော ကျောက်မျက်ရတနာကို တွေ့ရဘိသို့ အတင်းအလျော့ အကျင့် ၂–ပါးတို့၏ အလယ်ဗဟိုတွင် တည်ရှိသော အမှန်တရားကို မျက်ဝါးထင်ထင် တွေ့မြင်ကြရ၏။ ဗုဒ္ဓသည် မြတ်သောအရိယာတို့ သိရမည့် အမှန်တရား ၄–ပါးကို ညွှန်ပြပြီးနောက် လောကသည် အတ္တမဟုတ်၊ အနတ္တ ဖြစ်ပုံကိုဆက်လက်ရှင်းပြ၏။ ထိုအခါ ဥရုဝေလ ကဿပက စသည်ညီနောင်ရှင်တစ်ထောင်လည်း မြတ်စွာဗုဒ္ဓ၏ထံတွင် တပည့်ခံကာဘိက္ခုလုပ်ကြ၏။ ဗုဒ္ဓမြတ်စွာသည် ဘိက္ခုသံဃ အဖွဲ့ကြီး ဖွဲ့စည်းကာ မိဂဒါဝုန်တောမှာပင် ထိုနှစ်မိုးဥတုကို ကုန်လွန်စေခဲ့၏။ ဝါကျွတ်သောအခါ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းထံ ကတိခံခဲ့သည်ကို သတိရ၍ သံဃာများနှင့် ရာဇဂြိုဟ်သို့ ကြွလေ၏။

(၃)

ဤအခါကား၊ ဟေမာချမ်းဆောင်း
ကြွလဲပြောင်းသား၊ တပေါင်းနွေလ
ဂိမှာနဟု၊ သာလှပျော်မှု
သည်ရတုဌ်၊ ညွှန့်နုစဲစဲ
မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်
တောကုန်အောင်လည်း၊ ပွင့်ရောင်တိချည်း
ဖြင်ပေါမည်း၏၊ ခမည်းတော်ကောင်း
ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ
တောင်းပန်ထွာသည်
သွားခါကာလ တန်ပြီတည်း။

ဥဒါယီသီဆိုသော ကဗျာဖြစ်၏။ ဂေါတမဗုဒ္ဓ ရာဇဂြိုဟ်သို့ ကြွလာသောအခါ ဗိမ္ဗိသာရမင်းကြီးမှာ လွန်စွာရွှင်မြေလျက် ဝေဠုဝန်ကျောင်းတော်ကြီး ဆောက်လုပ်ပူဇော်ပြီး မြတ်နိုးစွာ ကိုးကွယ်ထား၏။ ထိုသတင်းကို ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနကြားသိရသောအခါ ချက်ချင်းပင် အထောက်တော် တမန်တော်များ စေလွှတ်ကာ သူ့

mgyoe.com

mgyoe.com
သားတော်ကို နေပြည်တော်သို့ ပင့်ခေါ်လေသည်။ ၉–ကြိမ်တိုင်မျှ စေလွှတ်သော်လည်း သူ၏သားလည်း မကြွလာ၊ တမန်တို့လည်းပြန်မလာချေ။ တမန်တို့သည် မြတ်စွာဘုရားကို တွေ့လျှင် နောက်ကြောင်းမေ့ပြီး ရဟန်းပြုကာ ရဟန်းတရားနှင့် မွေ့နေကြ၏။ သို့ကြောင့် ဥဒါယီကို ထပ်ပြီးလွှတ်ရပြန်၏။

ဥဒါယီကား သူ့သား သိဒ္ဓတ္ထနှင့် ဖွားဖက်လည်းဖြစ်သည်။ ကစားဖော် ကစားဖက်ငယ်သူချင်းလည်းဖြစ်၏။ ဥဒါယီလည်း ဘုရားနှင့်တွေ့သောအခါ နောက်ကြောင်းကို မေ့သွား၏။ ဥဒါယီသည် မြတ်စွာဘုရားထံ ရဟန်းပြုပြီးနောက် ရဟန်းတရားပြီးမြောက်အောင် အားထုတ်၏။ ရဟန်းတရားအပြီးသို့ ရောက်သောအခါ အပြင်အပလောကကို ရှုဆင်ခြင်မိသည်။ လွန်စွာသာယာ၍ မွေ့လျော်ဖွယ်ကောင်းသော တပေါင်းလရာသီဖြစ်၏။ အအေးလည်းမများ၊ အပူလည်းမများ၊ ဥတုသပ္ပာယမျှတသည်။ တောတောင် ကန္တာရတွင် သစ်ပင်ပန်းပင်များ ရွက်ဟောင်းကြွေ၍ စိမ်းစိုနုမျစ်သော ရွက်သစ်တို့ဝေနေ၏။ မြရည်တွင် နှစ်ထားသလို ဖြစ်နေ၏။ ပုရစ်ဖူးကလေးတို့မှာ မီးကျီးခဲလို နီရဲနေ၏။ သူသည် သာယာသော လောကနှင့်ဆက်စပ်၍ သုဒ္ဓေါဒနမင်းကြီးထံ ကတိခံခဲ့သည်ကို သတိရခဲ့၏။

> ပေါ်လု ပေါ်လု၊ ညွန့်သစ်နုနှင့်
> ရတုသာထွေ၊ နွေကားရောက်ပြီး
> ဆောင်းအပြီးဟု၊ ခရီးလမ်းလျှဉ်
> ခက်ချင်းယှဉ်သား၊ ပင်စည်ဖြူးဖြူး
> ရိပ်စက်ကူး၍၊ ငုံဖူးစီစို့
> တချို့ကားပွင့်၊ ကင်းနှင့်မည်
> မီးလျှံသဖွယ်၊ ဝင်းဝင်းကယ်မျှ
> မြိုင်လယ်ရဲရဲ၊ အခဲခဲတည့်
> တောထဲစုံကောင်း၊ ပန်းအပေါင်းနှင့်
> ရွက်ဟောင်းပင်အောက်၊ ဖူးညှောက်လူလူ
> ထွက်စပြုလျက်၊ ပျံ့ကြူအေးအေး
> လေညင်းသွေးသော်၊ မွှေးမွှေးရဂုံ
> သင်းနံ့ထုံလျက်၊ ပြောစုံခန့်ကျုံး
> ပွင့်ရောင်ဖုံးသည်
> တောလုံး ညွန့်သစ်လှန်ပြီတည်း။

mgyoe.com

သူချီးကျူးဖွဲ့ဆိုနေသော တောသဘာဝ သာယာလှသော ကဗျာဂါထာတို့မှာ တစ်ပုဒ် ၂–ပုဒ်မဟုတ်ချေ။ အပုဒ်ပေါင်း ၆၀–ကျော်ကျော်ရှိ၏။ အရှင်ကောင်းတို့၊ ယခုအခါ တောသစ်ပင်တို့သည် မီးကျီးသဖွယ် ဝင်းဝင်းကယ်လျက်ရှိပါတော့သည်ဟု အစချီလျက် ကဗျာတို့၏အဆုံးတွင် **'ယောကျ်ားမြတ်တို့ ခရီးသွားသည့်အခါဖြစ်သည်'** ဟု နိဂုံး အုပ်ထား၏။ ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရားသည် သူ၏ ဂါထာကဗျာကို အစမှ အဆုံးသို့တိုင်အောင် သေချာစွာနားထောင်ပြီးနောက် ခေါ်၍မေး၏။

**"ဥဒါယီ၊ သင်သည် ခရီးသွားရန် အကြောင်းကို ဘာကြောင့် ချီးမွမ်းနေဘိသနည်း"**

**"မြတ်စွာဘုရား၊ ခမည်းတော်မင်းတရားကြီးနှင့် ဆွေတော်မျိုးတော်တို့သည် မြတ်စွာဘုရားအား ဖူးမြော်ရန် အာသာဆန္ဒ ပြင်းပြ နေကြပါတယ်။ သူတို့အား သနားသဖြင့် ချီးမြှောက်တော်မူပါဘုရား..."**

**"ကောင်းပြီ...ဥဒါယီ၊ ရဟန်းသံဃာတို့အား ခရီးဝတ်ဖြည့်ရန် ညွှန်ကြားလိုက်ပါဘိ...၊ ငါသည် ဆွေတော်မျိုးတော်တို့၏ အလိုဆန္ဒကို ပြည့်ဝစေမယ်"**

မြတ်စွာဘုရားသည် နောက်လိုက်နောက်ပါ ရဟန်းသံဃာအများ ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ခြေလျင်ခရီးဖြင့် ကြွတော်မူလေသည်။ ဥဒါယီကား ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်ခရီးဖြင့် ကြိုတင်သွားနှင့်ပြီးနောက် ဆွေတော်မျိုးတော်တို့အား မြတ်စွာဘုရား ကြွလာပြီဖြစ်ကြောင်း သတင်းကောင်းကိုပြောကြားနှင့်၏။ မြတ်စွာဘုရားကား သဘာဝအားဖြင့် လှပတင့်တယ် ချစ်စဖွယ်ကောင်းသော တောခရီးကို တစ်နေ့ တစ်ယူဇနာကျ ခြေလှမ်းကြွတော်မူ၏။ ရက်ပေါင်း ၆၀–ကြာမှ နေပြည်တော်သို့ ရောက်တော်မူ၏။

ကြိုတင်စီစဉ်ထားသဖြင့် သူတို့၏ ကြိုဆိုပွဲမှာ တစ်ခဲနက်စည်ကားသိုက်မြိုက် လှပါ၏။ နှစ်အတန်ကြာ ပျောက်ကွယ်သွားသော သူတို့၏အချစ်တော်နှင့် တစ်ဖန် တွေ့ဆုံရမည်ဖြစ်၍ အပျော်ဆုံးဟု ဆိုနိုင်ပေသည်။ သို့ရာတွင် သူတို့သည် မြတ်စွာဘုရားအား သိဒ္ဓတ္ထမင်းသားအဖြစ်ဖြင့် တွေးထင်သိမြင်နေကြသည်။ သိဒ္ဓတ္ထသည် သူ့ကိုယ်သူ ဂေါတမဗုဒ္ဓဟု ကြေညာပြီး၊ အသက်ဂုဏ်ဝါ သိက္ခာကြီးသူများကို ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်းမရှိဟု ကြားသိထား၏။ သကျမျိုးတို့၏ ထုံးတမ်းစဉ်လာမှာ ကြီးသူကို ငယ်သူက အစဉ်အတိုင်းရိုသေလေးစားရသည်။ သူသည်အကယ်၍ အစဉ်အလာကို

mgyoe.com

ဖောက်ဖျက်ခဲ့ပါသော် မခက်ပါလောဟု တွေးထင်ယူဆလျက် သူတို့သည် အစီအစဉ် တစ်ရပ်ကို သဘောတူဆုံးဖြတ်ချမှတ်ထားလိုက်ကြ၏။ ထိုအစီအစဉ်မှာ ဧည့်ခံကြိုဆိုပွဲတွင် သိဒ္ဓတ္ထမင်းသားထက် ကြီးသူများ နောက်ဆုံးက နေကြရန်ပင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရား ၏ ထံပါးတွင် လူငယ်လူရွယ်များသာ ရှိကြသည်။ ဗုဒ္ဓမြတ်စွာကား သူတို့အကြောင်းကို ကောင်းစွာသိထား၏။

**'သူတို့သည် အချည်းနှီး အသက်ကြီးခြင်းဖြင့် ငါ့ကို ဦး မညွတ်ချင်ကြပေ။ စင်စစ်သူတို့သည် ဗုဒ္ဓဆိုသည်မှာ ဘယ် လို၊ ဗုဒ္ဓ၏ တန်ခိုးတေဇော် အာနုဘော်မှာ ဘယ်ပုံဟု မသိကြ သောကြောင့် ဖြစ်သည်၊ ဗုဒ္ဓဆိုတာ ဘယ်လိုဟု သိစေမှဖြစ် မည်'**

မြတ်စွာဘုရားသည် ဤသို့စဉ်းစားပြီးလျှင် ကောင်းကင်ပြင်တွင် ရတနာစင်္ကြံကို ဖန်ဆင်းလိုက်ပြီးနောက် စင်္ကြံပေါ်တက်ကာ သူတို့ခေါင်းပေါ်တွင် စင်္ကြံသွားနေ၏။ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးစံပယ်လျက် ရတနာစင်္ကြံတွင် စင်္ကြံသွားနေသည်မှာ အဘယ်မျှတင့်တယ်မည်နည်း။ ဤ အတွင်းတွင် ဗုဒ္ဓသည် သူ၏ကိုယ်မှ မီးရေအစုံစုံသော ယမကပြာဋိဟာကို ပြတော်မူ၏။

**ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား**

ကိုယ်တော်၏ အထက်ပိုင်းမှ မီးလျှံထွက်လျက်၊ တစ်ချိန်တည်းပင် အောက်ပိုင်းမှ ရေလျှံထွက်နေသည်။ တစ်ဖန် ပြောင်းလဲသွားပြန်သည်။ အောက်ပိုင်းမှ ရေလျှံထွက်လာပြီး အထက်ပိုင်းမှ မီးလျှံထွက်လာ၏။ မီးနှင့်ရေမှာ နှစ်မျိုးစုံပြိုင်လျက် တစ်ပြိုင်နက်ထွက်နေ ၏။ ထိပ်တန်းစား ယောဂီရသေ့ရဟန်းတို့သည် မီးသက်သက်၊ ရေသက်သက်ထွက်နိုင် သော်လည်း ဤကဲ့သို့ မီးနှင့်ရေပြိုင်လျက် ဘယ်သူမျှမထွက်နိုင်ချေ။ ဗုဒ္ဓမြတ်စွာဘုရားသာ လျှင် ထွက်နိုင်သော ယမကပြာဋိဟာဖြစ်၏။

**ပြောင်းလို့လို့များထွေ...၊ ထူးထွေထည့်**
**အံ့ရာသော်..၊ ရွှန်းရရွှန်းလင်း၊ စိမ်းပြာဖြူဝင်း**
**နေရောင်ခြည်လင်း၊ ထွန်းလို့လို့ရွှန်းဝေ၊**
**များထွေတည့် အံ့ရာပင်...၊**

မီးနှင့်ရေတို့သည် တစ်သမတ်တည်းထွက်မနေကြချေ။ ဘယ်ညာပြောင်းလျက် ထွက်နေကြ၏။ ရှေ့ဘက်မှမီး နောက်ဘက်မှရေ၊ တစ်ဖန်ပြောင်းသွားပြန်၏။ နောက် ဘက်မှမီး၊ ရှေ့ဘက်မှရေ။ ပြောင်းသွားပြန်သည်။ ညာဘက်မျက်လုံးမှမီး၊ ဝဲဘက်မျက်လုံး

mgoe.com

mgyoe.com

မှ ရေ၊ ဝဲဘက်မျက်လုံးမှ မီး၊ ညာဘက်မျက်လုံးမှ ရေ။ ညာဘက်နားမှမီး၊ ဝဲဘက်နားမှ ရေ။ ဝဲဘက်နားမှ မီး၊ ညာဘက်နားမှ ရေ။ ညာဘက်နှာခေါင်းမှ မီး၊ ဝဲဘက်နှာခေါင်းမှ ရေ။ ဝဲဘက်နှာခေါင်းမှ မီး၊ ညာဘက်နှာခေါင်းမှ ရေ။ ထို့အတူ လက်ချောင်း၊ ခြေချောင်း ဝဲယာတို့မှလည်း မီးနှင့်ရေ တူစုံထွက်လျက် ပြောင်းလျက်နေ၏။

ဘုန်းတန်ခိုးလဲ၊ နှိုင်းဆိုရာဘဲ၊ တူမည်မှာလဲ၊ ရဲရဲ
ဝင်းပြောင်၊ နေမင်း လမင်း–သိန်းရာထောင်၊ ရည်ဆောင်
ပြိုင်ခိုင်း၊ နှိုင်းရာတူဘဲကို ဖြူနီညိုပြာ၊ ထွေလာတည့်
ထူးထူးဆန်း၊ ထူးထူးဆန်း၊ တေဇာရောင်ထွန်း၊ ရွှန်းရ
ရွှန်းမြိုင် ဖြာဖြာဝေ မြိုင်စိုးပိုင်။

ယမကဆိုသည်မှာ အစုံအစုံဖြစ်၏။ သူ၏အစုံအစုံမှာ မီးနှင့်ရေ ဆန့်ကျင်ဘက် အစုံဖြစ်၍ တန်ခိုးပြာဋိဟာဖြစ်၏။ ဆန့်ကျင်ဘက် ၂–ခုဖြစ်သော မီးနှင့်ရေကို တစ်ပြိုင်နက်အတူ ထုတ်၍ပြသခြင်းဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် ရတနာစင်္ကြံတွင် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်စွာ စင်္ကြံသွားလျက် မီးရေအစုံအစုံတည်းဟူသော ယမက ပြာဋိဟာ ပြတော်မူ၏။ ထိုအခါ ဗြဟ္မာနတ်လူ အဘယ်သူမျှ ဦးမညွတ်ဘဲ မနေနိုင်ကြချေ။ ခမည်းတော် သုဒ္ဓေါဓနမင်းကြီးကစ၍ ရှိသေညွတ်ကျိုးလက်စုံမိုး၍ ရှိခိုးပူဇော်ကြလေသည်။

ရှင်ရင်းမြတ် စကြာမွန်ငယ်ကိုလေ၊
တင်ထိပ်ဦး စုံဖူးတည့်ရှိကြောင့်။ ။

mgyoe.com

mgyoe.com

# ထူးမခြားနားအဖြေ

စတုရဂီဇလ မြန်မာပညာရှိမင်း-ဦးဘေ

မြဝတီမင်းကြီးရေးသားသော
ယမိုက်ပြာဋ္ဌိဟာ ဘွဲ့သီချင်းခံလတ်

ထူးမခြားနား၊ မီးရေစုံသွား၊ ရောင်တော်ထွေဖျား၊ ပြောင်းလို့လို့များ၊ ထွေ ထူးထွေ တည့်အံ့ရာသား။ ရွှန်းရ ရွှန်းလင်း၊ စိမ်းပြာဖြူဝင်း၊ နေရောင်ခြည်လင်း၊ ရွှန်းလို့ လို့မှိုင်းဝေ၊ ရွှန်းဝေတည့် ပွင့်လိုင်ကြူ၊ ဘုန်းတန်ခိုးလည်း၊ နှိုင်းဆိုရာဘဲ၊ တူမည်မှာလည်း၊ ရဲရဲရွှန်းပြောင်၊ နေမင်းနေမင်း သိန်းရာထောင်၊ ရည်ဆောင်ပြိုင်ခိုင်း၊ နှိုင်းရာတူဘဲကို။ ဖြူ နီညို ပြာ၊ ထွေလာတည့် ထူးထူးဆန်း၊ ထူးထူးဆန်း၊ တေဇာ ရောင်ထွန်း၊ ရွှန်းရ ရွှန်းလိုင်၊ ဖြာဖြာဝေမြိုင်၊ စိုးပိုင်၊ မပြိုင်တူဝေး၊ နှိုင်းရာယှဉ်လေး၊ နေမတည်ရေး၊ ဘုန်းမွေး ရွှန်းပြောင်၊ မြူမှောင်တည့် ပယ်ခွာ၊ ကြေညာလင်းပွင့်၊ ထွန်းဝင်း ထွန်းဝင်း၊ တေဇော် တေဇော်၊ စွယ်တော် စွယ်တော်ကျောင်းက၊ ခြောက်ဖြာရောင်ခြည်၊ လွှတ်သည်နှင့်သာ၊ သုံးပါးလောက၊ ငြိမ်းရေး ငြိမ်းရေး၊ ကယ်ယူ ကယ်ယူ၊ ဉာဏ်ပန်း ဉာဏ်ပန်း မွေးလိုင်ကြူ၊ မဋ္ဌူမှန်ကင်း၊ ထွန်းရောင်ဝါလင်းရှင်၊ တေဇာရှင်ရှင်၊ ပေါ်ထင်တည့် လျှမ်းလျှမ်းဖြိုး၊ အာဏာကျော်ဟိုး၊ ဘုန်းတန်ခိုးရောင်၊ ဝေဝေရွှန်းပြောင်၊ သိန်းထောင်အခါဉာဏ်ပန်း၊ ထွန်းရောင်ဝါရွှန်း၊ ဇေတဝန်နန်း၊ ခြားသန်းလေသာ၊ ဆောင်စည်တည့်လည်ချာ၊ ဘုံသာနန်းက၊ ထွန်းလင်းထွန်းလင်း၊ တေဇော် တေဇော်၊ ရောင်တော် ရောင်တော် ရောင်တော်

mgyoe.com

ဖြိုးမြင့်၊ အံ့ဖွယ် သာသာလေ။ ဆင့်ကာမြင့်ကာပုံ။ ရှင်ရင်းမြတ်
သကျာကိုလေ၊ တင်ထိပ်ဦးသည်၊ စုံဖူးတည့်ရှိကြောင်း။ ။

အထက်ပါသည့်အတိုင်း ရှေးပုရပိုက်မူ၊ ပေစာမူများမှာရှိသည့်အတိုင်း မူဟောင်းဖြစ်သည်။ ယခုအခါမူများနှင့် အနည်းငယ်ခြားနားသည်။

ဤသီချင်းကို မြဝတီမင်းကြီးရေးသည်ဟူ၍ ဝက်မစွတ်ဝန်ထောက်မင်း၏ လက်ကိုင် သီချင်းပေါင်း လက်ရေးစာအုပ်နှင့် တွေ့သည့်အတိုင်း မြဝတီမင်းကြီးရေးသားသော ယမိုက်ပြာဋိဟာဘွဲ့ သီချင်းခံလတ်ဟူ၍ စာဦးစာခေါင်းတင်မှတ်သည်။

မည်သည့်မင်းလက်ထက် မည်သည့်သက္ကရာဇ်၌ ရေးသားသည်ဟု စာဟောင်းစာတမ်း မရေးထားသည်ဖြစ်၍ ယခုအခါ ဤထူးမခြားနားသီချင်းကို သန္နိဋ္ဌာန်ကျမသိနိုင်ချေ။ မြဝတီမင်းကြီးမရေး၊ အလွန်ဟောင်းလျက် ရှေးကျလွန်းသော သီချင်းဟူ၍ ပုံနှိပ်စာအုပ်များ၌ ရေးသားကုန်၏။

ဤသီချင်း၌ (ဇေတဝန်နန်း၊ ခြားသန်းလေသာ၊ ဆောင်စည်တည့် လယ်ချာ) ဟူ၍ ပါရှိသည်။ နန်းတော်၌ ဇေတဝန်ဆောင်၊ လေသာဆောင်များသည် အလွန်ရှေးကျသော နန်းတော်များ၌ ရှိအံ့မထင်။

အမရပူရ ပထမမြို့တည်နန်းတည် မင်းတရားလက်ထက်သက္ကရာဇ် ၁၁၄၅–ခုနှစ်၊ ဇေယျာသခ်ယာစီရင်သော ရွှေဘုံနိဒါန်းကျမ်း၌ (တကောင်းသရေခေတ္တရာ၊ ပုဂံ၊ မြင်းစိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ ဟံသာဝတီ၊ မုတ္တမပြည်ကြီးများမှာ ယခု ရွှေဘုံရွှေနန်းကဲ့သို့ ကြီးကျယ်သည်မဟုတ်။ ရွှေနန်းကြော့ရှင် နရပတိ၏ နန်းတော်လည်း အကြီးအကျယ်မဟုတ်) ဟူ၍ ပါရှိသည်။

နန်းတော်ဟူသော ဝေါဟာရစကားသည်လည်း ပုဂံပြည်၌ သက္ကရာဇ် ၆၁၇–ခုနှစ်၊ နန်းတက်သော နရသီဟပတိမင်းသည် မင်္ဂလာစေတီတော်သို့ ဓာတ်တော်ဌာပနာအံ့သောငှာ ထွက်တော်မူသောအကြောင်းကို မင်္ဂလာစေတီတော်ကျောက်စာ၌ –

(အိမ်တော်ကသည် ကောင်းမှုတော်သို့သွားခြင်းသဘင်ကား) ဟူ၍ ပါရှိသည်ကိုထောက်၍ ထိုအခါ ကာလ၌ (နန်းတော်) ဟူသော ဝေါဟာရမရှိသေး။ (အိမ်တော်) ဟူသော ဝေါဟာရသာ ရှိသေးသည်။

ပုဂံပြည်၌ သက္ကရာဇ် ၅၃၆–ခုနှစ်၊ နန်းတက်သော နရပတိစည်သူမင်းလက်ထက် အနန္တသူရိယဆက်သော စာ ၄–ပိုဒ်တွင် (ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်) ပါရှိသည်မဟုတ်လောဟု စောဒနာအံ့။ ထိုစကားသည် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့လက်ထက် ပျို့ကဗျာများကဲ့သို့ ရှိချေ၏။ သက္ကရာဇ် ၅၀၀ ကျော်က

mgyoe.com

. com
စကားမဟုတ်ချေ။ ရှေးစကား၏ အဓိပ္ပာယ်ကိုယူ၍ နောက်ကာလ ကဗျာဆရာတို့ စီကုံးရေးသားထားသော လင်္ကာဖြစ်လိမ့်မည်ကို ကျောက်စာစသော ရှေးဝေါဟာရများကို လိုက်စား သော ပုဂ္ဂိုလ်ဟူသမျှတို့ မှတ်ယူဆုံးဖြတ်ရာသည်။ ရှေးကျောက်စာများ၌ အချို့သော စကားများသည် မြန်မာစကားမဟုတ်သကဲ့သို့ ထင်ရ၏။ ကံကတ္တားကိုပြသော ယခုကာလ ဝိဘတ်သွယ်ကဲ့သို့မဟုတ်။ ဝိဘတ်သွယ်တစ်မျိုးဖြစ်၏။

ပုဂံမြို့ တက်နွဲကျောင်းကျောက်စာ၌ –

**(သက္ကရာဇ် ၇၈၈ နယုန်လဆုတ် ၁၀–ရက် ကြာသပတေးနေ့ နက်သတ် ၂၆ သောတွင် ဘုန်းတန်ခိုးကျက်သရေ အလုပ်အကြံနှင့် ပြေည်ာလတ်ရုံမ်အင်ခပ်သိမ်စုံသောကြောင့် အဝေမေည်သော ရွှေနန်းကို တက်တော်မူ၏)** ဟူ၍ ပါရှိသည်။

ထိုသက္ကရာဇ်ခေတ်ကာလ၌ နန်းတော်ဟူသောစကား ထင်ရှားလျက်ရှိသည်ကို သိအပ်၏။ အမရပူရမြို့တည် မင်းတရားကြီးသည် အမရပူရမြို့ကို တည်တော်မူသောအခါ ရှေးရှေးသော မင်းတို့လက်ထက် မြို့တော်၊ နန်းတော်၊ ရာဇပလ္လင်၊ ထီးဖြူစသော မင်းတို့၏ ကိရိယာများသည် အချို့နည်းယူ လောက်အောင်မရသောကြောင့် သာသနာပိုင်ဆရာတော်ထံ စေလွှတ်လျှောက်ထား၍ ကျမ်းဂန်ထုံးစံများနှင့်အညီ စာသွင်းရသောအရာများသည် ပဥ္စက္ကမဒီပနီအမေးတော်ပုံကျမ်း၌ များစွာပါရှိသည်။ သို့ဖြစ်သောကြောင့် နောက်ကာလ၌ မြို့တော်၊ နန်းတော်စသော အရာများသည် တိုးတက်ခမ်းနား ကျယ်ဝန်းတင့်တယ် ကောင်းမွန်လာသည့်အရာ သိသာ ထင်ရှားသည်။

သို့ဖြစ်၍ ဇေတဝန်ဆောင်၊ လေသာဆောင်စသော နန်းဆောင်များသည် အလွန်ရှေးမကျလွန်းသောကြောင့် ထူးမခြားနားသီချင်းသည် အလွန်ဟောင်းသော ရှေးအလွန်ကျသော သီချင်းဟူ၍ မုချဆိုနိုင်ရန် ခဲယဉ်းသကဲ့သို့ ရှိချေသည်။ ဤသို့ပြဆိုခဲ့သည့်စကားကို သုတပညာပွားစေခြင်းငှာ ရေးသားလိုက်ရပေသတည်း။

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ် (ယမကပါဠိဟာ) ဉာဏ်တော်တန်ခိုးပြာဋိဟာ ရေမီးအစုံပြတော်မူသည်နှင့် ထူးခြားကွဲလွဲခြင်းမရှိ၊ အံ့ဩဖွယ်တန်ခိုးပြာဋိဟာပြတော်မူသည်ဖြစ်သဖြင့် **(ထူးမခြားနား၊ မီးရေစုံသွား၊ ရောင်တော်ထွေဖျား၊ ပြောင်းလိုလိုများ၊ ထွေ၊ ထူးထွေတည့် အံ့ရာသား)** ဟူသောပုဒ်ဖြင့် ကိုယ်တော်တိုင် ပြတော် မူသည်နှင့် မထူးမခြားမနား၊ တစ်ထပ်တည်းရှိသည်ကိုပြ၏။ ဤသို့အဓိပ္ပာယ်ယူ – **(မီးရေစုံသွား၊ ရောင်တော်ထွေဖျား၊ ပြောင်းလို့လို့များ၊ ထွေ၊ ထူးထွေတည့် အံ့ရာသား)** ဟူသောစကားများကို ရှေးဦးဖျားထား၍ ထူးမခြားနား
mgpe.com

ဟူသော ကြိယာပုဒ်ကို နောက်၌ထားသင့်သည် မဟုတ်ပါလောဟူမူကား – (နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ) ဟူသော ပါဠိ၌ (နမော) ဟူသော ကြိယာသဒ္ဒါကို ရှေးဦးစွာထားသကဲ့သို့ ထူးမခြားနားဟူသော ကြိယာပုဒ်ကို ထားသည်ဟု မှတ်အပ်၏။

ထို့ပြင်လည်း (မီးရေစုံသွား) စသော ပုဒ်တို့သာပါရှိသည်။ (မြတ်စွာဘုရားသည်) ဟူသောစကား ရှိသင့်သည်ဖြစ်လျက် အဘယ်ကြောင့် မြတ်စွာဘုရားသခင်သက်တော် ထင်ရှားရှိတော်မူစဉ် ယမကပါဋိဟာရိယဉာဏ်တော် တန်ခိုးပြာဋိဟာ ရေမီးအစုံပြတော်မူသည်ဟူ၍ ထည့်သွင်းဖွင့်ဆိုပါသနည်းဟူမူကား – ကတ္တားပုဒ်၊ ကြိယာပုဒ်များကို မပါစေဘဲ ဝှက်ခြင်းသည် ဂုဠှာလင်္ကာရနည်းဖြစ်သည်။ သရသွတီကဏ္ဍာဘရဏမည်သော သက္ကတ အလင်္ကာကျမ်း၌ဆို၏။ ထို့ကြောင့် ဤကဗျာ၌ ကတ္တားပုဒ်ကို ဝှက်၍စပ်ဆိုရကား၊ ဂုဠှာလင်္ကာရနည်းဟု မှတ်အပ်၏။ မြန်မာပျို့ကဗျာများ ရေးသားရာ၌ ကာရက ကြိယာအစုံ မပါ၊ ကွယ်ဝှက်သောအရာများသည် သီချင်းကဗျာများမှာ အထူးသဖြင့် အသံနေအသံထား၊ ဂရုလဟုအရပ်ရပ်၊ အတော၊ စည်းကမ်းများရကား ကာရကကြိယာ အဓိပ္ပာယ် ရှေ့နောက် အစဉ်အလာ အနေအထား တိမ်မြုပ်သကဲ့သို့ဖြစ်၍ အဓိပ္ပာယ် အယူအဆခက်လေသည်။

ဤကဗျာကို မြဝတီမင်းကြီးသည် ဘုရားရှင် တန်ခိုးပြာဋိဟာပြသည်ကို ကိုယ်တိုင်မမြင်ရ မဖူးရသည်ဖြစ်လျက် အဘယ်ကြောင့်ဤသို့ (ထူးမခြားနား) ဟု ဆိုပါ သနည်းဟူမူကား အဋ္ဌသာလိနီအဋ္ဌကထာ ရောင်ခြည်တော်ဖွင့် ဗုဒ္ဓဝံသအဋ္ဌကထာ ယမက ပါဋိဟာရိယ ဉာဏ်တော်အဖွင့်စသည်တို့၌ ရောင်ခြည်တော်ခြောက်ပါးထွက်ပုံ၊ တန်ခိုး ပြာဋိဟာ ပြပုံများကို မိန့်လျက်ရှိသည်။

ထိုကျမ်းဂန်တို့၌ သက်ဝင်နိုင်ခြင်း၊ ပဋိဘာန်ဉာဏ်ရှိခြင်းကြောင့် ဆိုသတည်း။ အချို့သောဆရာတို့သည် (ထူးမှခြားနား) ဟူ၍ အဓိပ္ပာယ် ကြံဆပြောဆိုကြကုန်သည်။ ထိုဆရာတို့၏ အယူဝါဒပင်ဟု သိအပ်ကုန်၏။

(မီးရေစုံသွား) ဟူသည်ကား မြတ်စွာဘုရားသခင်၏ တေဇောကသိဏ်း ကောင်းစွာဖြစ်သည်၏ သမာပတ်အစွမ်းဖြင့် အထက်ကိုယ်တော်မှ မီးအလျှဉ်၊ အောက်ကိုယ်တော်မှ ရေအလျှဉ်ဟူသော မီးရေအစုံဖြစ်၏။ သည်ကိုရည်၍ (မီး ရေ စုံသွား) ဟူသော စကားကို ဆိုသတည်း။ ထို့ကြောင့် ဗုဒ္ဓဝံသအဋ္ဌကထာ၌ –

(တဿပနဘဂဝတော တေဇောကသိဏသမာပတ္တိ
ဝသေန ဥပရိမကာယတော အဂ္ဂိခန္ဓောပဝတ္တိ တိ၊

mgyoe.com

mgyee.com

အာပေါကသိဏ သမာပတ္တိဝသေန ပဟဋ္ဌမကာယတော
ဥဒကဓာရာပဝတ္တိတိ၊ ပုနဥဒကဓာရာယပဝနတ္တာ
ဌာနတော အဂ္ဂိခန္ဓော ပဝတ္တိတိ)

ဟူ၍မိန့်အပ်၏။

ရောင်တော်ထွေဖျား၊ ပြောင်းလို့လို့များ – ဟူသည်ကား ကိုယ်မှထွက်သော မီးအလျှံ၊ အရောင်အဝါ၊ နီလပီတစသော ခြောက်ပါးသောရောင်ခြည်တော်တို့၏ အရောင်အဝါတို့သည် အထက်အဇဋ္ဌာကာသ၊ အနန္တစက္ကဝါတို့ကို အထွေထွေ အထူးထူးပျံ့နှံ့၍ နေလနက္ခတ်တာရာရောင် နတ်ဗြဟ္မာတို့၏ အရောင်အဝါစသည်တို့ထက် ကဲလွန်၍ အထွတ်အဖျားဆုံးဖြစ်၏။ ထိုအရောင်တို့သည် တစ်ခုမှတစ်ခုသို့ အကြိမ်ကြိမ်ပြောင်းလဲ၍ များစွာဖြစ်သည်ကို ရည်၍ရောင်တော်ထွေဖျား၊ ပြောင်းလို့လို့များ ဟူသော စကားကို ဆိုသတည်း။ (ထွေဖျား) ဟူရာ၌ (ဖဦးထုပ်ယပင့်) နှင့်ရှိစေရမည်။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ –

ဇတ္တကေသု ဌာနေသု စန္ဒပဘာနတ္ထိ၊ သူရိယေ၊ သူရိယပဘာ နတ္ထိ၊ ဒေဝတာနံဥယျာန ဝိမာန ကပ္ပရုက္ခေသုစေဝ၊ သရီရေသုစ၊ အာဘရဏေသုစာတိ၊ သဗ္ဗတ္ထပတာနတ္ထိ၊ တိသဟဿမဟာသဟ ဿိလောကဓာတုယော၊ အာလောကဖရဏသမတ္ထော၊ မဟာ ဗြဟ္မာ ပိ သူရိယုဂ္ဂမနေခဇ္ဇော ပနကောဝိယ၊ အဟောသိ၊ စန္ဒ သူရိယ ဘာရက ရုပ ဒေဝုယျာန ဝိမာန ကပ္ပရုက္ခနိ ပရိစ္ဆေဒ မတ္တက မေဝပညာယိတ္ထ

ဟူ၍မိန့်အပ်၏။

အဓိပ္ပာယ်ကား ဤရောင်ခြည်တော် ပြန့်နှံ့ရာ ဌာနတို့၌ လရောင် နေရောင် နတ်တို့၏ ဥယျာဉ်ဗိမာန် ပဒေသာပင်တို့သည်လည်းကောင်း၊ အရောင်အဝါမရှိ၊ တိသဟဿ မဟာသဟဿီ၊ လောကဓာတ်တို့ကို အရောင်ဖြင့် ပြန့်နှံ့ခြင်းငှာ စွမ်းနိုင်သော မဟာ ဗြဟ္မာသည်လည်း နေထွက်သောအခါ၌ ပိုးမြေမြှုးရောင်ကဲ့သို့ဖြစ်၏။ လ နေ နက္ခတ် တာရာတို့၏ အဆင်းအရောင်များသည်လည်း မိမိတည်ရာဌာန အပိုင်းအခြားမျှသာ ထင်ကုန် ၏ဟု ဆိုလိုသည်။

ထူး မ ခြား နားမှစ၍ အံ့ရာသား–တိုင်အောင် အားကာရန် ၅–ချက်ညီထားသည်။ ထို့ကြောင့် ပြောင်းလို့လို့များထွေဟု မဆိုသင့်၊ ပြောင်းလို့လို့များ၊ ထွေ၊ ထူးထွေဓာည့် အံ့ရာသား၊ ဟူ၍ဆိုသင့်ပေသည်။ များထွေဟူ၍ ဆိုလိုလျက် များ၌ရပ်၍ ယတိပြတ်

mgyee.com

mgyoe.com

လက္ခဏာအတိုင်းထွေကို နောက်ပါဒရှေ့က အနည်းငယ်ရပ်တန့်ပြီးလျှင် ထွေ၊ ထူး ထွေတည့်အံ့ရာသားဟူ၍ သိဆိုမှသာ ကာရန်ညီညွတ်မည်။

**ရွှန်းရရွှန်းလင်း၊ စိမ်းပြာဖြူဝင်း၊ နေရောင်ခြည်လင်း၊ ရွှန်းလို့လို့ မှိုင်းဝေ၊ ရွှန်းဝေတည့်ပွင့်လှိုင်မြူ** ဟူသောစကားအဓိပ္ပာယ်ကား – သံသရာ၌ ကျင်လည်ရကုန်သော သတ္တဝါတို့၏ မှိုခိုနားနေ ရပ်တန့်ရသော စတုပါရိသုဒ္ဓိသီလ ၄– ပါးတည်းဟူသောအဖြစ်၊ သမာဓိက္ခန္ဓတည်းဟူသော ပင်လုံး ပင်စည်၊ ဝိပဿနာ ဉာဏ် တည်းဟူသော အခက်အလက်၊ အသိဉာဏ်တည်းဟူသော ပင်လုံးကျွတ်ပွင့်သော အပွင့်၊ ဝိမုတ္တိ ၅–ပါးတည်းဟူသော အသီး၊ မဟာကရုဏာတော်တည်းဟူသော အရိပ်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားတည်းဟူသော (မဥ္ဇူသက) ပန်းပင်ကြီးသည် ထင်ရှားရှိ သတည်း။ ထို့ကြောင့် အရှင်မဟာသီလဝံသ ပုဂ္ဂိုလ်ကျော်သည် ဆုတောင်းခန်းပျို့၌ –

သံသရာဟု၊ ခန္ဓာငါးမည်၊ ခရီးသည်ကား၊ နေနားပန်းထောက်၊
မှိုခိုလောက်အောင်၊ အခေါင်ထွန်းစည်၊ လေးမည်သီတင်း၊ အရင်း မြစ်ဖြာ၊
သမာဓိကွန်၊ မြောက်သန်ခိုင်ကျည်၊ ပင်စည်နုနု၊ ဉာဏ်ဟုအခက်၊
ဝှန်တက်ငွါးငွါး၊ ခြောက်ပါးဘိညာဉ်၊ အစဉ်မပြတ်၊ ပင်လုံးကျွတ်လျှင်၊
ပွင့်တက်နေရေ၊ ငါးထွေဝိမုတ္တိ၊ သီးဘိမစဲ၊ ဆကဲမဟာ၊ ကရုဏာဟု၊
ရိပ်သာငြိမ်းငြိမ်း၊ ညွတ်တိမ်းပြောထူ၊ နတ်လူပဟူသား၊ အူအူသဲသဲ၊ ပျားဝဲ
ကျဟုန်း၊ ပိတုန်းအုံသို့၊ ပြည့်စုံအင်္ဂါ၊ ချို့ရာမထင်၊ ဤသို့လျှင်တည့်၊
ဒီပင်္ကရာ၊ လူ့ရွာနိုင်းရှား၊ ဘုရားဟူသည်၊ မဥ္ဇူဤယင်း၊ သစ်ပင်မင်းလည်း၊
ရပ်ခြင်းမတန်၊ အမွှန်ဤသည်၊ ထိုပြည်ရွာပါး၊ ဦးစွန်းဖျား၌၊ ထွန်းညား
ရောင်လစ်၊ ယခုဖြစ်၍၊ အသစ်စက်စက်၊ ကျော်သံတက်သည်။ ။
အုတ်ကျက်အဝှန့်အဝါတည်း...

ဟူ၍ စပ်ဆိုတော်မူ၏။

ထိုဘုရားတည်းဟူသော မဥ္ဇူသကပန်းပင်ကြီးသည်ကား ရွှန်းရွှန်းပြောင်သော အစိမ်းအပြာအဖြူရောင်တို့သည် နေဗိမာန်ရောင်ကဲ့သို့ ထွန်းလင်း၏။ ရွှန်းရွှန်းစိမ်းစိမ်း မှိုင်းမှိုင်းဝေဝေရှိသော အခက်အလက်တို့၌ ပေါ်ပေါက်လာသော အဖူးအပွင့်ဝတ်ဆံမှုန်တို့မှ ရနံ့တို့သည် တလှိုင်လှိုင် တကြူကြူ ပြန့်နှံ့မွှေးကုန်၏။ ထိုအဓိပ္ပာယ်ကား – တိမ်မြုပ်သော အဓိပ္ပာယ်ကို နောက်၌ဆိုလတ္တံ့သော (ဉာဏ်ပန်း ဉာဏ်ပန်း မွှေးလှိုင်ကြူ၊ မဥ္ဇူမှန် ကင်း ထွန်းရောင်ဝါလင်းရှင်) ဟူသော စကားနှင့်စပ်ဆက်၍ပြလိုသော အနက် အဓိပ္ပာယ်တည်း။

mgyoe.com

mgyoe.com

**(ဘုန်းတန်ခိုးလဲ၊ နှိုင်းယှဉ်ရာဘဲ၊ တူမည်မှာလဲ၊ ရဲရဲရွှန်းပြောင်၊ နေမင်း နေမင်းသိန်းရာထောင်၊ ရည်ဆောင်ပြိုင်ခိုင်း၊ နှိုင်းရာတူဘဲကို)** ဟူသော အဓိပ္ပာယ်ကား မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတော်သည် တစ်စုံတစ်ခုနှိုင်းယှဉ်ရာမရှိ အသိဒိသ၊ အမိတပုဂ္ဂိုလ်ဖြစ်တော်မူသည့်အတိုင်း ပြတော်မူသော ရေမီးအစုံ ယမကပါဋိဟာရိယ တန်ခိုးပြာဋိဟာသည် ရဲရဲရွှန်းပြောင်စွာသော သဟာဿရံသီမည်သော ရောင်ခြည် တစ်ထောင်ဆောင်သော သိန်းပေါင်းရာထောင်မကသော နေနတ်မင်းတို့၏ အရောင်အဝါ တို့နှင့်သော်လည်း ပြိုင်ဆိုင်နိုင်ခြင်းငှာ မတတ်ကောင်း၊ မတူနိုင်ရာဟု ဆိုလိုသည်။

**(ဖြူနီညိုဝါ၊ ထွေလာတည့်ထူးထူးဆန်း)** ဟူသော အဓိပ္ပာယ်ကား အထက် ပြဆိုခဲ့သော စိမ်းပြာဖြူဝင်း၊ နေရောင်ခြည်လင်းဟူသော စကားနှင့် စပ်ဟပ်၍ယူအပ်၏။ ထိုစကား၌ (ပြာ) ဟူသောစကားဖြင့် မှည့်မောင်းသော (မဥ္စိဋ္ဌ) ရောင်ခြည်တော်၊ (စိမ်း) ဟူသောစကားဖြင့် ညိုသော (နီလ) ရောင်ခြည်တော်၊ (ဖြူ) ဟူသော စကားဖြင့် ဖြူသော (ဩဒါတ) ရောင်ခြည်တော်၊ (နီ) ဟူသော စကားဖြင့် နီသော (လောဟိတ) ရောင်ခြည် တော်၊ (ဝါ) ဟူသော စကားဖြင့် ရွှေသော (ပီတ) ရောင်ခြည်တော်၊ လေ့လာထူးဆန်း ဟူသောစကားဖြင့် ပြိုးပြိုးပြက်တစ်ခဲနက်သော (ပဘဿရ) ရောင်ခြည်တော်ခြောက်ပါး တို့ကိုပြ၏။

**(တေဇာရောင်ထွန်း၊ ရွှန်းရရွှန်းလှိုင်၊ ဖြာဖြာဝေမြိုင်၊ စိုးပိုင်၊ မပြိုင် တူဝေး၊ နှိုင်းရာယှဉ်သေး၊ နေမတည်ရေး၊ ဘုန်းမွေးရွှန်းပြောင်၊ မြူမှောင်တည့် ပယ်ခွာ)** ဟူသော အဓိပ္ပာယ်ကား မြတ်စွာဘုရား၏ တန်ခိုးတော်အရောင်သည် ရွှန်းရွှန်း လှိုင်လှိုင် တောက်ထွန်းဖြာဖြာ ဝေဝေမြိုင်မြိုင်ရှိရကား လောက ၃–ပါးကို စိုးပိုင်တော် မူသောကြောင့် မပြိုင်နိုင် မတူနိုင် မနှိုင်းယှဉ်နိုင်။ မည်ကဲ့သို့ရှိနေသည်ဟူ၍ အတည်တကျ ဉပမာ ပြုဖွယ်မရှိ။ အထက်အဆိုပါ (မဥ္ဇူသက) နတ်ပန်းပွင့်တည်းဟူသော ဘုန်းတော် ရနံ့သည် မွေးကြိုင်လျက် ခပ်သိမ်းသောမြူမျိုး အမှောင်မျိုးတို့ကို ပယ်ခွာထွန်းလင်းသည် ဟု ဆိုလိုသည်။

ဤကဲ့သို့ သက်တော်ထင်ရှားရှိတော်မူစဉ် မြတ်စွာဘုရားသည် ယမကပါဋိဟာ တန်ခိုးတော်ပြသည့် အခြင်းအရာတို့ကို ပြဆိုပြီး၍ ယခုအခါ ပိဒ်ဦးအစ၌ **(ထူးမခြား နား)** ဟူ၍ ဆိုခဲ့သည်နှင့်အညီ ဘုရားသခင်ကိုယ်တော် အစိတ်ဖြစ်သော စွယ်တော်၊ ဓာတ်တော်၊ မွေတော်ဟူသော ဓာတုစေတီတော်၊ ရုပ်ပွားတော်ဟူသော ဥဒ္ဒိဿက စေတီ တော်တို့၏ ကိန်းဝပ်တော်မူရာ ရွှေနန်းတော်ဦး စွယ်တော်ကျောင်းမှ သက်တော်ထင်ရှား မြတ်စွာဘုရား ပြတော်မူသည်နှင့် (ထူးမခြားနား) တန်ခိုးတော် ရောင်ခြည်တော်များ

mgyoe.com

ပေါ်ထွက်လာသည်ကို ပြလိုရကား –

ကြေညာလင်းပွင့်၊ ထွန်းဝင်းထွန်းဝင်း၊ တဖော်တဖော်၊ စွယ်တော် စွယ်တော်၊ စွယ်တော်ကျောင်းက၊ ခြောက်ဖြာရောင်ခြည် လွှတ်သည်နှင့်သာ၊ ဟူသောစကားကိုဆိုသည်။

သုံးပါးလောက ငြိမ်းရေး ငြိမ်းရေး၊ ကယ်ယူကယ်ယူ၊ ညဏ်ပန်း ညဏ်ပန်းမွှေးလှိုင်ကြူ မဥ္ဇူမှန်ကင်း၊ ထွန်းရောင်ဝါလင်း၊ ရှင်၊ တေဇာ ရွှင်ရွှင်၊ ပေါ်ထင်တည့်လျှမ်းလျှမ်းဖြိုး၊ လျှမ်းလျှမ်းဖြိုး၊ အာဏာကျော်ဟိုး၊ ဘုန်းတန်ခိုးရောင်၊ ဝေဝေရွှန်းပြောင်၊ သိန်းထောင်၊ အခေါင်ညဏ်ပန်း၊ ထွန်းရောင်ဝါရွှန်း –

ဟူသော အဓိပ္ပာယ်ကား –

လူနတ်ပြဟ္မာတည်းဟူသော လောက ၃–ပါး သတ္တဝါများ၏ အဝိဇ္ဇာ သင်္ခါရ တရား ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ကယ်မဆောင်ယူတော်မူအံ့သောငှာ ပါဠိဟာရိယညဏ် တော်တည်းဟူသော မွှေးပျံ့လှိုင်ကြူသော အမျိုးမျိုးသော အပွင့်ရှိသော မဥ္ဇူသကနတ်ပန်း တည်းဟူသော လူတို့မှန်ကင်း မင်းတရားသည် ကြည်လင်သန့်ရှင်းသော ရောင်ခြည်တော် ၆–ပါးကို လွှတ်တော်မူသည်။ ထိုရောင်ခြည်တော်တန်ခိုးတော်တို့သည် ပေါ်ပေါ်ထင်ထင် တလျှမ်းလျှမ်းတဖြိုးဖြိုး အသိန်းပေါင်းတစ်ထောင်မက မရေတွက်နိုင်သော အခေါင်အဖျား ဖြစ်သော ပါဠိဟာရိယ ညဏ်တော်တည်းဟူသော (မဥ္ဇူသက) ပန်းတို့၏ အရောင်သည် တရွှန်းရွှန်းထွန်းလင်းတောက်ပသည် ဆိုလိုသည်။

ညဏ်ပန်းမွှေးလှိုင်ကြူ မဥ္ဇူမှန်ကင်းဟူရာ၌ မြတ်စွာဘုရား၏ ကိုယ်တော်ကို မဥ္ဇူသကပန်းပင်ကြီးကဲ့သို့၊ ပါဠိဟာရိယညဏ်တော်ကို (မဥ္ဇူသက) ပန်းပွင့်ကဲ့သို့ ဥပမာ နှိုင်းခိုင်းရကား ပကတိမဥ္ဇူသကပန်းပင်ကြီး၏ အခြင်းအရာကို သာရတ္ထဒီပနီမည်သော ဋီကာ လောကဝိဇ္ဇုဂုဏ်တော်တွင်း၌ ပါရှိသည့်အတိုင်း၊ မြန်မာဘာသာဖြင့် ပြဆိုပေအံ့။

ဂန္ဓမာဒနတောင်ကား နံ့သာမျိုးဖြင့်ပြီး၏။ ကာလာနုသာရီဟုဆိုအပ်သော အကျော် စသော အမြစ်နံ့သာ၊ စန္ဒကူးစသော အနှစ်နံ့သာ အစရှိသော ၁၀–ပါးသော နံ့သာတို့ဖြင့် ပြန့်ပြောကုန်၏။ အထူးထူး အပြားပြားရှိသော ဆေးပင်တို့ဖြင့် ဖုံးလွှမ်းကုန် ၏။ လဆုတ်ပက္ခ ဥပုသ်နေ့တို့၌ ပြောင်ပြောင်တောက်သော မီးကျီးကဲ့သို့ ထွန်းပလျက် တည်၏။

ထိုဂန္ဓမာဒနတောင်၌ပင်လျှင် နန္ဒမူလတောင်ဝန်း၌ ပစ္စေကဗုဒ္ဓတို့၏ နေရာဖြစ် သော ၃–ခုကုန်သော ရွှေဂူ၊ ပတ္တမြားဂူ၊ ငွေဂူတို့သည် ရှိကုန်၏။ ထို ၃–ခုသော လိုဏ်ဂူ

mgyoe.com

mgyoe.com

တို့တွင် ပတ္တမြားဂူဝ၌ မဉ္ဇူသကမည်သော သစ်ပင်သည် အချင်းအားဖြင့်လည်းကောင်း၊ အမြင့်အားဖြင့်လည်းကောင်း တစ်ယူဇနာစီရှိ၏။ ရေပန်းကြည်းပန်းတို့သည် ပွင့်ကုန်၏။ အထူးသဖြင့် ပစ္စေကဗုဒ္ဓတို့ ကြွလာတော်မူသည့်နေ့၌ ထိုမဉ္ဇူသကမည်သော သစ်ပင်၏ ရှေ့မှ ခပ်သိမ်းသော ရတနာတို့ဖြင့်ပြီးသော မဏ္ဍပ်သည်ဖြစ်၏။

ထိုမဉ္ဇူသကပန်းပင်၌ တံမြက်လှည်းတတ်သော လေသည် ပန်းမှိုက်တို့ကို စွန့်လေ၏။ အညီအညွတ် ပြုတတ်သောလေသည် ခပ်သိမ်းသောရတနာတို့ဖြင့်ပြီးသော သဲကို စည်မျက်နှာကဲ့သို့ အညီအညွတ်ပြုလေ၏။ ရေကိုသွန်းတတ်သော လေသည် နဝတတ်အိုင်မှ ရေကိုဆောင်၍သွန်းလေ၏။ ကောင်းသောအနံ့ကို ပြုတတ်သောလေသည် ခပ်သိမ်းစုံ ကောင်းသော အနံ့ရှိသော သစ်ပင်တို့၏အနံ့ကိုဆောင်၏။ ပန်းကိုဆွယ် တတ်သော လေသည် ပန်းကိုဆွတ်၍ချလေ၏။ နေရာခင်းတတ်သော လေသည် ခပ်သိမ်းသောအရပ်၌ နေရာခင်းလေ၏။ အခါခပ်သိမ်းပင်လျှင် ထိုသစ်ပင်၏အနီး၌ နေရာတို့သည် အမြဲရှိကုန်၏။

အရှင်ပစ္စေက ဗုဒ္ဓဖြစ်သောနေ့၌လည်းကောင်း၊ ဥပုသ်နေ့၌လည်းကောင်း ခပ်သိမ်းသော ပစ္စေကဗုဒ္ဓတို့သည် စည်းဝေးကုန်သည်ဖြစ်၍ ခင်းသောနေရာ၌ နေတော်မူကုန်၏။ ထိုနောင်မှ အကယ်၍ ထိုအခါတွင် အသစ်ဖြစ်သော ပစ္စေကဗုဒ္ဓတို့သည်ရှိကုန်၏။ ထိုခဏ၌ပင်လျှင် စည်းဝေးတော်မူကုန်သည်ဖြစ်၍ ခင်းသောနေရာ၌ နေကုန်၏။ တစ်စုံတစ်ခုသော သမာပတ်ကို ဝင်စားတော်မူကုန်၍ သမာပတ်မှထကုန်၏။

ထို့နောက် သံဃထေရ်ဖြစ်သော ပစ္စေကဗုဒ္ဓသည် ယခုသာလျှင် ရောက်လာသော အရှင်ပစ္စေကဗုဒ္ဓအသစ်ကို ခပ်သိမ်းသောသူတို့အား ဝမ်းမြောက်စေခြင်းငှာ အဘယ်ကြောင့် ပစ္စေကဗုဒ္ဓအဖြစ်ကို ရလေသနည်းဟု ကမ္မဋ္ဌာန်းကိုမေးလေ၏။ ထိုအခါ အသစ်ဖြစ်သော ပစ္စေကဗုဒ္ဓသည် မိမိဥဒါန်းကျူးသော ဂါထာကိုဆိုတော်မူ၏။ ဤသို့လျှင် ဂန္ဓမာဒနတောင်သည် အရှင်ပစ္စေကဗုဒ္ဓတို့၏ နေရာဟူ၍ မှတ်အပ်သတည်း။

သည်ကိုရည်၍ လောကဝိဒူ မော်ကွန်း၌ –

ဂန္ဓမာဒန၊ မကုဋ္ဌ၌၊ ဩသဓမျိုး၊ နတ်တို့ပျိုးသား၊ ဆေးရိုး ပေါင်းစု၊ စတုဇာတိ၊ ထိုတွင်ပြို့လည်း၊ သိဒ္ဓိကျူးကျော် မှို့ဦးဆော်သည်၊ အကျော် အမြစ်၊ အနှစ်စန္ဒကူး၊ ထင်းရှူးအကာ၊ နံ့သာလှိုင်ပေါက်၊ အခေါက် သစ်ကြပိုး၊ ထုံခိုးပျံ့အေး၊ သီးအပွေးတည့်၊ နီးဝေးလျှံချို၊ ပန်းညိုအရွက်၊ သက်နက်အရည်၊ အတည်အစံ၊ ကုံကုမ်ပွင့်ကြီး၊ အသီးနက်ကိ၊ ဇာတိ ဖလ၊ ထိုသို့စလား၊ ဂန္ဓဂန္ဓာ၊ ဆယ်နံ့သာဖြင့်၊ အခါခပ်သိမ်း၊ မွှေးရည်လိမ်း

mgyoe.com

 mgyoe.com 

ၐ်၊ ဧငြိမ်းလှိုင်ကြျူ နန္ဒမူဝယ်၊ ရွှေဂူဝှေဂူ၊ မြဂူပတ္တမြား၊ လိုဏ်သုံးပါးတွင်၊
ပတ္တမြားဂူဝ၊ မဥ္ဇူသ–ကား၊ ပုံ့မှုဘနန်း၊ ကြည်းပန်းရေပန်း၊ ထွေထွေ
ဆန်းစွ၊ ရဟန်းရတနာ၊ ပစ္စေကာတို့၊ ကြွလာထက်မွေ့၊ ဥပုသ်နေ့၌၊
ပြကတေ့ငြမ်း၊ ရွှင်သည့်ငမ်းဖြင့်၊ နေတမ်းတင့်တော်၊ တရားမျှော်ရှင့် –
ဟူ၍စပ်ဆို၏။

မြတ်စွာဘုရားသခင်သည် မဥ္ဇူသက ပန်းပင်ကြီးနှင့်တူ၏။ ကြည်းကုန်း၌ ဖြစ်ကုန်သော စံပယ်ချယား၊ စကားကံ့ကော်၊ စွယ်တော်ရင်ကတ်၊ ဇလပ်ပိတောက်၊ ကြက်မောက် မိုးစွေ၊ သင်းခွေနော်ဇာ၊ ဗီဇဝါမြတ်လေးစသော ကြည်းကုန်း၌ ဖြစ်ကုန်သော ပန်းတို့သည် လည်းကောင်း၊ ရေမီးအစုံယမကပါဠိဟာရိယဉာဏ်တော်ဖြင့် ပြတော်မူသော တန်ခိုး ပြာဋိဟာ ရောင်ခြည်တော် ၆–ပါးတို့နှင့်တူ၏။ ထို့ကြောင့် **(ထူး မ ခြား နား)** အစချီသော သီချင်းကဗျာကိုရေးသော မြဝတီမင်းကြီးသည် မဥ္ဇူသကနတ်ပန်းပင်ကြီးနှင့် ဥပမာပြုသည် ဟူ၍ သိအပ်၏။

ဇေတဝန်နန်း၊ ခြားသန်းလေသာ၊ ဆောင်စည်တည့်လည်ချာ၊
ဘုံသာနန်းက၊ ထွန်းလင်းထွန်းလင်း၊ တဖော် တဖော်၊ ရောင်တော်
ရောင်တော်၊ ရောင်တော်ဖြိုးမြင့် အံ့ဖွယ်သာလေ၊ ဆင့်ကာမြင့်ပုံ –
ဟူသည်ကား –

စွယ်တော်ကျောင်းကလွှတ်သော ရောင်ခြည်တော် တန်ခိုးတော်သည် ရွှေနန်းတော်ကြီး ဇေတဝန်ဆောင်တော်နှင့် အခြားသော လေသာဆောင်တော်စသော အဆောင်များသို့ အစဉ်အတိုင်း အထက်ဘုံဆောင်လည်သီး၊ လည်ချာများသို့ပျံ့ကူး၏။ ထိုဘုံသာနန်းဆောင်များနှင့် စွယ်တော်ကျောင်းများ၌ ပျံ့ကူးစဉ် ထွန်းလင်းတောက်ပသော အရောင်တို့သည် အံ့ဩဖွယ် တစ်ဆင့်ထက်တစ်ဆင့် မြင့်ကာဆင့်ကာ ရှိနေသောပုံကို ဖူးမြင်ရသည် ဟု ဆိုလိုသည်။

ရှင်ရင်းမြတ် သကျာကိုလေ၊ တင်ထိပ် ဦးသည်၊ စုံဖူးသည့်ရှိ ကြာငုံ့ –
ဟူသည်ကား သကျသာကီဝင်မင်းတို့ ထက်မြက်တော်မူသော မြတ်စွာဘုရားကိုယ်တော်တိုင်ကိုပင်လျှင် ဖူးတွေ့ရသကဲ့သို့ စေတနာထားလျက် ကိုယ်၏ အမြတ်ဖြစ်သော ဦးထိပ်ထက်တွင် လက်နှစ်ဖက်ကို ကြာငုံဖူးသဏ္ဍာန်တူစွာ အစုံထားပြီး ရှိခိုးပူဇော်ကန်တော့ပါသတည်း –

ဟု ဆိုလိုသည်။ ။

mgyoe.com

mgyoe.com

# ထူးမခြားနား စကားပြေ

ကုသ

စောင်းညှင်းစသော တူရိယာတို့ဖြင့် သီဆိုတီးမှုတ်အပ်သည့် တေးတျာသံသည် ကြားရသူတို့၏ ဟဒယနှလုံးအိမ်ကို နှစ်လိုအေးမြကြည်လင်စေ၏။ မည်မျှပင် ရိုင်းစိုင်းသော လူမျိုးဖြစ်လင့်ကစား မိမိတို့ ဘာသာဘာဝအလျောက် တေးတျာဂီတ တူရိယာမှစ၍ အသီအကုံးအဖွဲ့အနွဲ့များရှိကြသည်ပင်။

မြန်မာတို့၏ တေးတျာဂီတမှုတို့တွင် အနုလုံပဋိလုံ ရှာဖွေမွှေနှောက် ရှုကြည့်လိုက်ပါက မြန်မာတို့၏ ဂီတသည် အောက်တန်းစားမဟုတ်။ အလွန်တရာ နူးညံ့သိမ်မွေ့ ခက်ခဲယဉ်ကျေးခြင်းရှိနေရာ အလွန်အထက်တန်းကျသော တေးတျာဂီတမျိုးဖြစ်ကြောင်းကို တွေ့ရှိရပေမည်။ မြန်မာတို့ ရှေးရေးဖြစ်သော ဘွဲ့၊ ယိုးဒယား၊ ပတ်ပျိုးစသော သီချင်းကြီး သီချင်းခန့်တို့မှာကား **'ပတ္တမြားလိုဏ်ဂူ၊ နန္ဒမှုမှ၊ မဥ္ဇူကိုက်ညွှန့်၊ ဖြိုးဖြိုးကွန့်သည်၊ ပန်းမွှန့်အရှင်၊ ပန်သခင်ကို၊ လိုအင်ရှိသမျှ၊ ချူးဆွတ်ရသို့'** သာယာလှသော ဂီတသွား၊ နူးညံ့သိမ်မွေ့သောစကား၊ မှတ်သားလောက်သော အစပ်အဟပ်စသည့် ဖတ်မိကြားမိသူတို့၏နှလုံးကို ယူကျုံးမွေးကြိုင်အောင် ပြုနိုင်သောအချက်ထူး အချက်ညွှန့်တို့ဖြင့် ပြွမ်းလျက်ရှိသည်ကို တွေ့ရပေမည်။

ရှေးသီချင်းကြီး သီချင်းခန့်များကို သီဆိုတီးမှုတ်ရာတွင် –

၁။ ဆိုသောဂီတသံ

၂။ ၎င်းကိုလိုက်၍တီးသံ

၃။ ဆိုသော ဂီတအကြား အရပ်အတောတို့၌ တောလုံးသံ

ဤ ၃–သံတို့ကို တစ်မျိုးစီ တစ်ဖုံစီခြား၍ သာယာစွာကြားရသည်။ ယင်းသို့ အဖိုးတန်လှ၍ မြန်မာလူမျိုးရှေးဆရာကြီးများ ရေးသားခဲ့ကြသော သီချင်းကြီး သီချင်းခန့်တို့မှာ မည်မျှကောင်းမွန်၊ သုတိသာယာ၍ အနှစ်သာရပြည့်လျှမ်းသည်၊ အထူးလိုက်စားရန်

mgyoe.com

mgyoe.com
သင့်လျော်သည်များကို သိရှိကြစေရန် ကောင်းမြတ်သော မနသီဆန္ဒကို ရှေ့ထား၍ လောကနာယကဘုရားမြတ်စွာ၏ ယမကပါဠိပ္ပါဟာရိယ ဉာဏ်တော်အရာခြောက်ဖြာသော ရောင်ခြည်တော်ကို ချီးမွမ်း၍ ဖွဲ့ဆိုအပ်သော ထူး မ ခြား နား သီချင်းကြီး ကဗျာအနက် ဝဏ္ဏနာကို ရေးသားပေအံ့။ မွေးပျံ့ကြိုင်လန်း ဂီတပန်းကို ဆင်မြန်း သုံးစွဲနိုင်ကြပါစေသတည်း။

## ထူးမခြားနားသီချင်းခံ (ပုဒ်ရင်း)

ထူးမခြားနား၊ မိုးရေစုံသား၊ ရောင်တော်ထွေပြား၊ ပြောင်လို့လို့များထွေ၊ ထူးထွေတည့်အံ့ရာသား × ။ ရွှန်းရရွှန်းလင်း၊ စိမ်းပြာဖြူ ပင်း၊ နေရောင်ခြည်လင်း၊ ရွှန်းလို့လို့ မှိုင်းဝေ၊ ရွှန်းဝေတည့်ပွင့် လှိုင်ကြူ × ။ ဘုန်းတန်ခိုးလဲ၊ နှိုင်းယှဉ်ရာပဲ၊ တူမည်မှာလဲ၊ ရဲရဲ ဝင်းပြောင်၊ နေမင်း ၂၊ သိန်းရာထောင်၊ ရည်ဆောင်ပြိုင်ခိုင်း၊ နှိုင်းရာတူပဲကို × ။ ဖြူနီညိုဝါ၊ ထွေလာတည့်၊ ထူးထူးဆန်း၊ တေဇာ ရောင်ထွန်း၊ ရွှန်းရရွှန်းလှိုင်၊ ဖြာဖြာဝေပြိုင်၊ စိုး× ပိုင်× မပြိုင်တူဝေး၊ နှိုင်းရာယှဉ်ဝေး၊ နေမတူရေး၊ ဘုန်းမွေး–ရွှန်းပြောင်၊ မြူမှောင်တည့်ပယ်ခွာ၊ ကြေညာလင်းပွင့်၊ ထွန်းဝင်း–၂၊ တေဇော်–၂၊ စွယ်တော်–၂၊ စွယ်တော်ကျောင်းက၊ ခြောက်ဖြာရောင်ခြည်–၂၊ လွှတ်သည်နှင့်သာ× သုံးပါးလောက၊ ငြိမ်းရေး–၂၊ ကယ်ယူ–၂၊ ဉာဏ်ပန်း–၂၊ မွေးလှိုင်ကြူ မဥ္ဇူမှန်ကင်း၊ ထွန်းရောင်ဝါလင်းရွှင်× တေဇရွှင်ရွှင်၊ ပေါ်ထင်တည့်၊ လျှမ်းလျှမ်းဖြိုး–၂၊ အာဏာ ကျော်ဟိုး၊ ဘုန်းတန်ခိုးရောင်၊ ဝေဝေရွှန်းပြောင်၊ သိန်း× ထောင် × ၊ အခေါင်ဉာဏ်ပန်း၊ ထွန်းရောင်ဝါရွှန်း၊ ဇေတဝန်နန်း၊ ခြား–သန်းလေသာ၊ အောင်စည်တည့်လယ်ချာ၊ ဘုံသာနန်းက၊ ထွန်းလင်း–၂၊ တေဇော်–၂၊ ရောင်တော်–၂၊ ရောင်တော်ဖြိုးမြင့်၊ အံ့ဖွယ်သာလေ–၂၊ ဆင့်ကာမြင့်ကာပုံ။ ။ ရှင်ရင်းမြတ်သကျာကိုလေ၊ တင်ထိပ်ပိုဦး စုံဖူးတည့်ရှိကြာငုံ။

(မှတ်ချက် ။ ။ × ... ၎င်းကြက်ခြေပြလျှင် ဆိုင်းတောဟု မှတ်စေလိုပါသည်။ (––) ၎င်းမျဉ်းတန်းမှာ ရှည်ရှည်ဆွဲဆိုရန် ဖြစ်သည်။ (၂..) ၎င်းဂဏန်းအမှတ်မှာ ထပ်ဆိုရန်အကြိမ် ဖြစ်သည်။)

## 'စကားပြေ'

(အမရပူရမြို့ စွယ်တော်ကျောင်းမှ လွှတ်တော်မူသော ရောင်ခြည်တော်စုံတို့သည်) မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ယမကပါဠိ

mgyoe.com

mgyoe.com

ဟာရိယညာဏ်တော် တန်ခိုးတော် ပြာဋိဟာ ရေမီးအစုံ ပြတော်မူသည်နှင့် ထူးခြားကွဲလွဲခြင်းမရှိ၊ ကိုယ်တော်တိုင် ပြတော်မူသည်နှင့်မထူး၊ မခြားနား၊ တစ်ထပ်တည်းရှိပေ၏။ မြတ်စွာဘုရား၏ သမာပတ် အစွမ်းအားဖြင့် အထက်ကိုယ်တော်မှ မီးအလျှံ၊ အောက်ကိုယ်တော်မှ ရေအလျဉ်ဟူသော မီးရေအစုံတို့သည် ဖြစ်ပေါ်ကြ၏။ ကိုယ်တော်မှ ထွက်တော်မူသော မီးအလျှံ အရောင်အဝါ နီလ၊ ပီတ သြဒါတစသော ခြောက်ပါးကုန်သော အရောင် အဝါတို့သည် တစ်ချက်ချက် တောက်ထိန်၍ အထက် အဇဋာကာသ အနန္တ စက္ကဝါတို့သို့ အထွေအထူး ပျံ့နှံ့လျက် နေလနက္ခတ်တာရာစသည့် အရောင်အဝါတို့ထက်ပင် ကဲလွန်ပြီးလျှင် တစ်ခုမှတစ်ခုသို့ အကြိမ်ပေါင်းများစွာ ပြောင်းလဲ၍ဖြစ်ကြ၏။

သံသရာ၌ ကျင်လည်ကြရကုန်သော သတ္တဝါအပေါင်းတို့ မှီခိုရသော စတုပါရိသုဒ္ဓိသီလတည်းဟူသော အမြစ်၊ သမာဓိက္ခန္ဓတည်းဟူသော ပင်စည်၊ ဝိပဿနာ ဉာဏ်တော်တည်းဟူသော အခက်အလက်၊ အသိဉာဏ်တည်း ဟူသောအပွင့်၊ ဝိမုတ္တိ ၅–ပါးတည်းဟူသော အသီး၊ မဟာကရုဏာတော်တည်းဟူသော အရိပ်ဆာယာတို့နှင့် ပြည့်စုံသော မြတ်စွာဘုရားတည်းဟူသော မဉ္ဇူသကနတ်ပန်းပင်ကြီး၏ တရွှန်းရွှန်း တပြောင်ပြောင် စိမ်းပြာဖြူရောင်တို့သည် နေဗိမာန်ရောင်ကဲ့သို့ ထွန်းလင်း၏။ ရွှန်းစိမ်းမှိုင်းဝေသော အခက်အလက်တို့၌ ပေါ်ပေါက်လာသော အဖူးအပွင့်၊ ဝတ်ဆံဝတ်မှုန်တို့မှ သင်းကြိုင်အေးပျံ့သော ရနံ့တို့သည် တထုံထုံကြူကြ၏။ မြတ်စွာဘုရား၏ ဘုန်းတော်တန်ခိုးတော်နှင့် တစ်စုံတစ်ခု နှိုင်းယှဉ်ဖွယ်၊ ခိုင်းထောက်ဖွယ်မမြင်၊ ပြတော်မူသော ရေမီးအစုံ၊ ယမက ပါဋိဟာရိယ တန်ခိုးတော် ပြာဋိဟာသည် ရဲရဲရွှန်းပြောင် ရောင်ခြည် အထောင်အလင်းကို ဆောင်ကြသော နေမင်းသိန်းရာထောင်တို့၏ အရောင်အဝါတို့နှင့်သော်မှလည်း ပြိုင်ဆိုင်နှိုင်းယှဉ်ဖွယ် မတတ်ကောင်း၊ မည်သည့်အခါမျှ တူနိုင်မည်လည်းမဟုတ်ချေ။

သြဒါတ၊ လောဟိတ၊ ပီတ၊ နီလ အစရှိသော ရောင်ခြည်တော် ခြောက်သွယ်တို့သည် ရဲရဲရှင်ညီ၊ အလွန်အမင်း ထွန်းလင်းကြဘိ၏။ လောက ၃–ပါးတို့၏ နာယကဖြစ်တော်မူသော ဘုရားရှင်၏ တန်ခိုးတော်သည် တရွှန်းရွှန်း တလှိုင်လှိုင် ဖြာဖြာဝေဝေ ပြိုင်ပြိုင်ဆိုင်ဆိုင်

mgyoe.com

 mgyoe.com 

ရှိဘိရကား လောက ၃–ပါးကို စိုးပိုင်တော်မူသည်နှင့်အညီ မည်သည်နှင့်မျှ မပြိုင်နိုင်၊ မတူနိုင်၊ မနှိုင်းယှဉ်နိုင်ချေ။

မဥ္ဇူသက နန်းပန်းပွင့်တည်းဟူသော ဘုန်းတော်ရနံ့သည် မွှေးပျံ့လှိုင်ကြူပြီးလျှင် မြတ်စွာဘုရား၏ ဘုန်းတော်ရောင်ဖြင့် ခပ်သိမ်းသော မြူမျိုး အမှောင်မျိုးတို့ကို ပယ်ခွာ၍ ထွန်းလင်းတောက်ပလျက်ရှိ၏။ အကြေအညာမျှမက လောကတစ်ခုလုံး၌ပင်လျှင် ထွန်းရှင်တောက်ညီသော နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတအစရှိသော ရောင်ခြည်တော်ခြောက်သွယ်တို့ကို စွယ်တော်ကျောင်းက လွှတ်တော်မူသည်မှာ အလွန်အမင်း ကြည်ညိုဖွယ် ကောင်းပေတော့၏။

လူနတ်ဗြဟ္မာတည်းဟူသော လောက ၃–ပါးရှိ သတ္တဝါများ လွတ်ငြိမ်းရာဖြစ်ထသော နိဗ္ဗာန်သောင်ကမ်းသို့ ကယ်တင်ဆောင်ပို့တော်မူအံ့သောငှာ ပါဠိဟာရိယဉာဏ်တော်ကျက်စား၍ မွှေးပျံ့လှိုင်ထုံသည့် အဖူးအပွင့်တို့နှင့် ပြည့်စုံသည့်ပြင် မဥ္ဇူသကပင်ရက္ခတည်းဟူသော ၃–လောကမှန်ကင်း တရားမင်းမြတ်သည် အရောင်အဝါ ထွန်းထိန်တောက်ပသော ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူပေသည်။ တလျှံလျှံ တဖြိုးဖြိုး အထောင်အသိန်းမက ရေတွက်ခြင်းငှာမစွမ်းနိုင်သော ပါဠိဟာရိယဉာဏ်တော်နှင့် ပြည့်စုံ၍ မဥ္ဇူသက ပန်းပင်ကြီးတည်းဟူသော မြတ်စွာဘုရား၏ ဘုန်းတော်အရောင်အဝါသည် တရွှန်းရွှန်း တောက်ပပေသည်။

စွယ်တော်ကျောင်းက လွှတ်တော်မူသော ရောင်ခြည်တော် တန်ခိုးတော်သည် ရွှေနန်းတော် ဇေတဝန်ဆောင်မှ အထက်အဆောင်တော် လည်ချာများသို့ ပြန့်ကူးစဉ် ထွန်းလင်းတောက်ပသော အရောင်တို့သည် အံ့ဖွယ်သူရဲ တစ်ဆင့်ထက်တစ်ဆင့် ကွန့်မြူးကာနေကြလေသည်။ ယမကပါဠိဟာရိယ ဉာဏ်တော်နှင့် ပြည့်စုံ၍ သာကီဝင် မင်းတကာတို့တွင် အမြတ်ဆုံးဖြစ်ထသော သကျသီဟနာမတော်ရှိပေသည့် မြတ်စွာဘုရားသခင်ကိုလည်းကောင်း၊ ဘုန်းတန်ခိုးရောင်ခြည်တော်တို့ကိုလည်းကောင်း၊ (ကျွန်ုပ် မြဝတီမင်းကြီး ဦးစသည်) ပဒုံမာကြာငုံနှင့် တူသော လက်နှစ်ဖက် အစုံဖြင့် ကြည်လင်ရိုကျိုး ရှိခိုးပါ၏ ... ဟူလိုသတည်း။ ။

mgyoe.com

mgyoe.com

# ထူးမခြားနား

ဇာဂနာ

"ထူးမခြားနား
မိုးရေစုံသား၊ ရောင်တော်တွေပြား
ပြောင်လို့လို့များတွေ၊ ထူးထွေသည့်အံ့ရာသော်"

(၁)

မြဝတီဝန်ကြီး ဦးစလည်း ထွန်းလင်းသော မျက်နှာနှင့် မောင်းထောင် ဆရာတော်ကျောင်းတိုက်မှ ဆင်းသက်ခဲ့လေသည်။ ယခုမှပင် ရောင်ခြည်တော် ၆–ပါး၏ အဓိပ္ပာယ်ကျယ်ကို ဥပမာ ဥပမေယျနှင့် ထိထိမိမိသိရပေ၏။ ဆရာတော်ကား ပညာဉာဏ်ကြီးကျယ်လှချေသည်။ သို့ပါလျက်နှင့် ဘဝရှင်မင်းတရားကြီးသည် ဆရာကိုမြှောက်စားသောအခါ မိမိသည်အဘယ်ကြောင့် မနှစ်မြို့ခဲ့မိပါသနည်းဟု ရှေးပဝေသဏီအတိတ်ကာလကို သတိရချမိလေ၏။

အချိန်ကား သက်ကြီးခေါင်းချချိန်ဖြစ်သည်။ တိတ်ဆိတ်သောအချိန်ကာလတွင် ထွန်းလင်းသော လပြည့်ဝန်းသည် မောင်းထောင်ဆရာတော် ကိုးကွယ်အပ်သော စေတီတော်ကို ဦးညွှတ်လျက် ခ နေလေသည်။

ထိုအခါ စေတီတော်မှ ကိုယ်လုံးပြည့် ချထားသော ရွှေရောင်သည် တပြိုးပြိုးတပြက်ပြက်တောက်ပ၍ ဝန်ကြီး၏ မျက်လုံးအိမ်သို့ စူးဝင်သွားလေ၏။ ဝန်ကြီးသည် ထက်သန်သော အာရုံနှင့် စေတီတော်ကိုဖူးမြော်ကန်တော့သည်။ ဘဝဆက်တိုင်း မောင်းထောင်ဆရာတော်ကဲ့သို့ ပညာပါရမီနှင့် ပြည့်စုံသောကိုယ် ဖြစ်ရပါလို၏ဟု ဆုတောင်းသည်။ ဆုတောင်းပြီးလျှင် လက်ကောက်ဝတ်၌ ပတ်ထားသော ပုတီးကိုချွတ်၍

mgyoe.com

mgyoe.com

ဘုရားရှင်၏ဂုဏ်တော်ကို အာရုံပြုရင်း ပုတီးစိပ်လေသည်။

ဝန်ကြီး၏စိတ်သည် မငြိမ်သက်၊ စေတီတော်နှင့် ယှဉ်နေသော ညောင်ပင်ကြီးသည်လည်း လေတဖြူးဖြူးတွင် မငြိမ်သက်၊ လှုပ်ရှားနေသော ဆည်းလည်းကလေးများကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင်လျှင် မငြိမ်သက်သည်ကို တွေ့ရလေသည်။ ဤမျှ တိတ်ဆိတ်လှ၍ သာယာလှသော အကာလအချိန်အခါတွင် အသူသည် စိတ်ကို တည်ဆောက်နိုင်ပါအံ့နည်း။

ယနေ့နံနက် ညီလာခံဝင်သောအခါ ထိုနေ့ညက နန်းဦးစွယ်တော်စင်ဘုရားရောင်ခြည်တော်လွှတ်ကြောင်း ဝန်စုဝန်မှူး အမတ်သေနာပတိတို့ ပြောဆိုနေကြသံကို ကြားရသည်။ တော်ကြီးဘုရား ထွက်တော်မူလာသောအခါ၌လည်း ကိုယ်တော်တိုင်ပင် ရောင်ခြည်တော်လွှတ်သည်ကို ဖူးမြင်ရသောကြောင့် ဘုရားရှင်၏ ဂုဏ်တော်ကို ချီးကျူး၍မဆုံးနိုင်အောင်ရှိပြန်သည်။ ထို့နောက် ညီလာခံသိမ်းတော့မည်ရှိသောအခါ မိဖုရားခေါင်ကြီးသည် မင်းကြီး၏နားထဲသို့ တီးတိုးပြောသည်ကို မြင်ရပြီးလျှင် –

"ဟဲ့ .. မောင်စ၊ ငါ၏ နန်းဦးစွယ်တော်စင်ဘုရား ရောင်ခြည်တော် လွှတ်တော်မူသည်ကို သီချင်းဂီတရေးသား ဖွဲ့ကုံး၍ ရှေ့တော်သို့ ဆက်သွင်းရမည်"

ဟု မင်းတရားကြီး အမိန့်တော်မြတ်မှတ်တော်မူသည်ကို နာခံခဲ့ရလေသည်။ ထို့ကြောင့် မောင်းထောင်ဆရာတော်ကျောင်းသို့ ပြေးလာ၍ စွယ်တော်အကြောင်း၊ ရောင်ခြည် တော်အကြောင်းတို့ကို မေးမြန်းလျှောက်ထားရသည်။ ကျေးဇူးကြီးပါ့တကား။

လေပြည်ကလေးတစ်သုတ်သည် ကမ္ဘာလောကဓာတ်ကြီးကို ကျီစယ်လိုက်ရာ ဝန်ကြီးကျောထက်၌ ပြန့်နေသော တစ်တောင့်ထွာကျော်ကျော်ခန့် ဆံရှည်သည် လေထဲ၌ လွင့်ပါး၍ ဝန်ကြီး၏လက်ယာနားကို ကလိလိုက်လေသည်။ ဝန်ကြီးသည် ဆံပင်ကိုသိမ်း၍ ကိုယ်ကိုပြင်၍ ထိုင်လိုက်ပြီးလျှင် ပုတီးစိပ်ရင်း အတွေးနယ်ချဲ့ပြန်လေ၏။

မိမိသီကုံးသော သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယားတို့သည့် ယခုအခါ ကလေးသူငယ် လူရွယ်လူလတ် မိန်းမယောကျ်ား နန်းတွင်းနန်းပြင်တို့ကို ပေါက်ရောက်၍ အရေးတယူသီဆိုကြလေပြီ။ မိမိနှင့်ဘက်ပြိုင်လျက် ပေါ်ထွက်လာကြသော စာဆိုတော်တို့၏ သီချင်းဂီတတို့မှာလည်း မိမိသီချင်းများရှေ့ဝယ် ဦးညွတ်ခစားလျက် ပျောက်ကွယ်သွားကြရရှာကုန်သည်။ မိမိသည်ကား မွေးကတည်းကပင် သီချင်းဂီတအတတ်၌ အထုံပါလာသူဖြစ်ပေ၏။ မိမိပင်ကိုဉာဏ်နှင့်လည်း ထွင်နိုင်သည်။ ယိုးဒယားသံ၊ အင်္ဂလိပ်သံတို့မှလည်း ဘာသာပြန်နိုင်သည်။ ထို့ကြောင့် ဘကြီးတော်ဘုရားသည် စွယ်တော်စင်
mgyoe.com

ဘုရားရောင်ခြည်တော်ဘွဲ့ကို ဂီတစပ်ဆိုရန် နန်းတွင်းစာဆိုတော်များထဲမှ မိမိကိုသာ ခန့်ထားရွေးချယ်ခြင်းဖြစ်လေသည်။

သို့သော် ရောင်ခြည်တော်ဘွဲ့ ဂီတစပ်ဆိုရန်မှာ မောင်းထောင်ဆရာတော် ကျေးဇူးကြောင့် သီချင်းစာသားကိုသာလျှင် ရပေသေးသည်။ သီချင်းအသံထွက်ကား လိုပေ သေးသည်။ ဘုရားဘွဲ့ တရားဘွဲ့ဖြစ်သောကြောင့် စာသား၌ ခံ့ညားသကဲ့သို့ အသံ၌ လည်း ကျက်သရေရှိရပေမည်။ မိမိကိုယ်ပိုင်ဉာဏ်သုံးပါမှ ကျက်သရေရှိသောအသံကို ရပါမည်လော။ ယိုးဒယားသံ၊ အင်္ဂလိပ်သံတို့မှာလည်း မြန်မာမဆန်သဖြင့် မယူလိုချေ။ ဤသီချင်းကို မိမိသည်အထူးတလည်သတိထား၍ စပ်ဆိုရပေမည်။ တိုင်းပြည်လေးစိတ် လေးမွှာကွဲ၍ ပျက်စီးစေကာမူ မိမိ သီချင်းသည် မပျက်စကောင်း။ ဘုရားသခင် သာသနာတော်တည်ရှိသမျှ ကာလပတ်လုံး မိမိသီချင်းသည်လည်း တည်ရှိရပေမည်။ မိမိသီချင်း တည်ရှိသမျှ ကာလပတ်လုံး၌လည်း ဘုရားသခင်သာသနာတော်သည် တည်ရှိရပေမည်။

ထို့ကြောင့် မိမိ၏အမည်သည် ကမ္ဘာပျက်သည့်တိုင်အောင် လူတို့၏ နှုတ်ခွန်း၌ တည်နေပေတော့မည်။ မောင်းထောင်လည်း သူ၏ဉာဏ်ပညာနှင့် တော်ပါပေ၏။ မိမိ လည်း မိမိ၏ဉာဏ်ပညာနှင့် တော်ပါပေသည်။ သို့သော် မောင်းထောင်သည် ယခုခေတ် ၌သာ ထင်ပေါ်ပေမည်။ မိမိသည် ထိုခေတ်ထိုခေတ်တို့၌ ထင်ပေါ်ရပေဦးမည် တကား။

## (၂)

မောင်းထောင်ဆရာတော်၏ ကျောင်းတိုက်မှ ကြေးစည်သံကလေးသည် ဆွဲဆွဲ ငင်ငင်ထွက်ပေါ်လာသည်။ ကြေးစည်သံသာယာသလောက်လည်း ထိုအချိန်တွင် တစ်ပြိုင်နက် ဆွဲဆွဲငင်ငင် ထွက်ပေါ်လာသော ခွေးအူသံသည် အမင်္ဂလာဖြစ်ပါပေ၏။ ဝန်ကြီးလည်း ဆရာတော်ကျောင်းတိုက်သို့ တစ်ချက်မျှလှမ်းကြည့်ပြီးနောက် မိမိတူရူသို့ ပြန်လှည့်လိုက်သောအခါ မိန်းကလေးတစ်ယောက်သည် သက်ကျားအိုကြီးတစ်ဦးကို လက်မှကိုင်လျက် စေတီတော်ရင်ပြင်ပေါ်သို့ တက်လာနေသည်ကို တွေ့မြင်လေ၏။

မိန်းကလေးသည် ရင်ခွင်ထက်၌ စောင်းအိုကြီးတစ်ခုကို ပိုက်ထားသည်။ လက်တစ်ဖက်မှာ အဘိုးကြီး၏လက်ကိုကိုင်၍ ဖြည်းညင်းစွာ ခေါ်ဆောင်လာသည်။ ဝန်ကြီးနှင့် မနီးမဝေးသို့ ရောက်လာသောအခါ အဘိုးကြီးကို ထိုင်စေ၍ စောင်းကိုမြေ၌ချထားပြီးလျှင် အဘိုးကြီး၏ နောက်နားမကျတကျတွင် ရို့ရို့ကလေးထိုင်၍ အဘိုးကြီး ဘုရားကန်တော့စဉ်တွင် ဘုရားဝတ်ချလေသည်။ အဘိုးကြီးကား အင်္ကျီမရှိ၊ ပုဆိုးကြမ်းကို

mgc.com

mgyoe.com 

ဝတ်လျက် တစ်ထည်ကို ပခုံးထက်၌တင်ထားသည်။ မိန်းကလေး၏ အင်္ကျီမှာကား အဖာရာ အပြည့်နှင့် ညစ်ထေးလှပါသည်။ ဤသူတို့ကား စောင်းတီး၍ ဖုန်းစားသူများ ဖြစ်ပေမည် ဟု စဉ်းစားရင်း ဝန်ကြီးသည် သက်ကျားအို၏ မည်းမည်းကြုတ်ကြုတ် ကျောကုန်းကြီးကို ကြည့်နေရာမှ မိမိ၏ ဖြူဖွေးသော ခြေဖျားများကို ငုံ့ကြည့်လိုက်လေသည်။

စေတီတော်ကို ဖူးမြော်ကန်တော့ပြီးသောအခါ အဘိုးကြီးသည် စောင်းကိုလှမ်းယူ၍ ရင်၌ပိုက်ထားပြီးလျှင် အသာအယာကြိုးစမ်းလျက်နေလေ၏။ စောင်းကြိုးမှာ ဟောင်းနွမ်း သလောက် အသံမှာ ကြည်လင်ပြတ်သားလှပေသည်။

"သမီး–ဖေဖေပြောသကဲ့သို့ မဉ္ဇူသကနတ်ပန်းကို ဘုရားရှင် ကိုယ်တော်မြတ်အား မနောအာရုံနှင့် လှူဒါန်း ဆက်ကပ်ပါ၏လား"

"ဆက်ကပ်ပါသည် ဖေဖေ၊ သို့သော်လည်း သမီးစိတ်မှာ ဝတ္ထုပစ္စည်းမရှိဘဲနှင့် စိတ်ကူးလှူဒါန်းရုံမျှကို ကုသိုလ်မရနိုင်ပါဟု ထင်မိပါသည်"

"ဘယ်နှယ့်ပြောပါလိမ့် သမီး၊ အလှူဒါနဆိုသည်မှာ စေတနာသာ လိုရင်းမဟုတ်လား။ ဘုရားဟော ဇာတ်နိပါတ်များတွင် သေခါနီးမတ္တ၌ ဘုရားရှင်ကို အာရုံပြုမိသောကြောင့် နိဗ္ဗာန်တံခါးပွင့်ရကြောင်းကို ဆိုသည်။ ငါတို့မှာ မသေမီကပင် ဘုရားရှင်ထံသို့ တမင်လာ၍ အာရုံစောကြသည်ကို ကုသိုလ်မရနိုင်ဟု အဘယ်သူ ဆိုနိုင်ပါသလဲ။ ထို့ပြင်လည်း ငါတို့မနောအာရုံနှင့် ကြံစည်၍ မဉ္ဇူသကနတ်ပန်းကို ပူဇော်ဆက်ကပ်သည်မှာ ရယ်ဖွယ်မဟုတ်ချေ။ ဝတ္ထုပစ္စည်းဆိုသည်မှာ ပကာသနလည်းဖြစ်နိုင်သည်။ ငါတို့၏ စေတနာမှာ သမီးနှင့် ဖေဖေတို့တိုင်ပင်ခဲ့ကြသည့်အတိုင်း ပကာသနမဟုတ်။ ဖေဖေပြောခဲ့သည်မဟုတ်လား..ငါတို့မှာ သူတကာကဲ့သို့ လှူချင် တမ်းချင်ကြသည်။ သို့သော် အင်အားကားမရှိ။ အင်အားမရှိသောကြောင့် မလှူရ၊ မတမ်းရပြီလော။ လှူသည် တမ်းသည်ဆိုသည်မှာ စေတနာ သဒ္ဓါတရားသာလျှင် အရင်းခံဖြစ်သည်ဟု ဘုရားရှင်ဟောတော်မူသောကြောင့် ဝတ္ထုပစ္စည်း

mgyoe.com

mgyoe.com

တစ်ခုခုကို စိတ်၌ပြဋ္ဌာန်း၍ စေတနာသန့်သန့်နှင့် လှူဒါန်းပါလျှင် ကုသိုလ်ရမည်မှာ မလွဲချေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသည် ဝတ္ထုပစ္စည်းကို မက်မည်မဟုတ်၊ လူတို့၌ စေတနာရှိ မရှိကို သိလို၍ လှူဒါန်းခိုင်းခြင်းဖြစ်ပေသည်။ ထို့ကြောင့် သမီးနှင့် ဖေဖေတို့သည် စိတ်နှင့်ပြဋ္ဌာန်း၍ လှူဒါန်းကြအံ့ဟု ဝတ္ထုပစ္စည်းကို ကြံစည်ကြရာ လူသားတို့ မလှူဒါန်းနိုင်သော မဥ္စူသကနတ်ပန်းကို တွေးမိကြသဖြင့် ထိုပန်းနှင့် ရှင်တော်ဘုရားကို ပူဇော်ရန် ဤကုန်းတော် ရင်ပြင်ပေါ်သို့ ရောက်လာကြရပေသည်။ ထို့ကြောင့် စင်ကြယ်သော စေတနာကိုသာထားပါလေ သမီး"

"စိတ်နှင့် ပြဋ္ဌာန်း လှူဒါန်းရလျှင် တော်သင့်ပါပြီ။ ဘာကြောင့် စောင်းကိုတီး၍ ပူဇော်ချင်ပါသေးသလဲ။ ဘုရား ကြိုက်မကြိုက်ကိုလည်း မသိဘဲနှင့် ငရဲကြီးနေပါဦးမည်ဖေဖေ"

"မိုက်ပါပေ့ ... သမီးနယ်။ ဘုရားရှင်ကို မဆိုထားဘိ၊ သာမန်လူတစ်ဦးကို မိမိတတ်စွမ်းသောပညာနှင့် ပူဇော်ရသည်ပင် ကုသိုလ်ကြီးလှပါသည်။ အခမဲ့ကုသသော ဆေးသမားများ၊ အခမဲ့သင်ကြားပေးသော စာချဆရာများသည် အလွန်ကုသိုလ်ကြီးလှပေသည်ဟု လူတိုင်းက သာဓုခေါ်ကြကုန်သည်။

သူတို့၏အလုပ်မှာ မိမိတို့ပညာနှင့် သူတစ်ပါးအား မစခြင်း၊ ပူဇော်ခြင်းများပင်ဖြစ်သည်။ သို့ဖြစ်လျှင် ငါတို့လည်း တတ်စွမ်းသောပညာနှင့် ဘုရားရှင်အား ပူဇော်ကန်တော့သည်ကို နတ်လူသာဓုမခေါ်ဘဲ နေမည်မဟုတ်ပါ။ စိတ်ဒွိဟ မဖြစ်ပါနှင့် .. သမီး။ ဘုရားရှင်အား ဂီတနှင့် ပူဇော်သောကြောင့် ငရဲကြီးလိမ့်မည်ဟုလည်း မထင်လေနှင့်။ ငါတို့ ယခု တီးမှုတ်အံ့သော ဂီတမှာ ငါတို့စိတ်နှင့် ပြဋ္ဌာန်းပူဇော်ထားအပ်သော မဥ္စူသကနတ်ပန်းကို ဖွဲ့နွဲ့သောသီချင်းမျှသာ ဖြစ်ချေသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကမှ ပဥ္စသိခနတ်သားသည် ဘုရားရှင်ထံတော်သို့ချဉ်းကပ်၍ သူပိုးပန်းနေသော

ဒေဝစ္ဆရာနတ်သမီး၏ ချောကြောင်းလှကြောင်း မယ်ဘွဲ့ သီချင်းများကို တီးမှုတ်ပြသည်ကိုပင် ဘုရားရှင်ကိုယ်တော်မြတ် သည်းခံတော်မူသည်။ ထိုအကြောင်းကို ထောက်၍ ငါတို့တီးမှုတ်အံ့သော မဥ္ဇူသက နတ်ပန်းဘွဲ့သီချင်းကို ဘုရားရှင်ကိုယ်တော်မြတ်သည် သည်းခံတော်မမူဘဲနေမည် မဟုတ်ပါ။ ထို့ကြောင့် ဖေဖေက တီးပါမည်။ သမီးက 'ဂန္ဓမာတောင်' ချီ မဥ္ဇူသကနတ်ပန်းဘွဲ့ သီချင်းကို ပျော်ရွှင်အားရစွာ သီဆိုပါလေ။ ဩော်–ယခု 'ဂန္ဓမာတောင်' သီချင်းကို စပ်ဆို သီကုံးပေသော မြဝတီဝန်ကြီးသည် ငါတို့ ကျေးဇူးရှင်ကြီးဖြစ်ပေပြီ။ သူ့ကိုအဦးတည်၍ ငါတို့ပြုအပ်သော ကုသိုလ်ကောင်းမှုကို အမျှဝေရန်လည်း မမေ့ပါနှင့်နော်..သမီး"

အဘိုးအိုသည် စောင်းကိုရင်ခွင်၌ ပြင်ပိုက်ပြီးလျှင် စောင်းကြိုးများကို လက်ချောင်းများနှင့် အတန်ကြာမျှ ကစားနေပြီးနောက် ဘွဲ့ကိုစ၍ခံလိုက်လေသည်။ အဘိုးအို၏ လက်ချောင်းများသည် ကြမ်းတမ်း တုတ်ခိုင်သလောက် စောင်းကြိုးကိုခတ်ရာတွင် နူးညံ့ညက်ညောလှပေရာ စောင်းသံသည် မြင်းကောင်းစိုင်းသကဲ့သို့ မထစ်မငေါ့ သွက်သွက်လက်လက်ထွက်ပေါ်လာသည်သာမကဘဲ ပြတ်သားပီသ ကြည်လင်လှသော အသံလည်း ဖြစ်လေတော့သည်။

'ဂန္ဓမာတောင်၊ လိုဏ်ချောင်မုတ်နန်း၊ ကူငယ်မှာ...' ဟု ဆွဲဆွဲငင်ငင်၊ လေးလေးဆေးဆေး သီဆိုလိုက်သော မိန်းကလေး၏ အသံမှာလည်း မတိုးလွန်း မကျယ်လွန်း၊ ချိုအေးသာယာလှပရာ အမြင့်မှာ ကြမ်းသော်လည်း အသံမှာနုသဖြင့် သီချင်းပင်ဆိုသလိုလို၊ တရားပင်ရွတ်သလိုလို၊ သီချင်းနှင့်တရား ရောနှော၍သွားသည်ဟု ကြားရသူတို့စိတ်တွင် ထင်စနိုးဖွယ်ဖြစ်လေ၏။

ဝန်ကြီး၏စိတ်တို့မှာ ဆောက်တည်၍မရပြီ။ လက်ထဲက ပုတီးစိပ်ရမည်ကိုပင် မေ့လျော့၍နေလေ၏။ ထိုထူးဆန်းသူ ၂–ဦး၏ စေတနာသဒ္ဓါတရားကို အထပ်ထပ် စဉ်းစားရင်း ပီတိဟုန်ကြွမိလေသည်။ ထို့ထက်ဝမ်းသာဖွယ်ရာကား မိမိသီကုံးသော သီချင်းနှင့် မြတ်စွာဘုရားအား ပူဇော်ခြင်းပင်ဖြစ်တော့၏။

အဘိုးအို၏လက်သံကား ပြောင်လှတော့သည်။ ဤမျှလက်သံကောင်းသော အတီးသည်တို့ကို မကြားစဖူး။ မိန်းကလေး၏အသံကား အောင်မြင်လှသည်။ ဤမျှ ပိုင်ပိုင်နိုင်နိုင်ဆိုနိုင်သောအသံမျိုးကို နန်းတွင်းနန်းပြင် မကြားစဖူး။ တော်ကြီးဘုရား၏

.com
ရှေ့တော်မှောက်သို့ ဆောင်ကြဉ်းသွားရလျှင် အဘယ်မျှမြှောက်စားလိမ့်မည်နည်း။

ဝန်ကြီး၏စိတ်သည် ကြည်နူး၍နေလေပြီ။ လွမ်းဆွတ်၍နေလေပြီ။ စိတ်ထဲ၌ တစ်ခုခုလိုနေသည်ကိုကားမသိ။ အဇ္ဈောအပြင်ဘက်သို့ရောက်နေပြီးလျှင် ပဥ္စသီခနတ်သားနှင့်တွေ့၍ ပဥ္စသီခ၏နတ်စောင်းကို လုနေရသည်ဟု စိတ်ထဲ၌ ထင်မြင်မိလေသည်။ ဝန်ကြီး၏ ဘဝင်သည် အထက်သို့ ကြွနေချေပြီတကား။

**'ပန်ဆင်ရာ၊ ရွှေကောမြန်းပါလို့၊ သည်ပန်းသာ–မြတ်ပန်းတော်'** ဟု မိန်းကလေးသည် သီချင်းကိုချလိုက်ပြီးသည့်နောက် များမကြာမီ စောင်းသံလည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ အဘိုးအိုသည် စောင်းကို အသာအယာချထားပြီးလျှင် မိန်းကလေးနှင့်အတူ ဘုရားဝတ်ပြု၍ –

**"ဤ ယခုပြုရသော ကုသိုလ်ကောင်းမှုကြောင့် ဘဝဆက်တိုင်း လှူနိုင်တမ်းနိုင်သော ကိုယ်ဖြစ်ရ၍ စောင်းပညာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်နိုင်ပါစေသော်"**

ဟု ဆုတောင်းလိုက်လေသည်။

ဝန်ကြီးသည် အဘိုးအိုနှင့် မိန်းကလေးတို့ ဘုရားကန်တော့နေသည်ကို မျက်တောင်မခတ် စူးစိုက်၍ကြည့်နေမိသည်။ ကြည့်နေရာမှ တွေဝေသွားပြီးလျှင် အဘိုးအို၏အနားသို့ ချဉ်းကပ်၍သွားလေ၏။ အဘိုးအိုသည် ဘုရားကန်တော့ပြီး၍ ခေါင်းကို မော့လိုက်ရာ ဝန်ကြီးကိုမြင်လျှင် အံ့သြခြင်း၊ ကြောက်ရွံ့ခြင်းတို့ ဖြစ်လေသည်။ မိန်းကလေးသည် အဘိုးအို၏အနားသို့တိုးသွား၍ ကျောကုန်းနားတွင် ပုနေရှာသည်။ ဝန်ကြီးလည်း အဘိုးအို၏အနား၌ ထိုင်လိုက်၍ စောင်းကြိုးများကို လက်နှင့်အသာခတ်လိုက်ပြီးလျှင်–

**"ဘိုးဘိုးတို့ စောင်းတီး၍ ဘုရားပူဇော်သည်ကို အားကျပါသဖြင့် ကျွန်တော်လည်း ပူဇော်ပါရစေ။ စောင်းတီးဖို့ရန် အခွင့်ပြုပါမည့်အကြောင်း"**

ဟု စကားဆိုလေ၏။

**"အို – တီးပါ မောင်၊ တီးပါ"**

ဟု အဘိုးအိုသည် ခေါင်းလည်ညိတ်ရင်း စောင်းကိုဝန်ကြီး၏လက်သို့ အပ်လိုက်လေသည်။

ဝန်ကြီးသည် ဘုရားကန်တော့၍ စောင်းကိုပိုက်ပြီးလျှင် ကြိုးကိုစမ်းလိုက်၏။ သို့သော် ဘယ်သီချင်းနှင့် ဘုရားပူဇော်ရမည်ကို မသိနိုင်အောင်ဖြစ်သည်။ စောင်းကြိုးကို အဆက်မပြတ်စမ်းရင်း ဝန်ကြီးသည် ကောင်းကင်သို့မော့၍ လပြည့်ဝန်းကို တွေဝေကြည့်ရှု
mg...com

 mgyoe.com 

နေသည်။ လစကြာသည် စေတီတော်၏ ထီးတော်နှင့်ယှဉ်၍နေသည်။ လရောင်တွင် ထီးတော်သည် ပြိုးပြိုးပြက်လျက် ရောင်ခြည်ထွက်နေလေရာ မကြာမီ ဝန်ကြီး၏မျက်စိတို့သည် ထီးတော်အား ဖူးမြော်လျက်ရှိလေ၏။

ဝန်ကြီး၏လက်တို့သည် သွက်လာ၏။ သီချင်းအစကို ရလေပြီ။ ယခု ဝန်ကြီးသည် ဝန်ကြီးမဟုတ်တော့။ စာဆိုတော်ကြီး ဖြစ်လာလေရာ ထိုခဏ၌ပင် တစ်ခါတစ်ရံမျှ မကြားဖူးသော စောင်းသီချင်းသံသည် စေတီတော်ထီးချက်မှ ဆည်းလည်းသံကလေးတို့နှင့် စည်းဝါးကိုက်လျက် ထွက်ပေါ်လာလေ၏။ ဝန်ကြီးကား ဘုရားပူဇော်အပ်သော သီချင်းကို ရုတ်ခြည်းပင် သီကုံးတီးမှုတ်လိုက်လေပြီ။ သီချင်းသံမှာ ရှေးယခင်က စပ်ဆိုခဲ့သော အသံများကဲ့သို့ ကခုန်မြူးတူးချင်သော အသံမျိုးမဟုတ်၊ ကြားရသူတို့၏ ဘဝင်ကို ကြည်နူး နှစ်သိမ့်စေ၍ ဘုရား တရား သံဃာသို့ ဦးညွတ်ယိမ်းယိုင်စေသော အသံမျိုး ဖြစ်လေသည်။ ကြေးစည်သံနှင့်လည်း တူလေသည်။ ကိုယ်တော်တစ်ပါး စာရွတ်နေသော အသံနှင့်လည်း တူသည်။

အဘိုးအိုသည် ကွမ်းသီးဖက်ဆေးလိပ်ကြီးကို လက်ကြား၌ ညှပ်ထားသော်လည်း မီးညှိရန် သတိမရတော့ပြီ။ ဝန်ကြီး၏ စောင်းသံသည် သွက်၍လာသည့်အခါတိုင်း အဘိုးအိုသည် သတိလစ်၍သွားလေရာ သူ၏ဘဝင်သည် ဘဝဂ်သို့တက်၍ မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ ရောက်နေသည်ဟု ငင်မိလေ၏။ ယခင် ကုသိုလ်ပြုအပ်သော စေတနာသည် တစ်ဝက်တစ်ပျက်မျှဖြစ်သော်လည်း ဝန်ကြီး၏ စောင်းသီချင်းသံကို ကြားရသော အခါ စေတနာအိုးကြီးသည် ပြည့်လျှံ၍သွားတော့၏။ ဝန်ကြီး၏သီချင်းသည် စေတနာမရှိ သူတို့ကို စေတနာရှိစေသည်။ စေတနာရှိသူတို့ကို ထို့ထက်စေတနာ တိုးတက်စေသည်။ သူ၏သီချင်းကို ကြားရသူတိုင်းသည် မြတ်စွာဘုရားကို မနှောအာရုံနှင့် မကြဲစည်မိသူ ရှိလိမ့်မည်မထင်ချေ။ ဤသည်လျှင် **'ထူး မ ခြား နား'** သီချင်းအသံ ဖြစ်ပေါ်ခဲ့ခြင်းပင်တည်း။

## (၃)

ဝန်ကြီးသည်စောင်းကိုချထား၍ အဘိုးအိုကို ကြည့်လိုက်သည်။ အဘိုးအို၏ ကိုယ်သည် တုန်ယင်လျက်၊ တံတွေးမျိုလိုက်သောအသံသည် ကျယ်၍သွားလေသည်။ မိန်းကလေးသည် ခေါင်းငုံ့နေရာမှ မျက်လုံးကိုလှန်လျက် ဝန်ကြီးအားကြည့်၏။ ဝန်ကြီး၏ မျက်နှာသည် လရောင်ခြည်ဟပ်လျက် ကြည်လင်လှပေသည်။ ငါတို့ ကုသိုလ်ကို သာစုခေါ်အံ့သောငှာ နတ်များပင် လူအဟန်ဖန်ဆင်း၍ ရောက်လာလေသလောဟု

mgyoe.com

.com

အဘိုးအို နှင့် မိန်းကလေးတို့သည် ဝန်ကြီးကိုကြည့်ရင်း တွေးမိကြလေသည်။ အဘိုးအိုသည် ဝန်ကြီးလက်ကို ရုတ်တရက်ဖမ်းကိုင်၍ အပြန်ပြန်အထပ်ထပ် နမ်းရှုပ်လေသတည်း။

"ကျေးဇူးကြီးပါပေသည် မောင်။ အဘိုးတို့၏ ပါရမီကို ကူညီဖြည့်စွက်ပေးသော မောင်၏ကျေးဇူးကို အဘိုးတို့ မေ့နိုင်တော့မည်မဟုတ်ပါ"

"ကျွန်တော်ကလည်း ဘိုးဘိုးတို့ကို ကျေးဇူးတင်၍ မဆုံးတော့ပါ။ စေတီပုထိုးတိုင်း ရောင်ခြည်တော်လွှတ်နေသော ဤခေတ်အချိန်အခါတွင် ဘယ်သို့သော ဝတ္တုပစ္စည်းနှင့် ဘုရားရှင်အား ပူဇော်၍ ကုသိုလ်ကောင်းမှုပြုပါအံ့နည်းဟု ကြံခဲ့ရာ ဘိုးဘိုးတို့ မိန့်ဆိုနေကြသော စကားများကြောင့် ယခုကဲ့သို့ မိမိနိုင်စွမ်းသော ပညာနှင့် ဘုရားရှင်အား ပူဇော်ရပေသည်။ ဘိုးဘိုးတို့ အမျှယူတော်မူကြပါ"

"သာဓုပါမောင်၊ သာဓုပါ။ သို့သော်...ယခုဘုရားပုထိုးများ ရောင်ခြည်တော်လွှတ်သည်ကို မောင်..ဘယ်သို့ယူဆပါသလဲ"

"ဘကြီးတော် ဘုရားလက်ထက်တော်တွင် မိစ္ဆာအယူဝါဒ ပျောက်၍ သာသနာထွန်းလင်းသည့် နိမိတ်လက္ခဏာများဟု ယူဆအပ်သည်မဟုတ်ပါလား"

အဘိုးအိုသည် ကျောက်ခတ်ဖြင့် ဆေးလိပ်ကို မီးညှိပြီးလျှင် ရဲခနဲနေအောင် ဖွာလိုက်ပြန်၏။ မီးခိုးများပါးစပ်ထဲမှ မှုတ်ထုတ်၍မကုန်မီပင် အက်ကွဲခြောက်ကပ်သော အသံတွင် စိတ်အားထက်သန်သောအမူအရာနှင့် ဝန်ကြီးအား စကားဆိုလေသည်။

"အဘိုးပြောပါရစေ မောင်၊ မောင်၏ရုပ်ရည်ကို ကြည့်ရခြင်းအားဖြင့် လူကုံထံတစ်ဦးဖြစ်သည်ကို မပြောသော်လည်း သိပါသည်။ သို့သော် အဘိုး ယခုပြောမည့်စကားမှာ မောင်တို့ကဲ့သို့ လူကုံထံများ သိသင့်သိထိုက်လှသည် ဖြစ်သောကြောင့် ပြောရပါဦးမည်။ ဘုရင့်ဓားနှင့်မဝေးပါ။ မောင်ကလည်း အဘိုးပြောမည့်စကားများကို လျှို့ဝှက်ထားပါမည်ဟု ကတိခံရပါလိမ့်မည်။ မောင်ကသာ အဘိုးတို့ပြောသည်ဟု ညွှန်ပါလျှင် အဘိုးတို့ အသက်ပျောက်ဖွယ်ရာသာရှိပါသည်"

မိုးသားကလေးတစ်ခုသည် အပြေးအလွှားလာ၍ လပြည့်ဝန်းအား မခိုးချင်း

mgyee.com

mgyoe.com


ဝင်တိုက်လိုက်သည်။ လမင်းသည် မိုးသားကလေးနှင့် မဖက်ပြိုင်လိုသဖြင့် ဘေးဘက်သို့ ရှောင်နေလိုက်ရာ လောကဓာတ်ကြီးမှာ မှဲ့မှုန်၍သွားလေသည်။ သက်ကျားအိုး၏ ဆေးလိပ် မီးလည်း မရဲတော့ပြီ။ ဝန်ကြီးလည်း အလင်းရောင်ကိုသာ တောင့်တလျက်နေလေ၏။

"ပြောသာပြောပါ၊ ဘိုးဘိုးတို့ ဒုက္ခမရောက်စေရပါဘူး"

"သာဓုပါမောင်။ သာဓုပါ။ အကြောင်းက ယခုအခါ ရွှေမြို့တော်၌ ရှိသမျှသော ဘုရားပုထိုးတို့သည် ရောင်ခြည်တော်လွှတ်ကြသည်ကို မောင်လည်း အသိပင်ဖြစ်ပါသည်။ ဤသို့ရောင်ခြည်တော်လွှတ်သည်ကို ဝန်ကြီးသက်တော်ရှည်ကစ၍ နန်းတွင်းသူနန်းတွင်းသားတို့က ဘုရင်မင်းမြတ် ဘုန်းတန်ခိုးကြီး၍ သက်တော်ရှည်မည့်အကြောင်း၊ သာသနာစည်ပင်မည့် အကြောင်းဟု မိန့်ဆိုကြကုန်သည်။

အဘိုး၏စိတ်ထဲမှာ ဤသို့မယူနိုင်ပါ။ ဝန်ကြီးသက်တော်ရှည်၊ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့လည်း အဘိုးကဲ့သို့ပင် ယူဆကြပေမည်။ သို့သော်လည်း မင်းခယောက်ျားမည်သည်မှာ မင်းကြိုက်ကိုလိုက်၍ တင်လျှောက်ကြသည်သာ ဖြစ်သောကြောင့် သိပင်သိငြားသော်လည်း ဘဝရှင်မင်းတရားကြီး မျက်နှာတော် မညိုအောင် အခွင့်အရေးကိုကြည့်၍ တင်လျှောက်ကြသည်နှင့် တူပါသည်။ အဘိုး၏ အယူဝါဒမှာ ရောင်ခြည်တော်အနှံ့အပြား လွှတ်ခြင်းသည် ကောင်းသောနိမိတ်ဟု မထင်ပါ။

ရောင်ခြည်တော်လွှတ်ခြင်း၊ ကြယ်ကြွေခြင်း၊ တော်လဲခြင်း၊ ဥက္ကာပျံခြင်း အစရှိသော နိမိတ်တို့ကို 'ပြည်ရွာပျက်မှု - ကြောင်းဆယ်ခု' ဟု ဆိုသည်မဟုတ်လား။ ရောင်ခြည်တော်လွှတ်သည်ဆိုရာ၌ တန်ခိုးကြီးသော ဘုရားများသာ ရောင်ခြည်တော်လွှတ်ပါလျှင် 'ပြည်ရွာပျက်မှု - ကြောင်းဆယ်ခု' ဟု မဆိုနိုင်ပါ။ ယခုမှာ တန်ခိုးကြီးသည် မကြီးသည် မဟုတ်၊ အရပ်ထက်ဝန်းကျင် အနှံ့အပြား ဘုရားစေတီတော်တို့ ရောင်ခြည်တော်လွှတ်သည်မှာ တိုင်းပြည်ပျက်စီးရန်သော်

mgyoe.com

mgyee.com

လည်းကောင်း၊ ဘုရင်မင်းမြတ် နတ်ရွာလားရန် အချိန်တန်၍ သော်လည်းကောင်း ဖြစ်ပေါ်လာရသော နိမိတ်လက္ခဏာ ဖြစ်ပေမည်ဟု အဘိုးယူဆမိပါသည်။

ယခု ကုလားဖြူများနှင့် ဖြစ်ပျက်နေသော အရေးတော်ပုံ မှာလည်း မအေးသေး။ တိုင်းပြည်ပျက်မည့်ကိန်းပင် ကြုံချင် ကြုံလာပေဦးမည်။ တော်ကြီးဘုရား နတ်ရွာစံမည့်ကိန်းမှာ လည်း အနိစ္စသဘောတရားကို ဘယ်သူမျှ မတားဆီးနိုင်ပါ။ တော်ကြီးဘုရားလည်း အရွယ်တော်ကြီးသဖြင့် မကြာခဏ မကျန်းမာတော်မူသည့်အကြောင်းကိုလည်း ကြားရပါသည်။ အဘိုးပြောသည့်စကား မှန် မမှန်ကို ဆင်ခြင်သာကြည့်ပါ တော့ မောင်" ဟု အဘိုးအိုသည် သက်မရှည်ကြီးကိုချရင်း နိဂုံးချုပ် လိုက်လေသည်။

ဝန်ကြီးလည်း သက်မချလိုက်၏။ လပြည့်ဝန်း၏အရောင်သည် ကြည်လင် သလောက် ဝန်ကြီး၏မျက်နှာသည် ညိုမည်းလျက်နေပြီ။ ကွမ်းတစ်ယာညက်ခန့်က လမင်း သည် ကြည်နူးနေပေသော ဝန်ကြီး၏ နှလုံးဟဒယနှင့် ပနံစားလှသော်လည်း ယခု လမင်း သည် သဘာဝလောကနှင့် လူ့လောကတို့ ပနံမစားနိုင်ကြောင်းကို ဝန်ကြီးအား ထင်ရှားစွာ ပြမှာလျက်ရှိချေသည်။

ဝန်ကြီးသည် သက်ကျားအိုအား စူးစူးစိုက်စိုက်ကြည့်၏။ ထိုအခါ မြင်ဖူးသလို လို ရှိပါသည်ဟု ထင်မိရာကအစ အသားမည်းသည်မှတစ်ပါး တော်ကြီးဘုရားနှင့် တူ သလိုလိုဟု တွေးလိုက်မိလေသည်။ နိမိတ်ပေလော။ နိမိတ်လည်း မဟုတ်နိုင်ပါ။ နံနက်က ပင်လျှင် ဘဝရှင်မင်းတရားကြီးသည် ရွှင်လန်းသောမျက်နှာ၊ နုပျိုသေးသော ကိုယ်ကာယ နှင့် ဗိုလ်ရှု သဘင်ခံတော်မူသေးသည်။ ထိုအခါ နန်းဦးစွယ်တော်စင်ဘုရား ရောင်ခြည်တော် လွှတ်သည်ကို မြိန်ရေရှက်ရေ မိန့်တော်မူရာ မြို့စားတော်မင်းတစ်ဦးက –

"နန်းဦး စွယ်တော်စင်သာမက ရွှေမြို့တော်အတွင်းရှိ အသီးသီးသော စေတီပုထိုးတော်တို့ ရောင်ခြည်တော် လွှတ်ကြ သည်မှာ သာသနာ့ဒါယကာ ဘုရင်ဧကရာဇ်မင်းမြတ် အစစ် အမှန်ဖြစ်ပေသည်ဟု ဘုရားရှင်တို့ ထောက်ခံလိုသော သဘော လမ်း ဖြောင့်တန်းလျက်ရှိကြောင်းပါဘုရား"

ဟု သံတော်ဦးတင်သည်။ အခြားအခြားသော ဝန်စုမှူးစုတို့လည်း တော်ကြီး

mgyee.com

ဘုရား၏ ဘုန်းတန်ခိုး တေဇာ ကြီးမားပုံကိုသာ ချီးကျူး၍တင်လျှောက်ကြသည်ချည်း ဖြစ်သည်။ တော်ကြီးဘုရား ကျေနပ်ရွှင်ပြုံးသောမျက်နှာနှင့် မိမိကိုခေါ်၍ နန်းဦးစွယ်တော်စင်ဘုရား ရောင်ခြည်တော်လွှတ်သည်ကို တေးသီချင်းစပ်ဆိုရန် မိန့်တော်မူလေရာ မိမိပင်လျှင် မောင်းထောင်ဆရာတော်ကျောင်းတိုက်သို့ ရောက်နေပြီမဟုတ်ပါလော။

ဤမျှအေးချမ်းပျော်ရွှင်ဖွယ်ကောင်းသော လောကကြီးတွင် ဤအမင်္ဂလာကောင်သက်ကျားအိုကြီး၏ စကားများသည် ယုတ္တိမရှိပြီ။ မယုံကြည်နိုင်ပြီ။ သို့သော် ဤသက်ကျား အိုပြောသော စကားများကဲ့သို့ ပြည်ရွာပျက်မှု–ကြောင်းဆယ်ခုတို့တွင် ဘုရားရောင်ခြည်တော် လွှတ်ခြင်းသည်လည်း အပါအဝင်ဖြစ်ချေသည်။ သို့ဖြစ်လျှင် ဤအဘိုးအိုဆိုသော စကားများသည် မှန်လည်းမှန်ပေမည်။ သူ၏ပါးစပ်၌ နတ်များပင် စောင့်နေသောကြောင့် ဤသို့ပြောကြားရခြင်းပင် ဖြစ်လေသလော။ သူ့စကားမှန်ပါလျှင် တော်ကြီးဘုရားသည် မိမိစပ်ဆိုလတ္တံ့သော ရောင်ခြည်တော်သီချင်းကို နားတော်မှ ဆင်ရပါဦးမည်လော။

ဝန်ကြီးသည် စေတီတော်ဘက်သို့လှည့်၍ ကန်တော့၏။ ကန်တော့ပြီးလျှင် အဘိုးအိုအား 'ခွင့်ပြုပါဦး' ဟု ပြတ်ပြတ်တောင်းတောင်းပင် ပြော၍ ဦးခေါင်းငိုက်စိုက်နှင့် စေတီရင်ပြင်မှ လျင်မြန်စွာဆင်းသက်ခဲ့လေသတည်း။

(၄)

နောက်တစ်နေ့ နံနက်သည်ကား နန်းတော်ကြီး၌ 'ထူး မ ခြား နား' သီချင်းကြီးအသက်ဝင်သောနေ့ ဖြစ်လေသည်။ ဘဝရှင်မင်းတရားကြီးသည် သလွန်ထက်၌ လဲလျောင်း နေတော်မူရင်းက၊ ဝန်ကြီးဦးစ၏ တပည့် ၂–ယောက်တို့ သီဆိုတီးမှုတ်သောသီချင်းကို နားသောတဆင်တော်မူနေသည်။ သီချင်းစာသားတို့သည် ခံ့ညားလှ၏တကား။ သီချင်း အသံသည် ကြေးစည်သံ၊ စာရွတ်သံတို့နှင့် တူလှချေ၏တကား။ တော်ကြီးဘုရားသာလျှင် မဟုတ်၊ နားထောင်နေကြသော မှူးမတ်ဗိုလ်ပုံ ပရိသတ်တို့မှာလည်း လက်အုပ်ချီမိသူ၊ ဘုရားတ,မိသူများသာလျှင် ဖြစ်ကြလေကုန်၏။ မိဖုရားခေါင်ကြီးမှာကား ကြည်နူးလွမ်းဆွတ်လှသဖြင့် မျက်ရည်များပင် ကျမိရှာလေသည်။

မြတ်စွာဘုရား ရောင်ခြည်တော်လွှတ်နေပုံသည် သီချင်းနားထောင်နေသူတို့ မျက်စိထဲ၌ ကွင်းခနဲပေါ်လာတော့၏။ မနောအာရုံတို့သည်လည်း ဘုရားပုထိုး စေတီတို့သို့ ရည်မှန်းဖူးမြော်မိကြလေရာ နန်းတော်ကြီးတစ်ဆောင်လုံးတွင် ဘုရားကျောင်းပရိဝုဏ်၏ အနံ့အသက်များသည် သင်းကြိုင်ပြည့်လျှံလျက် နေလေပြီဟု ထင်မှတ်ရလေ၏။
mgyoe.com

mgyoe.com

"အခေါင်ဉာဏ်ပန်း၊ ထွန်းရောင်ဝါလန်း
ဇေတဝန်နန်း၊ ခြားသန်းလေသာ
စံဆောင်တည်လယ်ချာ
ဘုံသာနန်းမ၊ ထွန်းဝင်းထွန်းဝင်း
လျှံပေါ်လျှံပေါ်၊ ရောင်တော်ရောင်တော်
ရောင်တော် ရောင်တော်ဖြိုးမြင့်
အံ့လေဖွယ်ရာ၊ လွတ်သည်နှင့်သာပင်"

ဟူ၍ အဆိုတော်၏ အေးမြကြည်လင်ပြတ်သားလှသော အသံကိုကြားရသော အခါ ထိုနေ့ညက နန်းဦးစွယ်တော်စင်ဘုရား ရောင်ခြည်တော်လွှတ်သည်ကို ဖူးမြော်ကန်တော့ရပုံ အလုံးစုံတို့ကို မျက်စိထဲ၌ ပြန်လည်မြင်ယောင်လျက်ရှိကြကုန်၏။

"သျှင်ရင်းမြတ် စကြာမွန်ငယ်ကိုလေ
တင်ထိပ်ဦးစုံဖူးတည့်ရှိကြောင်း"

ဟူ၍ သီချင်းကိုချလိုက်သည်နှင့် ဘုရားစေတီကို ရည်မှန်းလျက် မှူးမတ်ပရိသတ်တို့သည် ရှိခိုးကန်တော့ကြကုန်သတည်း။

ဘဝရှင်မင်းတရားကြီးသည် မျက်စိကိုမှိတ်၍ လက်အုပ်ချီပြီးလျှင် ဘုရားကို အာရုံပြုလျက် နေတော်မူသည်။ မိဖုရားခေါင်ကြီးလည်း မျက်လွှာကိုချတော်မူ၍ လက်မှ ပုတီးကိုချွတ်ပြီးလျှင် စိပ်လျက်နေတော်မူသည်။ ဝန်စုမှူးစုတို့ကား စကားပြောရမည်ကို လည်း သတိမရ။ စေတနာသဒ္ဓါတရား ဖုံးလွှမ်းနေသော မျက်နှာများနှင့် တစ်ဦးကိုတစ်ဦး ကြည့်လျက်သာနေကြရှာတော့သည်။

သလွန်တော်၏ ခြေရင်းဘက်၌ သီချင်းစသည်ကိုလည်း သတိမထား၊ သီချင်း ဆုံးသည်ကိုလည်းမသိလိုက်သော မြဝတီဝန်ကြီးသည် နန်းတော်တိုင်ကိုမှီလျက် ဘကြီးတော်ဘုရား၏ ရွှေမျက်နှာတော်ကိုသာ ငေးမောလျက်ကြည့်နေလေသည်။ ဝန်ကြီး၏ မျက်နှာသည် မသာယာနိုင်။ ဝမ်းနည်းသော အရိုးအရိပ်တို့နှင့် ဖုံးလွှမ်းလျက်နေလေသည်။ လက်ထဲက ပုတီးကိုမူ စိပ်ပင်စိပ်ပါသော်လည်း ပါးစပ်ကမူ 'ပြည်ရွာပျက်မူ—ကြောင်းဆယ်ခု' ဟုသာ အထပ်ထပ်အခါခါ ရေရွတ်လျက်နေတော့သည်။

မိဖုရားခေါင်ကြီး၏ အမိန့်တော်ကြောင့် မောင်းထောင်ဆရာတော်၏ ပညာနှင့် မြဝတီဝန်ကြီး ဦးစ၏ပညာတို့ပေါင်းစပ်ထားအပ်သော 'ထူးမခြားနား' သီချင်းကြီးသည် ဒုတိယမ္ဘိ သာသာယာယာ ထွက်ပေါ်၍လာပြန်ပါတော့သတည်း။ ။

mgyoe.com

## ပန်းဝါမြေမှ ပေဖူးလွှာ

သက္ကရာဇ် ၁၁၈၅–ခုနှစ်တွင်၊ ရခိုင်ပြည် ရှင်မဖြူကျွန်းကို အင်္ဂလိပ်တို့က ကျူးကျော် တိုက်ခိုက် အလံစိုက်လာသောကြောင့် ရွှေဖဝါးတော် အောက်က ဝန်ကြီး၊ မင်းကြီး မဟာဗန္ဓုလကို ဗိုလ်မှူး မင်းကြီး မဟာ သီဟသူရ (မြဝတီဦးစ) ကို လက်ဝဲစစ်ကဲ၊ မင်းကြီး မင်းလှရာဇာကို လက်ယာစစ်ကဲခန့်၍ ရဲမက် ၂၀၀၀၀–ကျော်နှင့်ချီ၍ စလင်းဆင်ဖြူ ကျွန်းဆိပ်တွင် ချရပ်သည်။ ထိုမှတောတောင်အထပ်ထပ်ကို ကျော် ဖြတ်၍ ရခိုင် ဓညဝတီမြို့ကြီး၏ အနောက်တောင် စကားတောင် အောင်တပ်တွင် ချရပ်၍ခန့်ရန်းသည်။

**စကားတောင်အောင်တပ်တွင် ချရပ်စဉ်က**
**မြဝတီမင်း ဦးစရေးသားသော မိုးဘွဲ့**

* ကြိုင်ပျံ့ရှား၊ စကားဆီကနှောင် ။ ။
* လေ့တသွေး၊ မဝေးမကွာလှလေဘု၊ နန်းယက္ခ
တောင် ။ ။
* ညိုလို့သာဝန်းတော့၊ မြယွန်းဆီကမှောင်၊
ပူအောင်ဖွဲ့ဖန်ပျိုး ။ ။
* ဆည်လို့တဲ၊ ကြည်ကွဲအောင်မဆင်လာနှင့်
ရှစ်ခွင်မှာပြာရီမှဲ့တယ်၊
လွမ်းနယ်ချဲ့မိုး ။ ။

(မြဝတီမင်းကြီး သီချင်းစုပေမူမှ)

mgyoe.com

mgyoe.com

## အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

# မြဝတီမင်းကြီးဦးစ ဘဝဖြစ်စဉ်

ဦးအုန်းရွှေ

**ဖွားသက္ကရာဇ် အမိအဖ ။** ။ ဦးစ၏အမိမှာ သာလွန်မင်းလက်ထက် အမတ်ကြီး ဗညားကျန်းတော၏ မြေးမ မငြိမ်းသာ၊ အမိမျိုးရိုး၊ မှူးမတ်မျိုးရိုး။ အဖမှာ အလုံမြို့ မြောက်လက် မောက်တက်ရွာနေ[၁] မြင်းတပ်တွင် ပါဝင်သော မြင်းစီးကြီးသား ဦးပေါက်ကျော်၊ အဖမျိုးရိုး၊ အစုအမှုထမ်းမျိုး။ မွေးဖွားသောနှစ်မှာ အလောင်းမင်းတရား၏ သားလတ် အင်းဝတတိယတည် ကုန်းဘောင်ဆင်ဖြူရှင်လည်းခေါ် မြေဒူးမင်းလက်ထက် ၁၁၂၈–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀–ရက်၊ အင်္ဂါနေ့ဖွား[၂] ငယ်မည်မောင်စတည်း။

**အဖဘက်အစုမျိုး ။** ။ အဖမျိုးရိုး မြင်းတပ်အမှုထမ်း အစုသား။ ရာဇဝင်အရ အသည်မျိုး အစုမျိုးဟု ၂–မျိုးရှိသည်။ ပမာဆိုသော် မင်းခေါင်စွာစော်ကဲတို့လက်ထက် ဝန်ဇင်းမင်းရာဇာသည် အသည်မျိုးဖြစ်သည်။ ကင်းဝန်မင်းကြီး ဦးကောင်းမှာ သေနတ်ထမ်း ခြေလျင်စစ်သားအစုမျိုးဖြစ်သည်။

ရာဇဝင်စကား **'အသည်တိုင်မှနတ်တော်မူ၍ နတ်ရှင်မြင်းအစုမှာ ဖြည့်သွင်းဘွဲ့သည်'** ဆိုသည်မှာ အသည်မှ အစုသို့ပြောင်း၍ မျိုးရိုးမြှင့်တင်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ဦးစသည် ဝန်ကြီးမဖြစ်ဘဲ သူ့ရပ်သူ့ရွာမှာ ရှိနေခဲ့သော် မြင်းတပ်မှာ မြင်းစီးသူရဲတစ်ယောက်အဖြစ်ဖြင့် အမှုထမ်းရမည်သာဖြစ်၏။ ရှောင်လွှဲမရနိုင်ချေ။ မြင်းစီးအမှုထမ်းမျိုးရိုးမှာ စီးခွင့်၊ နောက်ထောက်,ဟုရှိရာ စစ်မြင်းကိုစီးလျက် စစ်မှုထမ်းနေဆဲသူကို **'စီးခွင့်'** ဟုခေါ်၏။ ယင်းစီးခွင့် လက်ရှိသူမှာ အရံ **'နောက်ထောက်'** ရှိရမြဲတည်း။ စီးခွင့်တပ်သား တစ်ယောက် လပ်သွားလျှင် နောက်ထောက်အရန်ထဲက တစ်ယောက်ဝင်ရောက်အမှုထမ်းရစမြဲ။ မောင်စသည် သူ့အတွက် စီးခွင့်မလပ်သေးခင် အမှုထမ်း ရာထူး

၁။ မြန်မာစာညွန့်ပေါင်း ဒုတိယတွဲ ၄၀၆–၌ စစ်ကိုင်းမြို့ အနောက် မိချောင်းတက်ရွာဇာတိ။

၂။ မောင်စကား သက္ကရာဇ် ၁၁၂၈–ခု၊ အင်္ဂါနေ့ဖွားတည်း။ (မုံရွေး မှတ်စု–၁၀၅)

mgyoe.com

 .com 

ကြီး ရလိုက်ခြင်း ဖြစ်သည်။

**မွေးရပ်ဇာတိ** ။ ။ ဦးစ၏ မွေးဖွားရာအရပ်ကို စစ်ကိုင်းမြို့ဟု တစ်သမတ်တည်းအဆိုညီကြစေကာမူ ချက်မြှုပ်ရပ် ချက်မြှုပ်ရွာကား အဆိုကွဲကြသည်။[၁] အခိုင်မာဆုံးသော အမှတ်အသားမှာ စစ်ကိုင်းမြို့ ဗညားရပ်ကွက် ဗညားဆိပ်ကမ်းဖြစ်သည်ဟု အချို့ကဆို၏။ အကြောင်းပြချက်မှာ သာလွန်မင်းလက်ထက် ထင်ရှားသော အမတ်ကြီး ဗညားကျန်းတောသည် အင်းဝမြို့တွင်း၌ လွတ်တက်ရသည်ဖြစ်သော်လည်း အင်းဝဘက်မှာမနေ၊ ထိုဝန်ကြီးနေသော အရပ်ကို စစ်ကိုင်းမှာ 'ဗညားရပ်' ဟုခေါ်သည်။ (သာယာဝတီမင်းသည် ဘကြီးတော်မင်းကို ပုန်ကန်၍ ထွက်သွားသောအခါ ၎င်းဗညားဆိပ်ကမ်းရောက်ကူးသည်ဟု ဒုတိယမှန်နန်း ရာဇဝင်မှာဆိုသည်။[၂])

ဗညားကျန်းတောသည် ဗညားရပ်ခေါ်တွင်မည့်နေရပ်၌နေကြောင်း သက်သေမှာ **'အင်းဝနန်းကို အမြင့်မင်းသားရှင်တရုပ် စီးသောအခါ အမတ်ကြီး ဗညားကျန်းတော အင်းဝမှာ မရှိ။ စစ်ကိုင်းသို့ကူး၍ ခေါ်ယူရသည်။ ဗညားကျန်းတောအပြင်မှာ ရောက်နေသဖြင့်လည်း သူပုန်ကို ခုခံတိုက်လှန်ခွင့်ရလိုက်သည်။ ထိုကစ၍ အစဉ်အဆက် ဗညားကျန်းတော သားစဉ်မြေးဆက် စစ်ကိုင်းမှာနေသည်။ မြေးဖြစ်သူ မငြိမ်းသာလည်း စစ်ကိုင်းမှာပင် ဆက်လက်နေသည်'** ထို့ကြောင့် ဦးစကို စစ်ကိုင်းမြို့ ဇာတိဟုဆိုကြသည်။

**အသက်–၂၀ ပထမအိမ်ထောင်** ။ ။ မောင်စ အသက် ၆–နှစ် တွင် အဖသေဆုံး၍ ၁၁–နှစ်တွင် အင်းဝမြို့ မဲထီးဆရာတော် ဦးပရမ[၃] ကျောင်းတွင်ရှင်ပြုစာသင်၊ ဘိုးတော်မင်းတရား အမရပူရမြို့သည် ၁၁၄၄–ခုမှာ မောင်စ အသက် ၁၆–နှစ်ရှိလေပြီ။ ရှင်လူထွက်လျှင် စစ်ကိုင်းမြို့ ပန်းထိမ်ဝန်ဟောင်း ဦးညွန့်၏ သမီးမအေးနှင့် အိမ်သင့်၍ ယောက္ခမ အလုပ်လက်စ ပန်းထိမ်အလုပ်, ရွှေ ကျောက်ရောင်း အလုပ်ကို

---

၁။ ညီတော် သာယာဝတီမင်းလည်း ... ရွှေကုံးလှေတော်နှင့် ဧရာဝတီမြစ်မြောက်ဘက်သို့ ကူးတော်မူ၏။ ... ဧရာဝတီမြစ် မြောက်ဘက် အလိုတော်ရှိရာ ဗညားဆိပ်ကမ်းသို့ ဆိုက်ရောက်ကြသောဟူ၏။ (ဒုတိယ မှန်နန်းရာဇဝင် – ၁၈၆)

၂။ မှန်နန်းရာဇဝင် တတိယ–၂၉၄၊ ဦးကုလားရာဇဝင် တတိယ–၂၄၅၊ မှန်နန်းယခုရှိ ပုံနှိပ်မူ၌ ပေတစ်မျက်နှာစာ ကျနေသဖြင့် ဗညားကျန်းတောအပြင်ရှိနေကြောင်း အပြည့်အစုံမပါ။ ပေမူ၌ကား ပြည့်စုံစွာပါသည်။

၃။ ဦးပရမ ၁၁၀၄–ခုဘွား၊ ဘိုးတော်မင်းကြီး အမရပူရသို့ ထီးနန်းပြောင်းသောအခါ ပင့်သွား၍ အမရပူရ မဲထီးတိုက်မှာနေ၊ တောင်ငူမင်းသားကိုးကွယ်၍ ရာဇဂုရုဘွဲ့ တံဆိပ်ရ။ ဝံသဒီပနီ ကျမ်းပြုဆရာတော်တည်း။

mgyoe.com

mgyoe.com
လုပ် သည်။ အသက် ၁၉–နှစ်တွင် ဇနီးမအေးဆုံးသည်ဟု မှတ်တမ်းများ၌ဆို၏။ မည်သည့်နှစ်က အိမ်ထောင်ကျသည်ဟုကား အတိအကျမဆို။ အသက်(၁၉–၂၀)တွင် မုဆိုးဖိုဖြစ်လျက် အခြေမတည်၊ စစ်ကိုင်းမြို့ အနောက်ဖျား အစေခံရွာကလေးမှာနေသည်။

**(အစေခံရွာဆိုသည်မှာ မြန်မာဘုရင့်ရေတပ်တော်၌အသုံးပြုသော အစေခံလှေတော်ဟူ၍ ရှိ၏။ ထိုအစေခံမည်သော လှေတော်အမှုထမ်းသားတို့ တစ်စုတစ်ဝေးနေသောရွာတည်း။)**

**အသက်–၂၅ ဆိုင်းသမားမောင်စ ။** ။ မောင်စသည် မယားဆုံးပြီးနောက် စိတ်မတည်ငြိမ် ကယောက်ကယက်ရှိလှသဖြင့် စစ်ကိုင်းတွင် မနေလိုသောကြောင့် အင်းဝဘက်သို့ကူးနေ၍ အတွင်းတော်လက်ဝဲဆိုင်းအမှုထမ်း ဆိုင်းဆရာကြီးဦးတလုပ်ထံ ဆည်းကပ်ရာ ဦးတလုပ်က အတီးပညာ သင်ပေး၍ ကြေးဝိုင်းတီးရသည်။

**(အတွင်းတော်ဆိုင်းမှာ ဝဲဆိုင်းယာဆိုင်း ၂–မျိုးရှိရာ ဝဲဆိုင်းက ယာဆိုင်းထက် အဆင့်အတန်းမြင့်သည်။ မောင်စသည် ထိုအခါကပင် စာပေနယ်ဘက်နွယ်ယှက်ကူးပြောင်းစဖြစ်သည်ပြင် အတွင်းဆိုင်းတော်သားတို့နှင့်အတူ တီးရာပါရသဖြင့် နန်းတော်အိမ်ရှေ့အိမ် အတွင်းသားတို့နှင့် မျက်မှန်းတန်း၍ လမ်းစရရှိသွားလေသည်။)**

**၃၀–ကျော်မောင်စ ။** ။ ထိုအချိန်မှာ ဘိုးတော်၏သားတော် ရခိုင်ချီရွှေတောင်မင်းသား အိမ်ရှေ့မင်း၏သံတော်ဆင့် လက်ယာပုံ့ချီထံသို့ ရောက်၍ စာပေရေးသားသော အမှုထမ်းဘောင်သို့ ဝင်စပြုသည်။ သက္ကရာဇ် ၁၁၆၀–တွင် ဇေယသင်္ခယာဘွဲ့ခံ အိမ်ရှေ့အတွင်းဝန်က[၁] မောင်စအရည်အချင်းကို အိမ်ရှေ့ ရွှေတောင်မင်းသားထံလျှောက် စာဆက်သွင်း မ,စ သဖြင့် အိမ်ရှေ့အိမ်တော်သို့ရောက်၍ အိမ်ရှေ့ဘဏ္ဍာစာရေးဖြစ်သည်။[၂]

---

၁။ ဘိုးတော်လက်ထက် အိမ်ရှေ့အတွင်းဝန်၊ ရတနာပူရ မြို့တော် မဟာဇေယပထ တန်တားဦးရှာဓာတိ ၁၁၀၅ ခုဖွား၊ ဇေယ သင်္ခယာဘွဲ့ခံ၊ ရွှေဘုံနိဒါန်းပြုစုသူ (ကဝိလက္ခဏာ ဒီပနီ–၃၀၉–သံပေါက် ၈၂၈–အဖွင့်၊ ဝေါဟာရ လိနတ္ထဒီပနီ–၂၄၆၊ ကြက်တူရွေး ၉၄၉ အဖွင့်)

၂။ ၁၁၆၀–ပြည့်နှစ်တွင် ယဉ်ပင်လယ်ပတ်ပျိုးကို ဘဏ္ဍာစာရေးအဖြစ် အိမ်ရှေ့အိမ်၌ အမှုထမ်းစဉ် ရေးသည်ဟု ဂီတသမိုင်း၌ ဆို၏။ မဟာဂီတပေါင်းချုပ်–၇၀၊ မဟာဂီတမေဒနီ–၆၉ ၌ 'ရည်ပင်လယ်၊ ရေနယ်လျှံ' ရေလားပတ်ပျိုးဟုဆို၏။ အိပ်မက်ရ, သိုက်စာကို အမရပူရမြို့တည် နန်းတည်မင်းတရားကြီးက အိမ်ရှေ့ဘဏ္ဍာစာရေး မောင်စကို အမိန့်တော်ရှိ၏။ ထိုမောင်စ ကား ၎င်းနောက်သံတော်ဆင့်ခန့်တော်မူသည်။ ၎င်းနောက် အိမ်ရှေ့အတွင်းဝန်ခန့်သည် (မုံရွေးဆရာတော် မှတ်စု–၁၀၅)

mgyoe.com

mgyee.com

ဓာတ်ဆရာမောင်စ ။ ။ အိမ်ရှေ့ရွှေတောင်မင်းသားသည် စာတတ်ပေတတ် ပညာရှိများကို ချီးပင့်ပြုစုထားသဖြင့် ရွှေတိုက်စိုးရာမရကန်ဦးတိုး၊ ရွှေဘုံနိဒါန်းပြုစုသူ ဇေယသင်္ချာဦးရွဲစသော သုခမိန်တစ်စုသည် ထိုရွှေတောင်မင်းသားကို ခြံရံလျက်ရှိကြလေသည်။

မြဝတီမင်းကြီးဖြစ်လတ္တံ့သော မောင်စသည် ထိုရွှေတောင်မင်းသား အသိုင်းအဝိုင်း သုခမိန်တို့နှင့် ရင်းနှီးဆက်ဆံမိသည်။ သက္ကရာဇ် ၁၁၅၁–ခုမှာ ထိုအိမ်ရှေ့ ရွှေတောင်မင်းသားက ယိုးဒယားလူမျိုးတို့ကသော အီနောင်ဇာတ်ထုပ် (အီနောင်မင်းသား၊ ပွတ်စပါးမင်းသမီးတို့)[၁] ဖြစ်ရပ်ကို မြန်မာပြန်ရန် အဖွဲ့တစ်ခုဖွဲ့သည်။ ထိုအဖွဲ့မှာ –

၁။ ပထမကာမမြို့၊ ဒုတိယတောင်ငူမြို့စား သတိုးဓမ္မရာဇာ

၂။ စဥ့်ကူမင်း မိဖုရားဟောင်း သီရိပဘာဒေဝီဘွဲ့ခံ၍ တောင်ငူမင်းသားနှင့် ဆက်လက်သော ကေသာသီရိ နန်းတွင်းဇာတ်ရေးသူ မင်းသမီး ခင်မင်းမိ

၃။ မဟာဂီတပါ သီချင်းကြီးများရေးသော ပြင်စည်မြို့စား မြင်းမှူးမင်းသား၊ မြင်ကွန်းမင်းသားလည်းခေါ် ပြင်စည်မင်းသားကြီး

၄။ မလဲသာရွာစား ငယ်တိုးအတွင်းဝန် မဟာနန္ဒယော်ဓာ ဦးကျီစိုး

၅။ ဓမ္မေယျပျို့ရေးသားသူ မိုးတားမြို့စားဝန်ထောက် ပညာရှိ နေမျိုးကျော်စွာ

၆။ ရာမရကန်၊ ရခိုင်ချီရတုများရေးသူ ရွှေတိုက်စိုးဦးတိုး

၇။ မြဝတီဝန်ကြီးဖြစ်မည့် မောင်စ

ဤအဖွဲ့ဝင်တို့သည် အသီးအသီး သူ့တာဝန်နှင့်သူ ရေးသားကြရသည်။ ထိုတွင် မောင်စမှာ တီးကွက်နှင့် ဇာတ်ချင်းကို ဝေပုံကျတာဝန်ယူ၍ ရေးသားရသူ ဖြစ်သည်။[၂]

သက္ကရာဇ် – ၁၁၆၀ ပြည့်နှစ်တွင်ကား အိမ်ရှေ့ရွှေတောင်မင်းသား၏ အမိန့်အတိုင်း ယိုးဒယားဘာသာဖြင့်ရှိနေသော အီနောင်ဇာတ်ဝတ္ထုကို ယိုးဒယားအဆက် အနွယ် မင်းသားမင်းသမီးတို့အား ဖတ်ပြန်စေ၍ မောင်စက စိကုံးရေးသားရသည်။ လင်္ကာ၊ သီချင်း၊

---

၁။ ပါဠိဣန္နဂုဝ၊ ဣန္န–သိကြားမင်း+အာဂုဝ=လက်နက်၊ သိကြားမင်းက လက်နက်အပ်ရသောမင်းသား။ ဣန္နဂုဝ၌ ဓ–ပျောက်၍ ဣန္နဂု။ ယိုးဒယားရောက်ကာလ ပါဠိသံ မပီမသ အီနာဂု ခေါ်ရာမှ အီနောင်ဖြစ်သွားသည်။ သက္ကဋအမည် ပုပိ–ဖတ်သံ ပုသျှပ၊ ပါဠိနှင့်ပုပ္ဖ၊ သက္ကအသံပုသျှပါးကို မပီမသ ခေါ်၍ ယိုးဒယားအသံ ပွတ်စပါး။ ဖွားသောနေ့၌ ပန်းပွင့်သဖြင့် ပန်းအတိတ်ရမင်းသမီး။

၂။ ဦးတိုးမှာ ၁၁၅၈–တွင် လွန်သည်ဆိုသောကြောင့် ဦးတိုး သေပြီး ၂–နှစ်လောက်ကြာမှ ဦးစ အီနောင်ဇာတ်စရေးသည်။

mgyee.com

တီးကွက်ရေးစပ်၍ အိနေ့ာင်ဇာတ်တိုက်ရသည်။ ၎င်းဇာတ်တိုက်ရသည့်အကြောင်းကို အိနေ့ာင်ဇာတ်ပေမူအစ၌ နိဒါန်းပျိုးပြထားသည်မှာ –

**(အိနေ့ာင်ဇာတ်ကို ယိုးဒယား မင်းမိဖုရား မင်းသားမင်းသမီးတို့သာ ဒွါရဝတီနန်းတွင် အလေ့အလာပြု၍ သုံးဆောင်သောကြောင့် ယိုးဒယားနိုင်ငံနေ ဆင်းရဲသားတို့ မသိမကျွမ်းမပြောမဆိုရကြောင်းနှင့် ယိုးဒယားမင်းသား မင်းသမီး တို့ ပြောဆိုကြသည်။ သက္ကရာဇ် ၁၁၆၀–နှစ် အိမ်ရှေ့တော်မှာ ကဗျာရေးသား ဘွဲ့စုသည့်ကာလ ပျော်ပါးရုံမျှ ကျေးကျွန်တို့နှင့် ညသဘင်ကျင်းပရန် စကားစု ကို နေ့ကပြီးအောင် အသီးအသီးရေးကြရသည်ဖြစ်၍ အစပ်အဟပ် မစစ်ဆေးရ ပြီ။ အတီးအက အပြောအဆိုနှံ့ပြား ကြားသိရလေသည်ဖြစ်သောကြောင့် အလုံးစုံ ကဗျာကို မပြင်မဆင် သင့်လျော်ရုံသာ မ,စ သုတ်သင်၍ ဘွဲ့စု ရေးသားဆက် သွင်းရသည့် အိနေ့ာင်ဇာတ်စကား)**

ဦးစတို့ ဇာတ်တိုက်ကြသော ထိုခေတ်အခါက ယိုးဒယား ဇာတ်မင်းသား အမည် ကို မသိရသော်လည်း မင်းသမီးအမည်မှာ **'နှင်းနု'** ဖြစ်ကြောင်း မောင်စက စာဖွဲ့ ထားခဲ့၍ သိရသည်။

အင်းမတု၊ နှင်းနုရွှေနှစ်ကဲ့၊ စိမ်းလေပစ်အား။ သည်ညဥ့်ကြီးလယ်၊
ဘယ့်နှယ်ပြန်ပါရမယ်၊ ကင်းရန်ကများ။[၁]

**မောင်စ၏ ဒုတိယအိမ်ထောင်** ။ ။ မောင်စသည် အိမ်ရှေ့ အိမ် တော်၌ ဘဏ္ဍာစာရေးအဖြစ် အမှုထမ်းနေခိုက် ဇာတိချက်မြှုပ်ဖြစ်သော စစ်ကိုင်းသို့ ပြန် သည့်အခါ စစ်ကိုင်းဘက်က မန်ကျည်းစဉ့်ရွာသူ မယ်နှောင်းနှင့် ရည်ငံမိသည်။[၂]

မယ်နှောင်းကိုအကြောင်းပြု၍ လွမ်းဓလေ့ပတ်ပျိုးကိုရေးသည်။ ထိုခေတ်က အိမ်ရှေ့အိမ်တော်ဆိုင်ရာ ဇာတ်ကြီးနှင့် နန်းတော်ကြီးဆိုင်ရာ ဇာတ်ကြီးဟု ရှိစမြဲ ဖြစ်ရာ မောင်စမှာ နှစ်နေရာလုံးအတွက် သီချင်းသံဆန်း[၃] ကဗျာများရေးသားပေးရသည်။

၁၁၅၈–ခုနှစ်စဉ်က ဘိုးတော်မင်းသည် ဧရာဝတီမြစ်ညာ သီဟတောဘုရားသို့ ထွက်သည့်အခါ အိမ်ရှေ့မင်းလည်း ခြွေရံအသိုင်းအဝန်းနှင့် လိုက်ပါရ၍ ထိုအထဲတွင်

---

၁။ ယိုးဒယားအတီးအကမှုနှင့် သင်ကြားပြသနေစဉ် အိမ်ရှေ့မင်း ကျွန်တော်မျိုးဦးစရေး ယိုးဒယားနှင်းနုဘွဲ့ (ကဝိရတနာ ၂၉–၁၉)

၂။ ညောင်ဝန်းဝန်ထောက်မင်းသား ရွှေပြည်မောင်မောင်ကလေး အမှတ်အသား။ ရွှေနန်းထွက် ဂီတ ၁၄၅၊ ဂီတဝိသောဓနီ ၁၂၇။

၃။ ယခုရှေးရိုးခေါ်နေကြသော ပတ်ပျိုးသီချင်းကြီးများကို ထိုခေတ်က သံဆန်းခေါ်သည်။

mgyoe.com

 .com 

မောင်စလည်းပါသွားရသည်။ သီဟတောတွင် ငါးငထွေတို့ကို မြင်၍ မောင်စက စာချိုးသည်မှာ –

လွမ်းလှ၍ မအေကိုမှာလိုက်လေမယ်။
မြစ်မှာ ငထွေကိုမမြင်စမ်းစေရ၊ တမ်းယောင်မိတယ်။
စုံတဝန်း ထုံမွှန်းပျံ့အလယ်မှာ၊ တောင်နယ်ကညိုရင့်။
ရွက်သစ်သာလောင်းတော့တယ် ရွက်ဟောင်းညှာကြွေသည့်၊
သီဟာဖွေ ရွှေဘုမ္မိမှာ ဆွေးဘိသည်နှင့်။

ပုသိမ်ထိပ်ထားက[၁] စစသီချင်းတွင် တောတောင်ဘွဲ့ အလွန်ယဉ်ကျေးသည်။ သို့ရာတွင် ငထွေကိုပြင်ပါဦး စ,စရယ်ဟု အမိန့်ရှိလျှင် မောင်စက သည်ငထွေကိုပင် အမှုခံ၍ရေးရပါသည်။ ငထွေကို မပြင်နိုင်ပါကြောင်းနှင့်ပြောသည်။

**၄၂–နှစ်ရှယ်အတွင်းဝန်မောင်စ** ။ ။ ၁၁၇၀–ပြည့်နှစ်တွင် အိမ်ရှေ့ ရွှေတောင်မင်းသား နတ်ရွာစံသဖြင့် ဘိုးတော်၏မြေး၊ နတ်ရွာစံအိမ်ရှေ့ ရွှေတောင်မင်းသား၏သား စစ်ကိုင်းမင်းသား အိမ်ရှေ့အရာရသည်။[၂] ယင်း ဒုတိယ အိမ်ရှေ့ စစ်ကိုင်းမင်းသား လက်ထက်တွင် မောင်စသည် အိမ်ရှေ့ သံတော်ဆင့်နှင့် ပြည်လုံးယူလှေးမှူးရာထူးကို ရသည်။ နောက်လည်း အိမ်ရှေ့အတွင်းဝန်ဖြစ်သည်။[၃]

နေမျိုးဇေယျသူရဘွဲ့လည်းရသည်။[၄]

**အတွင်းဝန်ဦးစကဗျာများ** ။ ။ တစ်ချိန်တွင် ဘိုးတော်မင်း တရားမင်းကွန်းဘက် ပုထိုးတော်ကြီးတည်ရာသို့ ထွက်သည်။ မှူးမတ်ဗိုလ်ပါ စာဆိုတော်များ လိုက်ပါကြရသည်။ အသီးအသီး ကိုယ့်တဲအိမ် ကိုယ်ဆောက် နေကြရသည်။ ဦးစဆောက်ထားသည့် တဲအိမ်သို့ စာဆိုတော်ဦးမင်း အလည် အပတ်ရောက်လာသည်။ ဦးစတဲကို ဦးမင်းက ချီးမွမ်းသဖြင့် ဦးစက စာချိုးလိုက်သည်မှာ ...

ရွှေအန်ကို ကြိုးတဲနှောင်၊ သာဆောင်မြင့်ကြော။ ကောက်ပစ်ကယ်
ကြိမ်ရိုင်နှင့်၊ ခိုင်လေသည် ဂူရန်တဲငယ်မှာ၊ ငွေသဲကပေါ။[၅]

---

၁။ ကဝိရတနာ ၂၁–၁၈။

၂။ သူသောဓိတရာဇဝင်၊ ပဋ္ဌမ ၁၇၃။

၃။ မြန်မာစာညွှန့်ပေါင်း ဒု–၄၀၆။

၄။ ကုန်းဘောင်ခေတ် ရာဇဝင်စာမျက်နှာ ၇၉၆၊ ၎င်းပဋ္ဌမ ၁၇၅ ဘိုးတော်လက်ထက် အိမ်ရှေ့ဘဏ္ဍာစာရေး၊ ၎င်းနောက် သံဆင့်၊ ၎င်းနောက် အိမ်ရှေ့အတွင်းဝန်ခန့်တော်မူသည် (မုံရွေးဆရာတော် မှတ်စု ၁၀၅)

၅။ ကဝိရတနာ ၃၈–၂၈။

mgyoe.com

အတွင်းဝန်မင်းဦးစသည် သီချင်းရေးသမျှတွင် အမျိုးမျိုး အစချီ၍ရေးသည်။ 'ကြောင့်' ကအစချီ၍ဖြင့် မရေးနိုင်ဘူးဟုဆိုသဖြင့် ဦးစက မိုးဘွဲ့ရေးပြသည်မှာ..

မိုးတဲ့ကြောင့်၊ စိုးနှောင့်ငယ်လေစေရည်၊ ငြူးမာန်ဖွဲ့စည်။ ပြိုစလိ၊
ကိုယ်သိကွယ် မကြည်လှပါဘူး။ ရွာမည့်ခါ သည်အခွင့်ကို၊ ဆိုင်းညှာ
လင့်ဦး။[၁]

ခွင်လိမ်ကြဲလိမ် ဇာတ်ကိုဖွဲ့၍ ဦးစရေး ပုဂံထိပ်ထား မင်းသမီးဘွဲ့ ...

ကွန့်ချည်တဲ့လွန့်ချည်။ မျိုတော့တိုင်း၊ ပိုလှိုင်းပေါ်ဖျော်တတ်ပေတဲ့၊
ရိမဒ်ကယ် ညာခွင်ကွေ့ငယ်ကြောင့်၊ လွန်းရှေ့ထက်စည်။ ပါသီဘူး၊
နိုင်မှူးဖြေရသည်၊ မဆည်ငယ်နိုင်ဖို့သေး။ သူ တစ်ခေတ်ငယ်ပ၊
မူသစ်ကယ် ဆယ်ကုဋေနှင့်၊ သဲကြွေဖို့ရေး။[၂]

နောက်တော်ပါ မြင်းဝန်ဦးပါရောက်က ကိုယ်တော်ရေးသမျှ သီချင်းများ အဆိအနှစ်နှင့် ပြည့်စုံလှသည်။ ကိုယ်တော်ကို ရှိခိုးထိုက်လှပေသည်ဟု ချီးကျူးသဖြင့် ဦးစက စာချိုးသည်။

နောက်တော်ပါ၊ မြင်းနာဝန်ပြောက်၊ စောပါရောက်ညှို့။ ရန်တင်းငယ်
ခြွေ၊ နောင်ကြီးဆွေ စစ်မြေမှူးကို ဖူးထိုက်စွာဘိ။[၃]

နန်းတော်အနောက်အတွင်းတော် မဟာပိန္နဲနတ်ပွဲတွင် သူဌေး မောင်ရွှေ၏သားသည် ကြဲကိုလှယူသဖြင့် အချင်းဖြစ်ပွား၊ ရှေ့တော်က အတွင်းဝန်မင်းများ အမိန့်အရ သျှောင်ထုံးကိုဆွဲကိုင်ငင်ယူလျက် ဒိုင်းတော်တန်းမှာ ချုပ်ထားသည်။ အဖဖြစ်သူ သူဌေးမောင်ရွှေက အတွင်းဝန်ဦးစထံ လာရောက်လျှောက်ထားသဖြင့် ဦးစက စာချိုးလိုက်သည်မှာ ...

လွေ့လွေ့ရမ်း၊ ပြည့်ဝမ်းသူဝရယ်။ အစ်ကို့သားမှာ၊ ချိုပျားထွာညို
ကြဲငယ်ကြောင့်၊ လေစော်နံ လူရှိ့ထဲက ဆွဲထုတ်ရတယ်။ ရာမင်း
ဖျားနှစ်ပါးဘုန်းရှေ့တော်ဝယ်၊ မဖွယ်လှလေဘု။ အိုကံ အိုကံဟု၊
ဆိုသံကို ငါ၏နားမှာ၊ ကြားလိုက်ကဲ့လူ။[၄]

ဘကြီးတော်အမည်ခံ မင်းဖြစ်မည့် အိမ်ရှေ့မင်းသမီးတော် စစ်ကိုင်းနှင့်တကွ ကိုးမြို့အသုံးကံကျွေးခံရသော သမီးတော်စုဘုရား ဦးစရင်ခွင်ပေါ်သို့တက်၍ စစရယ် လေးရက်ငါးရက်ရှိပြီ၊ စစကိုမတွေ့ရ ဘယ်ကိုသွားနေတုန်း၊ စစကို လွမ်းလိုက်တာဆို

၁။ ကဝိရတနာ ၁၉-၂၀။ ၂။ ကဝိရတနာ ၁၉-၂၀။
၃။ ကဝိရတနာ ၂၀-၃၃။ ၄။ ကဝိရတနာ ၂၀-၃၅။

mgyoe.com

mgyoe.com

သည်နှင့် ဦးစ စာချိုးသည်မှာ ...

သည်လိုသာ လာရိတွန်းမှဖြင့်၊ ကျွန်းချည့်မယ် ဖေယျာခွန်ချင်၊ ကိုး ပြည်ထောင့်ရှင်။

ရာမင်းဖျားနှစ်ပါး လွှန်ကြည်လင်လှတယ်၊ ဘုန်းပြင်ရှိဘူး။[၁]

၄၇–နှစ်ရွယ် ဘိုးတော်လက်ထက် ၁၁၇၅–ခုတွင် မဏိဝန်ကြီးဦးစ ပူရ ကသည်း မဟာရာဇာ ပုန်ကန်သည်ကို အမရပူရ နေပြည်တော်က စစ်သည်တော် တပ်သားများ ၁၁၇၅–ခု၊ တပို့တွဲလပြည့်ကျော် ၁၁–ရက် ချီတက်ရရာ အိမ်ရှေ့ အတွင်းဝန် နေမျိုးဖေယျ သူရ (ဦးစ) သည် တပ်ပေါင်း ၁၆–တပ်နှင့် သလ္လာဝတီ မြစ်ကိုကူး၍ တမူးပန်းသာကြောင်း ချီတက်တိုက်ခိုက်ရသည်။[၂] ထိုစစ်ပွဲတွင် ဦးစသည် ရှုပ်ရှုပ်ချွံချွံ စစ်ဦးဘီလူးပါ ဖိစီးတိုက် ခိုက်သဖြင့် အနိုင်ရလေသည်။[၃] ထို စစ်မြေပြင်ဝယ် ကသည်းနယ်စပ်သို့ ရောက်ကာလမြေ ကိုကြည့်လျှင် ကျောက်စစ် ပြုပ်ပြုပ်စီစီ၊ ရေကိုကြည့်လျှင် ရေရှင်ကျ မြောင်းငယ်အသွယ် သွယ်၊ သစ်ပင်ကို ကြည့်ပြန်လျှင် အရိပ်ခိုလောက်အောင် ပင်ကြီးပင်စောက်မရှိ၊ ခါးရင် တစ်ရပ် တစ်သူခန့် ပင်ပျပ်များသာရှိသဖြင့် ဦးစကစာချိုးသည်မှာ –

ပြုပ်စီ တီကျစ်နှင့်
ကျောက်စစ်ကယ် ကုန်းခင်။
ရေရှင်ကပြေး။
နွဲ့စိမ်းလဲ့စိုသည်
အညိုပင် မွန်မင်းငယ်မှာ–
ခိုမင်းကဝေး။[၄]

ထိုကသည်းစစ်ပွဲတွင် အနိုင်ယူပြီးလျှင် ထောင်ထားသူ မဟာရာဇာကို တိုက် ဖျက်၍ ညီ ရူပရာဇာကို နန်းတင်ခဲ့ပြီးလျှင် ပြန်အလာ ဒူးနေရာမှ တော်နေရာသို့မြှင့်၍ တော်နေရာအဆောင်အရွက်များ အသနားတော်မြတ်ခံရသည်။[၅]

---

၁။ ကဝိရတနာ ၁၉–၃၂။

၂။ သုသောဓိတရာဇဝင်၊ ပဌမ ၁၉၃။

၃။ ကသည်းအမတ်ကြီး ဆနာပတိ ရွှေထီးဆောင်းလျက် စစ် ၃–ကြောင်းဖြန့်၍တိုက်လာ သည်ကို အိမ်ရှေ့အတွင်းဝန် နေမျိုး ဖေယျသူရ ကြံ့ကြံ့ခံ၍တိုက်သည်တွင် ကသည်းအများ သေဆုံး၍ ဆနာပတိတို့ကသည်းတပ် ဆုတ်ခွာလေ၏။ (သုသောဓိတ ရာဇဝင် ပဌမ ၁၉၄)

၄။ ကဝိရတနာ ၃၆–၂၀။

၅။ မြန်မာစာညွှန့်ပေါင်း ဒု–၄၀၆။

mgyoe.com

၅၃–နှစ်အရွယ် ဝန်ကြီးဦးစ ။ ။ သက္ကရာဇ် ၁၁၈၁–ခု နယုန်လတွင် ဘိုးတော်နတ်ရွာစံ၍ မြေးတော်အိမ်ရှေ့ စစ်ကိုင်းမင်းသား အမရပူရ၌ နန်းစံသည်။ ထိုမင်းကို မြန်မာရာဇဝင်၌ ဘကြီးတော်မင်းဟုလည်းကောင်း၊ အင်းဝကို လေးကြိမ်မြောက် တည်သောကြောင့် ရတနာပူရ စတုတ္ထနန်းတည်မင်းဟူ၍လည်းကောင်း ခေါ်သည်။ ဘကြီးတော်မင်းလက်ထက်မှာ ဦးစသည် မှူးမတ်များတွင် အမြင့်ဆုံးအတန်း ဝန်ကြီးအဆင့်သို့ ရောက်သည်။[၁] ဘကြီးတော်လက်ထက် ၁၁၉၁–ခုတွင် စကျင်တောင်မှ ကျောက်သလင်းခေါ် ကျောက်လုံးကြီးတစ်လုံးကို ဘုရားဆင်းတုထုလုပ်ရန် ဖောင်ပေါ်မှာတင်လျက် ယူလာသည်။ ဘကြီးတော်မင်းသည် ထိုကျောက်တုံးကြီးကို ကြိုဆိုရန် မင်းကွန်းရောက် မှူးမတ်အခြံအရံနှင့် ထွက်၍ကြိုတော်မူသည်။ ထိုအခါ ဘကြီးတော်၏ အလယ်နန်း မိဖုရားကြီးလည်း ပါသည်။ ဦးစလည်း အနီးမှာပါသည်။ ရေလမ်းခရီး၌ လေမိုးကျသည်။ မိုးကြိုး ထစ်သည်။ မြေလျှင်လှုပ်သည်။ ထိုအခြင်းအရာများမှာ ကျောက်တော်ကြီး၏ အံ့ဖွယ်သရဲသော အတိတ်နိမိတ်ဖြစ်သည်ဟု ယူဆကြ၏။[၂] မိဖုရားက ကြောက်ထိတ်သည် မိန့်သဖြင့် ဦးစက စာချိုးသည်။

ပြည်ကနောင် ခွန်ဆွတ်သည်၊ တမွတ်ကယ် လှမဥ္ဇူ နန်းကြီးမှန် ကူ။
ကိုယ်တော့်ပါးက၊ မတ်ဖျား ပါတော်မူငဲ့၊ စိုးပူနှင့်လေး။[၃]

၅၄ နှစ်ရွယ် ဝန်ကြီးဦးစ ။ ။ ၁၁၈၂–ခု သီတင်းကျွတ်လဆန်း ၄–ရက်နေ့တွင် ၃၇–မင်းနတ်အကြောင်းများကို စုံစမ်း၍ နတ်ထိန်းကြီး ကဝိဒေဝကျော်ရာဇဝင်ဦးနုတို့နှင့် ညှိနှိုင်းပြီးလျှင် ၃၇–မင်း နတ်ချင်းကို ရေးသားဆက်သွင်းရသည်။ ၁၂၆၇–ခု တန်ဆောင်မုန်းလဆန်း ၅–ရက်နေ့ကပင် ဆိုင်းဆရာကြီး ဦးမြတ်သာနှင့် အတီးဘက်ငယ်ဆရာ ဦးတလုတ်တို့ကို စစ်ဆေး၍ ပထမအကြိမ်က မှတ်သားပြီးခဲ့သည်ကို ထပ်မံစစ်ဆေး နတ်ချင်းရေးသည်။[၄]

---

၁။ သက္ကရာဇ် ၁၁၈၁–ခုနှစ် အိမ်ရှေ့မင်း အထွတ်အမြတ် ရောက်တော်မူလျှင် နန်းတော်ကြီး အတွင်းဝန် ခန့်တော်မူသည်။

၂။ ၁၁၉၂–ခု၊ ကဆုန်လဆန်း ၅–ရက်၊ တနင်္လာနေ့ မြေကြီး ငလျင်ပြင်းစွာလှုပ်၏။ ယင်းသည် ကဆုန်လပြည့်ကျော်တစ်ရက်၊ သောကြာနေ့ည ၄–ချက်တီးအချိန် မင်းကွန်း အနောက်တောင်ထောင့် တောင်ထိပ်ယံတွင် လက်ဝဲဆရာတော်ကျောင်းကို မိုးကြိုးနတ်စက်ပြ၏။ မင်္ဂလာစကား၊ မင်္ဂလာရတု လျှောက်ထားကြ၏။ (ဒုတိယ မှန်နန်းရာဇဝင် ၁၅၇)

၃။ ကဝိရတနာ ၂၂–၃၈။

၄။ မဟာဂီတမေဒနီ ၁၁၇–၌ ၎င်းအကြောင်းနှင့်တကွ နတ်ချင်းအကျယ်။

mgyoe.com

mgyee.com

**၅၇ နှစ်ရွယ် ဝန်ကြီးဦးစ ရခိုင်ချီ ။** ။ ၁၁၈၅ ခုတွင် ဓညဝတီ ရခိုင်ပြည်နယ် ရှင်မဖြူကျွန်းတွင် စစ်တကောင်းကုလားတို့က အလံစိုက်မှုမှစ၍ အင်္ဂလိပ်နှင့်မြန်မာ ပထမစစ်ဖြစ်သည်။ ထိုစစ်ပွဲအတွက် ၁၁၈၆–ခု တန်ခူးလဆန်း ၅–ရက်နေ့ အလုံဝန်ကြီး မင်းကြီးမဟာဗန္ဓုလ ဗိုလ်မှူးပြု၍ ချီတက်သည်။ ထို စစ်ပွဲမှာ ဗန္ဓုလသတိုးဘွဲ့ ရသည်။ ဦးစမှာ စစ်ကဲအဖြစ်ဖြင့် လိုက်ပါရ၍ မင်းကြီး မဟာသီဟသူရ ဘွဲ့ရသည်။[၁] ဒုတိယမှန်နန်းရာဇဝင် ၅၁၊ ကုန်းဘောင်ဆက် ပဌမ ၃၅၆–တို့၌ **(ပန်းဝါစစ်ပွဲဟု ရေးမှတ်သည်။)** ၁၁၈၆ ခုနှစ်၊ ကဆုန် လဆန်း ၁၄–ရက်နေ့တွင် မင်းကြီးမဟာသီဟသူရ (ဦးစ) သည် ရှေ့ချီသောင်းတပ်မှူးအဖြစ်နှင့်ပင် အင်္ဂလိပ်တို့နှင့် ရှေးဦးစွာ ကန်တော့ပလ္လင်တွင် ဆိုင်ပြိုင် တိုက်ခိုက်ရလေသည်။ အင်္ဂလိပ်တို့ မခံမရပ်နိုင်။ ကိုယ်လွတ်ထွက်ပြေးကြရ၏။ ထိုတွင် တစ်ရက်ရပ်ဆိုင်း ပြီး မင်းကြီးမဟာသီဟသူရ (ဦးစ) ပင် ရှေ့သို့ချီတက်၍ ပန်းဝါသို့ ဆိုက်ရောက်ပြန်လျှင် ဒုတိယအကြိမ် အင်္ဂလိပ်တို့နှင့် ဆိုင်ပြိုင် တိုက်ခိုက်ရပြန်ရာ အင်္ဂလိပ်တို့ မရပ်မခံနိုင် ထွက်ပြေးရပြန်သည်။

အကြီးပြုသူ အင်္ဂလိပ်ဗိုလ်တို့နှင့် စစ်ဗာရီကုလားအများသေဆုံးသည်။ **(ရတနာသီခ ဒုတိယရာဇဝင်, သုသောဓိက ပဌမ–၃၃၈)** ထိုပန်းဝါအရပ်တွင် အဖြီးအခိုင်တပ်တည်၍ အောင်ပွဲသဘင်ခံသည်။ ၄–လမျှ ရပ်တန့်နေသည်။ ထိုပန်းဝါစစ်ပွဲအောင်တပ်တွင် စစ်နားခိုက် ဦးစရေးသော ရတုပိုဒ်စုံမှာ –

၁။ ကျိုက်ကျိုက်ဝှန်၍၊ တံခွန်လွှင့်ဆောက်၊ မိုးမြင့်မောက်သား၊ ငါးတောက်အာလိန်၊ တာဝတိန်မှ၊ ဒေဝိန္ဒ ရာဇ်၊ နတ်မင်းစစ်သို့၊ မြစ်လည်းလှေလျင်၊ အတင့်တင်တိ၊ ကမ်းခွင်ညိတ်ညိတ်၊ မြူခိုးပိတ်မျှ၊ ညွန့်မြိတ်နွယ်ရုံ၊ မြို့မြုံ ကျွန်းခြား၊ သက်ကုလားကို၊ စက်ဘွားတော်ဆိုက်၊ သိမ်းခဲ့ ပိုက်အုံ့၊ ကြွေးရိုက်ဖြော်ဖြော်၊ အောင်စည်ဆော်၍၊ လေးတော် ခြံရုံ၊ ပုဂံကျပင်း၊ စလင်းတရက်၊ ချီခဲ့ထွက်သည်၊ ဓားလက် ဆိပ်ကြေ၊ ဖြားရေတက်သက်၊ လောင်းကြက်သာစွ၊ ဓညဝတီ၊ နောင်မြောက်ဆီဝယ်၊ ယဉ်သီထားရိုက်၊ တောင်တလိုက်နှင့်၊ ရွှမ်းပြိုက်ကျဖွယ်၊ များရက်ကြွယ်သည်။ ။ ဆွေမယ်သည်ရင်း၊ ချစ်တင်းကြားချင်ရှာလိမ့်မည်။ ။

---

၁။ ဒုတိယမှန်နန်းရာဇဝင် ၄၉။ ဓညဝတီကြောင်းချီ ဗိုလ်မှူး ဝန်ကြီး မဟာဗန္ဓုလက တပ်ပါအရာရှိတို့မှာ မင်းကြီးဘွဲ့ သနားတော်မြတ်ခံကြရပါသည်။ တစ်တိုင်းတစ်ပြည် ချီတက်ပြိုင်ဆိုင်ရသည့် စစ်ဗိုလ်မှူးဖြစ်သည်နှင့်အညီ ဘွဲ့အမည်အရည်ကို အမိန့်တော်ရှိရာဦးထိပ်ရွက်ပါရမည့်အကြောင်းနှင့် လျှောက်ထားသည်တွင် ဝန်ကြီး ၅–ယောက်တို့ကို သတိုးဘွဲ့ထပ်၍ ပေးတော်မူသည်။ (၎င်း ၄၉–၅၀)

mgyee.com

၂။ မြိုက်မြိုက်ချွန်၍၊ အားသွန်ထုတ်ချောက်၊ ချင်းနင်းဖောက်လျက်၊ အနောက်ဒေသ၊ ယင်းမူလဟု၊ ရာဇဒိသွာ၊ ရတနာပလ္လင်၊ များစစ်အင်ကို၊ ဆောင်လျင်ဖြတ်ခြေ၊ ပန်းဝါမြေဝယ်၊ ရပ်နေကြဲ့ကြဲ့၊ သူ့သူတံ့လည်း၊ ခံ့ခံ့ရဲရောင်၊ တိုက်သတ်အောင်စွ၊ ပုန်းရှောင်လွင့်ယား၊ လေသို့ ပါးသည်၊ ကုလားတသင်း၊ ဟရဘင်းနှင့်၊ သက်မင်းကတုံ၊ မြို့မြုံမကျန်၊ ကျွန်းချည်းမုန်ဟု၊ ရှိပန်ညွတ်ခိုက်၊ သစ္စာပိုက်၍၊ ရန်မှိုက်သုတ်သင်၊ ပြီးအောင်မြင်၍၊ ပြန်လျှင်တော့မည်၊ ရေးငံ့သည်ကို၊ သွန်းကြည်စံပုံ၊ လုနိတုံက၊ မယုံလေတတ်၊ သူနှင့်မှတ်လိမ့်၊ တွေးတတ်ပေဖွယ်၊ စောမြတ် နွယ်သည်။ ။ နေဆွယ်ဆည်းကြွင်း၊ စစ်ခင်းတားချင်ရှာလိမ့်မည်။

၃။ ပျိုက်ပျိုက်မွန်၍၊ တိမ်စွန်တရက်၊ တောင်ခိုး စက်သား၊ အောင်ချက်မြေချာ၊ ဝိဇယာဟု၊ သီတာလှည့်ရစ်၊ ပါဝါမြစ်တက်၊ ကသစ်သဘင်၊ ပွဲကြီးယင်သို့၊ ပဋ္ဌင်မှုတ်တီး၊ နားမငြီးတည့်၊ ခိုင်ပြီးတည်ရပ်၊ မြို့သုံးထပ်ဝယ်၊ တံလျှပ် ပျောက်တိမ်၊ ချမ်းရိပ်ငြိမ်လျက်၊ ရန်နှိမ်ပစ်စင်၊ သမင်ချိုပွား၊ ဆူးငြောင့်ခြား၍ မြင်းတားခလုတ်၊ တိုးဆုတ်မဆံ၊ ဆင်ခြေကျုံနှင့်၊ ညဥ့်ယံနေ့စောင့်၊ လက်နက်ဖြောင့်စွ၊ စိုးနှောင့်လွမ်းဝှန်၊ မရှိတန်လျက်၊ ဖန်ဖန်စေရာ၊ ယုံကျွန်စာနှင့်၊ နှုတ်မှာတော်ပေါင်း၊ မများတောင်းတွင်၊ ပွင့်လောင်း ဧကရာဇ်၊ ရွှေခွန်းသစ်၍၊ ပြန်လုစ်တော့မည်၊ ကြားသည်ကဝယ်၊ လျင်ကြောင်းရွယ်သည်၊ ရေနယ်ကြည်ခင်း၊ သစ်လင်းထားချင်ရှာလိမ့်မည်။ (မူအတိုင်း)[၁]

၆၂–နှစ်ရှယ် မြဝတီမြို့စား ဝန်ကြီးဦးစ ။ ။ ပန်းဝါစစ်ပွဲက အပြန် အချို့သော မှတ်တမ်းအရ ၁၁၉၀ – ပြည့်နှစ် နတ်တော်လဆန်း ၁၄–ရက်နေ့။ သို့မဟုတ် အမျိုးသားစာကြည့်တိုက်ရှိ မိုင်းခိုင်းမှတ်စု ပုရပိုက်မူအရ၊ ၁၁၉၁–ခုနှစ်တွင်မှ ဝန်ကြီး မဟာသီဟသူ ဦးစသည် မြဝတီမြို့ကို အသုံးကံ ကျေးခံသနားတော်မြတ်ခံရသည်။[၂]

ဤအခါမှစ၍ ယခုတိုင် မြဝတီဝန်ကြီးဦးစဟု အမည်တွင်သည်။ မြဝတီမြို့မှာ ရွာကြီး ၁၄–ရွာနှင့် မြို့သူကြီးတစ်နယ်ပါဝင်သော ဇရာဝတီမြစ်နှင့် မဖဲမြစ် ဆုံရာဒေသဖြစ်၍ အင်္ဂလိပ်အုပ်ချုပ်ရေး၌ သရက်ခရိုင် ကာမမြို့အပိုင် ကျေးရွာအဖြစ် ရွှေ့လျောသွားသည်။

မြဝတီဝန်ကြီးဦးစ ပထမအကြိမ်ရေးသားသော အီနောင်နန်းတွင်း ဇာတ်တော်

---

၁။ ဤရတုကို ပန်းဝါတွင် အောင်ပွဲသဘင်ခံနေစဉ် စစ်ကဲကြီး မဟာသီဟသူရ (ဦးစ) က ဝါသနာအလျောက် ရေးသား၍ ဗိုလ်မှူးကြီး သတိုးမဟာဗန္ဓုလထံ ပေးပို့သည်။

၂။ သက္ကရာဇ် ၁၁၉၁–ခုနှစ်တွင် မြဝတီမြို့သို့ အသုံးကံကျေးခံ သနားတော်မူ၍ ဝန်ကြီးခန့်တော်မူသည် (မုံရွေးဆရာတော်မှတ်စု ၁၀၅)

mgyoe.com

mgyoe.com
ကြီးမှာ အိနောင်, ပွတ်စပါး ကာလံပြည်ဝယ်ကြက်တိုက်ခန်းတွင် ရွှေ့အပြီးသတ်ထားခဲ့သည်။ မြဝတီမြို့ကို အသုံးက်ကျွေးခံရ၍ မြဝတီဝန်ကြီးဖြစ်ပြီးသောအခါကျမှ မဆုံးသေးသောအိနောင်ဇာတ်ကို ဘကြီးတော်မင်း အမိန့်အရ ဇာတ်ကွက်ဇာတ်ရည်လည် အစအဆုံး ဇာတ်ပေါင်းခန်းတိုင် ဖြည့်စွက်ရေးသားသည်။

မြဝတီဦးစ ဒုတိယအိမ်ထောင် ။ ။ ဘကြီးတော်လက်ထက် ဦးစ မြဝတီဝန်ကြီးဖြစ်သောအခါ အိုးအိမ်သစ် ထူထောင်ပြီးရှိနေကြောင်း မြန်မာမှတ်တမ်းများ၌ ဖော်ပြခြင်းမရှိသော်လည်း ပါမောက္ခ W.S.Desai ဒီစိုင်း၏ အောက်ပါမှတ်တမ်းများ အရ ဒုတိယအိမ်ထောင်သည် ရှိပြီးဖြစ်ကြောင်းသိရသည်။

**'မေဂျာဘာနေသည် နောက်တစ်နေ့တွင် မြဝတီဝန်ကြီး မောင်စ၊ ပတိမ်းဝန်ကြီးနှင့် အတွင်းဝန် မောင်ရိပ်တို့ထံ အလည်သွားသည်။ သူတို့ကား မေဂျာဘာနေအား ညှော်ဝတ်ကျေပွန်စွာပြု၍ ဇနီးအိမ်သူများနှင့်လည်း မိတ်ဆက်ပေးသည်။ .... ကျွန်ုပ်သည် ဝန်ကြီးမောင်စထံ နောက်တစ်ခေါက် အလည်သွားသည်။ စကားပြောဆိုကြရင်းနှင့် သူ၏ဇနီးသည်,သည် ဟံသာဝတီဘုရင် ဗညားဒလ၏မြေးဖြစ်သည်ဟု ကျွန်ုပ်ကြားဖူးသည်မှာ မှန်ကန်ကြောင်းပြောသည်။ ဇနီးသည်၏မယ်တော်မှာ ဗညားဒလ၏ သမီးတော်ဖြစ်ကြောင်း ပြောပြသည်။'[၁]**

မြဝတီဦးစ၏ သမီးချစ် ။ ။ အထက်ပါမှတ်တမ်းများအရ ဒုတိယအိမ်ထောင်ရှိကြောင်းကား သေချာ၏။ သို့ရာတွင် မည်သည့် နှစ်၊ လ၊ နေ့ရက်က အိမ်ထောင်သစ် ထူထောင်သည်ဟူ၍ အတပ်မသိ။ နောက်ကပြခဲ့သော ရည်ငံရင်းမယ်နှောင်းသည် တခြားလော၊ သို့မဟုတ် နောက်အိမ်ထောင်သစ် ဗညားဒလ၏ မြေးမဖြစ်သူ၏ အမည်သည်ပင် မယ်နှောင်းလော မသဲကွဲချေ။ ထပ်မံ၍ သုတေသနပြုရန် လိုသေးသည်။

ထိုအခါ ဦးစမှာ သမီးတစ်ယောက်ရှိကြောင်းလည်း အထောက်အထား ၃-ချက်ရှိသည်။ ပထမအထောက်အထားမှာ မြဝတီဝန်ကြီးဦးစ ညီလာခံကအပြန် အိမ်လှေကားအနီး၌ မင်းကြီးသမီး သရက်သီးဝယ်သည်၊ ဈေးဆစ်နေသည်။ သရက်သီးသည်မှာ ကသည်းမဖြစ်သည်။

ထိုသရက်သီးသည်ကို ဦးစက စာချိုးသည်မှာ-[၂]

---

၁။ မြန်မာပြည်ဆိုင်ရာ ဗြိတိသျှသံကိုယ်စားလှယ်များသမိုင်း။ **History of the British Residency in Burma** ၁၈၂၆-၁၈၄၀၊ အပိုဒ် ၉၅။

၂။ ကဝိရတနာ ၃၄-၂၀။
mgyoe.com

mgyoe.com

**မွှံရထည်း၊ စုလည်းမြဲကေသွယ်** ။ ။ သာဖြားနှုတ်ချိုနှင့်၊ စိတ်လိုကိုယ်မနိုးနိုင်တဲ့၊ အို-သရက်သီးမယ်။ ချည်မနှောပါမှ၊ ငွေကျောကို ကိုင်မိမယ်၊ မျိုးနွယ်မှာ မိတ်ကယ်ပါထင့်၊ မိလိတ်ဆာချည်း။[၁] ။ တစ်ခါ နှစ်ခါကြိမ်ရအောင်၊ တို့အိမ်ကို ပျော်တော်စုခဲ့၊ ဟိန်ဒုပစ္စည်း။[၂]

ထို့ပြင် ဒုတိယ အထောက်အထားမှာ မြဝတီမင်းကြီး၏သမီးက ဓမ္မဒါနအဖြစ်ဖြင့် ပေစာများလှူဒါန်းရာ ပေစာထုပ် ချည်နှောင်သည့် အဝတ်ကြိုးပြား၌ ထိုးရက်ထားသောစာ အောက်ပါအတိုင်းတွေ့ရသည်။

'ရတနာပူရ၊ ရွှေဝအောင်ချက်၊ ခုံသန်လျက်တွင်၊ ကနက်ကဒဏ်၊ မိုးစွန်ဆောင်လွှင့်၊ ရစ်ဆိုင်တင့်သည်၊ ဆင်မင်းသခင်၊ ဘုရင်မျှား ဖျား၊ စောတရားဝယ်၊ ကိုယ်ပွားထက်ကြပ်၊ ပြည်ထဲအပ်၍၊ လေးရပ်မျက်နှာ၊ ရန်မီးညှာသည်၊ သီတာသာဂရ၊ အဏ္ဏဝသို့၊ အဂ္ဂမဟာ၊ သေနာပတိ၊ ဂုဏ်ထူးရှိသား၊ လျှံညီပြိုးပြောင်၊ ဆောင်ယောင် ကျွန်သင်း၊ လုံးရင်းတကွ၊ အမရဝတီ၊[၃] ခွန်ဆီစိုးပိုင်၊ မြို့ခရိုင်နှင့်၊ ကျော်လှိုင် ရည်သွား၊ မတ်ခေါင်ဖျား၏၊ သည်းကြားရင်နှစ် သမီးချစ်လျှင်'

ဤသမီးမှာလည်း ပထမအိမ်ထောင်က သမီးလော၊ ဒုတိယအိမ်ထောင်က သမီးလော မသဲကွဲချေ။ တတိယအထောက်အထားမှာ ပြဆိုလတ္တံ့သော မြဝတီ မင်းကြီး ဦးစ ကိုယ်တိုင်ရေး ဂီတသမိုင်း၏ နိဒါန်းဖြစ်သည်။

**၇၁-နှစ် မြဝတီဦးစထောင်ကျ** ။ ။ ၁၁၉၉-ခုတွင် ရွှေဘိုမင်း၊ ကုန်းဘောင်မင်းဟူ၍ အမည်တွင်သော သာယာဝတီမင်းသည် ဘကြီးတော်ကို နန်းချ၍ နန်းတက်သောအခါ နန်းမတော်မယ်နု မင်းသားကြီး စလင်းမင်းသား မောင်အိုတို့နှင့် ကြံရာပါဟူ၍ ၁၁၉၉-ခု ကဆုန်လပြည့်ကျော် ၇-ရက်နေ့တွင် ဦးစကိုဖမ်း၍ ထောင်သွင်းအကျဉ်းထားလေသည်။ ထိုအခါမှစ၍ ရရှိပြီး ကံကျေး မြို့ရွာ အဆောင်အယောင်ကို ရုပ်သိမ်းပြီးဖြစ်ရကား မြဝတီမြို့စားမဟုတ်တော့ပြီ။[၄] မြဝတီမြို့စားဟောင်းဟုသာ

---

၁။ လိတ်ဆာဗျည်း-တောသား၊ 'ဆင်တိုင်နေလိတ်ဆာဗျည်းက၊ မြက်စည်းရင်းမှာလိုက်ရှာ၊ (ရှေးလေးဆစ်) ဤ၌ မိလိတ်ဆာ ဗျည်းတောသူမ'

၂။ ရခိုင်စကား ဟိန်းဒုတ်မကို ရည်၍စစ်ဟန်ရှိသည်၊ 'အနောက်ပြည်မှာ၊ ကြောရေစိမ်းကာ၊ ဟိန်းဒုတ်မသို့၊ ဖြစ်ရလိမ့်မယ်' (ရခိုင်-လွမ်းမပြေသာချင်း ၂၂)

၃။ မြဝတီမြို့ကိုဆိုလိုသည်။

၄။ ထိုအခါ မြဝတီမြို့စားတစ်ယောက် လဲပြောင်းပြီးဖြစ်ကြောင်း '၁၂၁၄-ခု၊ နယုန်လ မြဝတီမြို့စားမင်းကြီး သတိုးမင်းလှ မင်းခေါင်သေလွန်သည်ကို ရုတ်တရက်လုပ်ဆောင်သင်္ဂြိုဟ်ရသည်' (ကုန်းဘောင်ဆက် ၂၅-နှင့် သုသောဓိတရာဇဝင် ဆ၄-၆၅။)

mgyoe.com

mgyoe.com

ရာဇဝင်မှာသုံး၍ နောက် ပုဂံမင်းလက်ထက်ကျမှ မြင်းမူမြို့ကို စားရသည်။

ရွှေဘိုမင်းသည် နောင်တော်ကို ခြားနားသော အခါ ရွှေဘိုသို့ထွက်သွားပြီးလျှင် ဆရာတော် ၃–ပါးက စစ်ရေးစစ်မှုတာမရှည်ရအောင် ဖျန်ဖြေသည်။ ရွှေဘိုမင်းကလည်း စလင်းမင်းသားကြီးနှင့် ပင်းတလဲမင်းသားတို့ကို အပ်ပေးရမည်ဟု အရေးအရာဆိုလိုက်သည်။ ဘကြီးတော်ကလည်း အပ်ပေးသဖြင့် စစ်မက်ငြိမ်းအေးသွားသည်။ စလင်းမင်းသားနှင့် ကြံရာပါထင်ရသော ဦးစတို့လူစုကိုဖမ်း၍ ရွှေဘိုမှာ အကျဉ်းချထားသည်။[၁] ရွှေဘိုမင်းသည် ရွှေဘို၌ မင်းအဖြစ်ကို ခံယူပြီးလျှင် အင်းဝမှာ နန်းမစံသေးဘဲ ကျောက်မြောင်းမှာ ယာယီနန်းစံသည်။ ထိုအခါ ဦးစက **'ကုန်းဘောင် ပရမေ ဇေယျာဘိ၊ သီရိသီရိ ၇–ကြိမ်'** ဘုန်းတော်ဘွဲ့ပတ်ပျိုးကို ထောင်တွင်းမှ ဆက်သောကြောင့် လွတ်သည်ဟု အချို့မှတ်တမ်းမှာ ဆို၏။[၂] အချို့မှတ်တမ်းကလည်း **'ရွှေပြည်ကြီးရော'** ချီ သာနိုးပျော်ဘွယ် ကြိုး ၅–ပုဒ်ကို[၃] ဆက်၍လွတ်သည်ဆို၏။

ယင်းမှတ်တမ်း ၂–မျိုးတွင် ဒုတိယမှတ်တမ်း၏ အထောက်အထားမှာ ရွှေဘိုမင်းသည် စိတ်ညစ်ညူးစွာဖြင့် ရရှိသော အင်းဝမြို့ဟောင်းမှာ နန်းမစံလို။ မြို့သစ်သာတည်လိုတော့သည်။ အမရပူရကိုတည် ရအံ့လော၊ စစ်ကိုင်းကိုတည်ရအံ့လော ပိုးဝါးဖြစ်နေသည်။ ဘုရင့်စိတ်အလိုတော် ကျောက်မြောင်းမှာတည်လိုသည်။ မှူးကြီးမတ်ရာတို့က သဘောမကျ။ နောက်ဆုံး၌ အမရပူရကို တည်ဖြစ်သွားသည်။ ထိုအခိုက် ဦးစက သာနိုးပျော်ဘွယ်ကြိုးကို ရေးသားဆက်သွင်းလိုက်ရာ ယင်းသည့် သာနိုးပျော်ဘွယ်ကြိုး ဒုတိယအပိုဒ်၌ **'ရံဝန်းကာဆီးလုံ၊ ပြည့်စုံ လက်နက်ပေါင်းငယ်နှင့်၊ ကြောက်ငြောင်း ရန်မပြုလေတည့်မှ ကြောက်ငြောင်း ရန်မပြု'** ဟု ယခုရှိ မဟာဂီတမူများ၌ ရှိရာ၊ မြဝတီ ရေးရင်းမဟုတ်၊ ရေးရင်းအာဘော်မှာ **'ကျောက်မြောင်းရန်မပြု'** သာဖြစ်၏။ ၎င်းပိုဒ်အစမှာ **'ရွှေပြည်ကြီးရော၊ တည်ထွန်းကျောက်မြို့လေ'** ဟု ချီထားသည်ဟူ၏။ ဤသီချင်းအဆိုသည် ရွှေဘိုမင်းအလိုကို နှစ်သိမ့်စေသည်ဖြစ်၍ လွတ်လိုက်သည်ဟု ယူဆကြ၏။

---

၁။ စလင်းစားနှင့် ဝန်ကြီးငစ၊ အတွင်းဝန်ပေါရောက်၊ ကင်းဝန် ငကြွယ်စ၊ မြို့လပ်ဝန် ငရေးတို့ကို ထောင်တွင်ထားအမိန့်တော်နှင့် ထောင်မှာအကျဉ်းထားရသည်။ (ဒုတိယမှန်နန်းရာဇဝင် ၂၂၇၊ ကုန်းဘောင်ဆက် ပဌမ ၄၇၃–၄၇၄)

၂။ အိမ်ရှေ့အတွင်းဝန် ဦးသင်မှတ်တမ်း၊ မြန်မာစာညွန့်ပေါင်း ဒုတိယ ၁၅၀၊ ဂီတဝိသောဓနီ ၁၉၄။ သီရိ သီရိ ၇–ကြိမ်ဆို သည်မှာ ကုန်းဘောင်မင်းဆက် ၇–ဆက်ကို ရည်၍စပ်ဆိုသည်။ 'သီရိ သီရိ၊ သီရိ ၇–ကြိမ်၊ တင်ဦးနိမ်သည်' (ဣသျှုံ ဝူမော်ကွန်း – အစပိုဒ်အချို)

၃။ ဂီတဝိသောဓနီ ၉–၄။

mgyoe.com

mgyoe.com

မင်းသားကြီးမောင်အိုတို့ အပေါင်းပါ လူတစ်သိုက်သည် လက်မလျှော့ သေးဘဲ ဘကြီးတော်ကို ပြန်၍ နန်းတင်ရန် အကြံဖြင့် ထောင်တွင်းမှပင် စီစဉ်၍ သက္ကရာဇ် ၁၂၀၁–ခု တပေါင်းလတွင် စလင်းမင်းသား၏ လူများဖြစ်သော ရွှေဓားမင်းသား အခေါ်ခံ ငဝင်းငယ်၊ ဗိုလ်ခေန်းကျော်၊ ဗိုလ်ငရွှေမောင်တို့ ခေါင်းဆောင်ကာ မတ္တရာကျော်စည်က သူပုန်ထစေလေသည်။

ရွှေဘိုမင်းသည် ထောင်မှလွတ်ထားသော မြဝတီဦးစအပေါ်၌ ယုံမှားမကင်း ရှိသဖြင့် နောက်တစ်ကြိမ်ပြန်ဖမ်း၍ အကျဉ်းချပြန်သည်။

အချို့သော အမှတ်အသားများ၌ ဆိုထားပြန်သည်မှာ **'ဝန်ကြီး–ငစသည် ငါထွက်ခွာတော်မူသည့်နောက် လွှတ်တော်က ထုတ်ပြန်သော အမိန့်တွင်'** ထုံးစံ ဥပဒေရှိသည့်အတိုင်း **'သာယာဝတီစားငယ်'** ဟု မရေးသားဘဲ ငါ့နာမည်ကို ထုတ်ဖော်၍ **'ငခင်ငယ်'** ဟု ရင့်ရင့်သီးသီး စော်ကားရေးသားသူ ဖြစ်သည်။

နောင်တစ်ချိန် တစ်ဖက်ရန်စွယ်ကို အခွင့်ရက ကူညီမည့်သူဟု အခဲမကျေ မသက်သာသဖြင့် ပြန်ဖမ်းသည်ဟု အဆိုရှိ၏။

ဘကြီးတော် နန်းကျခါနီးအခါအထိ မြဝတီဝန်ကြီးမှာ လွှတ်တော်ဝန်ကြီး ဖြစ်သည့်အတိုင်း အရေးတော်ပေါ်လာသောအခါ အရင်းခံအကျဆုံးသော အမှုရှင် ဖြစ်လာတော့သည်။

လွှတ်တော်က မည်သို့မည်ပုံ ချီတက်တိုက်ခိုက်ရမည်စသော စစ်ရေးစစ်ရာ ကွပ်ကဲစီမံမှုနှင့် လွှတ်တော်မှထုတ်ပြန်သော အမိန့်ပြန်တမ်းများတွင် သူပုန်ဖြစ်သွားသော ခေါင်းဆောင်ကို မည်သူပင်ဖြစ်စေကာမူ (ငယ်) ဟူသော စကားကို ထည့်သွင်းသုံးစွဲရ မြဲဖြစ်သည့်အတိုင်း **'သာယာဝတီစား ငခင်ငယ်'** ဟု ငယ်မည် ထုတ်ဖော်ပြီး လွှတ်မိန့် ထုတ်သည်ကို ရွှေဘိုမင်းက မကျေနပ်ရှိသည်။

ဦးစမှာမူကား စစ်မက်ဖြစ်လာလျှင် ဘက်တော်မှနေ၍ အုပ်ချုပ်ကွပ်ကဲရမည့် ဝတ္တရားအား လျော်စွာဆောင်ရွက်လိုက်ခြင်းပင်ဖြစ်၏။ ရွှေဘိုမင်း စဉ်းစားမိသည်မှာ **'မြဝတီမြို့စားသည် ငါ့ခမည်းတော်၏ အိမ်တော်ပါ ဖြစ်သည်။ ငါ့နောင်တော်ကလည်း ဆက်လက်သူကောင်းပြုထားသည်။ နောင်တော်ကလွဲလျှင် ငါ့မျက်နှာကိုသာ ထောက်ထားရမည့် သူဖြစ်လျက် စလင်းစားဘက်သို့ပါသည်'** အခဲမကျေ ဖြစ်သည်။

တစ်ဖန် ပြန်လည်ဆင်ခြင်ပြန်သော်၊ မျုးမတ်မျိုးရိုးမှ ဆင်းသက်လာခြင်း၊ ဝန်ကြီးဖြစ်ဆန်းမဟုတ်။ စာတတ်ပေတတ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊ အသက်အရွယ်ကြီးခြင်း

mgyoe.com

mgyoe.com
စသည်တို့ကိုထောက်၍ သတ်ရန်စာရင်းဦးတွင် မူလကရုံထားခဲ့သော်လည်း အမျက်ကို အနိုင်ချုပ် ရုပ်၍ ထောင်မှာ ပြန်ချုပ်ထားစေဟု အမိန့်ချမှတ်ပြန်သည်။[၁]

**၇၃–နှစ်ရှယ် မြဝတီဦးစထောင်လွတ်ပတ်ပျိုး ။** ။ ၁၂၀၁–ခု၊ တော်သလင်းလပြည့်ကျော် ၁၃–ရက်နေ့တွင် ရွှေဘိုမင်းသည် ဘဝပြောင်းသော သဲအင်း ဆရာတော်အလောင်း၌ မလ္လိကာတန်ဆာ ဆင်လှူရန် ထွက်တော်မူကြီး ထွက်တော်မူရာ ထိုမင်းပရိသတ်တွင် နောင်အခါ မင်းတုန်းမင်း၏ မိဖုရားဖြစ် လတ္တံ့သော သမီးတော် ပါလာသည်။

ထိုအခိုက် အကျဉ်းသမားများကို အကျဉ်းထောင်မှထုတ်၍ မင်းလမ်းမကို ပြင်ဆင်စေသည်။ ဝန်ကြီးဟောင်းဦးစ လမ်းပြင်နေရသည်ကို သမီးတော် စုဖုရားတွေ့၍ ယာဉ်ကို ရပ်တန့်စေပြီးလျှင် အကျဉ်းသမား ဦးစကို ခေါ်သည်။ ဦးစလည်း အနီးသို့ ချဉ်းကပ်သွားသည်။ သမီးတော်က **"စ,စ ဘုန်းတော်ဘွဲ့တစ်ပုဒ် ရေးပြီး ငရွှေသာကို ပေးလိုက်၊ အခွင့်တော်သာလျှင် ခမည်းတော်အား ကူညီလျှောက်ထားပေးမည်"** ဟု ကတိစကားမှာကြားခဲ့သည်။

ဦးစလည်း ထိုနေ့ည ထောင်သို့ပြန်ရောက်လျှင် **'ကုန်းဘောင်နေမင်း၊ ဘုန်းရောင်ဝေရှင်း'** ချီ[၂] ပတ်ပျိုးကိုရေး၍ ထောင်အဝှန်းတို့လက်မှတစ်ဆင့် ရုပ်သေးမင်းသားကိုင် ငရွှေသာကိုအပ်လိုက်ရာ ၁၂၀၁–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃–

၁။ ဝန်ကြီးငစ၊ ကင်းဝန်ငကြွယ်ဝ၊ ကျီအတွင်းဝန် ငပါရောက်၊ မြို့လပ်ဝန် ငရေးတို့သည်၊ ခမည်းတော်ဘုရား နောင်တော် မင်းတရား ငယ်ကျေးငယ်ကျွန် ဖြစ်သည်နှင့်အညီ စားကျေး မြို့ရွာ ရာကြီးထူးကြီးနှင့် နောင်တော်မင်းတရား သူကောင်းပြု ကို ခံပြီးလျှင် နော်တော် မင်းတရား ကျုန်းခန့်သာယာတော်မမူ လျှင်ပင် စလင်းစားနှင့် တရောတရှက်တည်း ပေါင်းသင်းပြီးလျှင် ပြည်အလုံးကို မငြိမ်မဝပ်အောင် စီရင်သူဖြစ်ကြသည်များကိုထောက်လျှင် စည်းစိမ်အသက်နှင့်တကွ ပျက်စီးဆုံးရှုံးအောင် စီရင်သင့်သူချည်းဖြစ်တော့သည်။ (ဒုတိယ မှန်နန်းရာဇဝင် ၂၂၇၊ သုသောဓိတ ပဋ္ဌမ ၄၇၃)

သာယာဝတီမင်းသည် အင်းဝမှ ကျောက်မြောင်းသို့ ပြောင်းရွှေ့စံနေတော်မူရာ စစ်ကိုင်းမြို့မှတစ်ဆင့် ထွက်ချီတော်မူစဉ် မြဝတီဝန်ကြီးဦးစသည် စလင်းမြို့စားကြီးနှင့် အတူ အကျဉ်းသားဘဝဖြင့် သာမန်လှေကိုစီး၍လိုက်ပါရသည်။ ခရစ် ၁၈၃၇ (မြန်မာ ၁၁၉၉) ဇွန်လ ၉–ရက်နေ့တွင် စလင်းမြို့စားနှင့် မြဝတီမင်းကြီးတို့ ပါဝင်သော အကျဉ်းသားတစ်စုသည် ဆေးပြုသုတ်ထားသော ယောက်မများကို ကိုယ်စီကိုင်၍ စစ်ကိုင်းမြို့တွင်းတွင် လှည့်လည်ပြသသည်ကိုခံရသည်။ (ဘာနေအစီရင်ခံစာ) ယောက်မကဲ့သို့ မွှေတတ်သောသူများ ဆိုလိုသည်။ မြန်မာရာဇဝင်အမှတ်အသားများ၌မပါ။

၂။ မြန်မာစာညွန့်ပေါင်း ဒု–၁၅၀၊ ဂီတပိဿောဓနီ ၁၇၇။
mgyoe.com

mgyoe.com

ရက်နေ့ အနောက်စမုတ်တော် ရုပ်သေးပွဲတွင် မင်းမိဖုရား သားတော် သမီးတော်တို့စုံညီ ရုပ်သေးပွဲရှုစားနေခိုက် ဦးရွှေသာက သံနေသံထားနှင့်ဆိုသည်။ ရွှေဘိုမင်းသည် မကြားဖူးသေးသော သီချင်းသစ်ဖြစ်နေသဖြင့် နားစွင့်တော်မူပြီးလျှင် သီချင်းအဆုံး၌ ဘယ်သူဖွဲ့သလဲ ဟုမေးသည်။ အပါးတော်တွင်ရှိသော သမီးတော်က မြဝတီမြို့စားဟောင်း စာရေးဆက်ပါကြောင်း သံတော်ဦးတင်ရာ 'သင်း – ထောင်မှာရှိသည်မဟုတ်လား' ဟု ခပ်တင်းတင်းမိန့်သည်။ သမီးတော်က 'ဘုရားကျွန်တော်မက သီချင်းတစ်ပုဒ် ရေးသား ဆက်သွင်းရန် မိန့်ခဲ့သဖြင့် ရေးသားဆက်သွင်းကြောင်း' သံတော်ဦး တင်ပြန်သည်။ ရွှေဘိုမင်းသည် သမီးတော်အား မိမိပေးထားသော ဗိဝိတဒါနဆုကို[၁] ချက်ချင်းသတိရတော်မူပြီး၊ ငါ့သမီးတော်သည် ဤအခွင့်အရေးကို ယူသောအားဖြင့် မြဝတီဝန်ကြီးဟောင်းဦးစကို ချမ်းသာပေးလိုခြင်းဖြစ်သည်ကို နှလုံးသွင်းမိရကား "သမီးတော်၏ ဆန္ဒအလျောက် မြဝတီမြို့စားဟောင်းကို ချမ်းသာပေးစေတော့" ဟု အမိန့်ရှိရာ ဆိုင်ရာမှူးမတ်တို့က ဆင့်ဆိုပြီးလျှင် ညတွင်းချင်း ထောင်မှ လွှတ်လိုက်သည်။

၇၄ နှစ်ရှယ်ဦးစ ။ ။ ၁၂၀၂–ခုသို့ ရောက်သောအခါ လယ်ထွန်မင်္ဂလာအတွက် 'ဆဒ္ဒန်ပိုင်းဘုန်းမြင့်နရိန္ဒာ' ချီသီချင်းကို[၂] ရေးသားဆက်သွင်းသည်။ ၁၂၀၂–ခု တော်သလင်းလ ရွှေဘိုမင်း ရန်ကုန်သို့စုံဆင်း၍ အိမ်တော်ရာ နေခင်း၌ စံတော်မူစဉ် 'စိန်ခြယ်ညီးလင်း' ပတ်ပျိုး[၃] ကို ရေးသားဆက်သွင်းသည်။ ထိုလက်ထက် မြင်းတင်အခွန်ကို သနားတော်မြတ် ခံရသည်ဟု ဆိုသည်။[၄]

အသက် ၈၀ ဦးစ ။ ။ ၁၂၀၈–ခု ပုဂံမင်းလက်ထက် မြင်းမူရွာကို စားရကြောင်း အထောက်အထား ၂–ချက်ရှိရာ ပထမအထောက်အထားမှာ အိမ်ရှေ့အတွင်းဝန်ဦးသင်၏ မှတ်တမ်းဖြစ်၍ ဒုတိယအထောက်အထားမှာ မြဝတီမင်းကြီးကိုယ်တိုင်ရေးခဲ့သော ဂီတသမိုင်း၏နိဒါန်းဖြစ်သည်။ ထိုခေတ်က ဦးသင်ကစာချိုးသည်မှာ–

---

၁။ သမီးတော်လျှောက်သောစကားကို နှစ်သက်တော်မူ၍ ကေရာဇ်မင်းမြတ်တို့မည်သည်... အပြစ်ဒဏ်အလျောက် ဗိဝိတိန္ဒြေမှ ချအံ့ရှိလျှင် ငါ့သမီးတော်က အသက်ဘေးမှ နုတ်ယူလျှင် သမီးအား သက်ဒါနဆုပေးတော်မူသည်ဟု အမိန့်တော်ရှိပြီးလျှင် (ကုန်းဘောင်ရာဇဝင် ပဥ္စမ ၁၂)

၂။ ရွှေဘိုဘုရားလက်ထက် လယ်ထွန်မင်္ဂလာအခါ မောင်မင်းအောင်ရေး လယ်ထွန်မင်္ဂလာသီချင်းကို နှစ်သက်တော်မမူ၊ မောင်စ အသစ်လုပ်ဆက်ရမည်ဟု အမိန့်ရှိသဖြင့် ရေးသည် (ဂီတသမိုင်း) ဂီတဝိသောဓနီ ၈၅။

၃။ ဂီတဝိသောဓနီ ၂၅၁၊ ရွှေနန်းထွက် မဟာဂီတ–၂၂၆။

၄။ မြန်မာစာညွန့်ပေါင်း၊ ဒုတိယ ၄၀၆။

mgyoe.com

mgyoe.com

ပဒေသရာဇာ ဘွဲ့ကြီး၊ အောင်ဖြိုး သားချင်း
ငမင်းလေးချိုး၊ ငတိုး ရကန်၊ ငစံသူမှာစာ။
ကြော လွမ်းချင်းတထွေ၊ မိခွေဆို–အဲ၊
ခမဲတော်ဘုရား သင်္ဂီ၊ မြဝတီ သံဆန်း၊[၁]
ငလန်းဆေးလင်္ကာ
ဒုတိယအထောက်အထားဖြစ်သော ဂီတသံသမိုင်းမှာ –

'ယခု ရွှေလက်ထက်တော် မြင်းမူရွာစား မဟာသီရိဇေယျသူရ ၈၃–နှစ်တွင် ရွှေနန်းတော် ရှေ့အိမ်မှာ ချမ်းသာစွာ သားသမီး မြေးမြစ်တို့နှင့် ဒါန သီလ ဘာဝနာကို အားထုတ်၍နေရသည်'

ဤစာမှာ ပုဂံမင်းလက်ထက် ၁၂၁၁–ခုတွင် မြဝတီဦးစ ကိုယ်တိုင်ရေးခဲ့သော ဂီတသမိုင်း၏ နိဒါန်းဖြစ်သည်။ ပုဂံမင်းလက်ထက်အခါက မင်းတုန်းမင်းသားသည် ဦးစကို အလေးပြုသဖြင့် အသက် ၂၅–နှစ်မှ ယခု ၈၃–နှစ်အတွင်း ရေးသားပြုစုခဲ့သော သီချင်းအမျိုးမျိုးကို မည်သည့်အခါရေးသည်။ မည်သည့်အကြောင်းကြောင့်ရေးသည် စသည်ဖြင့် စုဆောင်းရမည်ဟု မိန့်ကြားသဖြင့် ရေးသောစာဖြစ်သည်။

**၈၆–နှစ်ရွယ် မြဝတီဦးစ ။** ။ ၁၂၁၄–ခုတွင် မင်းတုန်းမင်းသားသည် ပုဂံမင်းကိုခြားနား၍ ရွှေဘိုမြို့၌ ဗိုလ်ဝင်ခံနေခိုက် ဦးစလည်း သွားရောက် ခစားလိုက်သေးသည်။ မင်းတုန်းမင်း၊ ကနောင်မင်းသားတို့သည် ပြည်ထဲရေးကို အသစ်ပြုစုစီစဉ်ဆဲရှိသည်။ မင်းတုန်းမင်းက **'စစ၊ အမှုတော်ကို ထမ်းနိုင်ပါဦးမည်လား'** မေးသောအခါ **'ဆောင်ရွက်နိုင်ပါသေးကြောင်း'** ဦးစက လျှောက်ထားခဲ့လေသည်။ သို့ရာတွင် ၁၂၁၅–ခု၊ သီတင်းကျွတ်လတွင် အနိစ္စရောက်သွားသဖြင့်[၂] မင်းတုန်းမင်းအလိုတော်ကို ဖြည့်စွမ်းနိုင်ခွင့် မရရှာတော့ပေ။

---

၁။ မြဝတီဝန် ဦးစမှာ သံဆန်းကိုသာရေးသည်။ ထိုခေတ်က ပတ်ပျိုးကြိုး သီချင်းကြီးများကို သံဆန်းဟုခေါ်သည်။

၂။ ၁၂၁၅–ခု သီတင်းကျွတ်လအတွင်း တစ်ထောင့်တစ်ရာနှစ်ခုဖွား မြဝတီမြို့စားဝန်ကြီးဟောင်း မဟာသီဟသူရ၊ ဝတ်မြေဝန်ပိဋကတ် တိုက်စိုး မဟာမင်္ဂလသင်္ကြံတို့ သေလွန်သည်ကို ကောင်းမွန်စွာ သင်္ဂြိုဟ်တော်မူသည်။

(သုသောဓိတ ရာဇဝင် ဆဌ–၁၇၃ တွင် 'ဆဲ့ ရှစ်' စာလုံးကျနေသည်။) ကုန်းဘောင်ဆက်ရာဇဝင်ကြီး ၁၆၅–၌ကား ၁၁၂၈–ခုဖွား မြဝတီဟု အသေအချာပါ၏။ မုံရွေးဆရာတော်မှတ်စု ၁၀၅ ၌ ၁၂၁၄–ခုတွင် ရတနာသိင်္ခရွှေဘိုမြို့ သူဇာတံခါးမှာ အနိစ္စရောက်သည်ဟုဆို၏။

mgyoe.com

mgyoe.com

လဲ့လဲ့ကြီးညို၊ သည်ကိုမှာ ဆည်မတန့် နိုင်ဘူး နွေရန့်အပြု[၁]။ ။

စောရွှေဆုံ၊ မယုံမပုံရသည်မို့၊ သောကတောင်ထု။

မင်းတုန်းမင်း ရွှေဘိုဌ် ဗိုလ်ဝင်ခံနေခိုက် မင်းကြီးကတော်ဟောင်း ခင်ဆုံလည်း ရှေ့တော်ရောက်သည်။ ဦးစလည်း ရောက်သည်။ ထိုအခါ ဦးစက ခင်ဆုံသို့ ရေးပေးသည်ဟု (ကဝိရတနာ ၂၁-၃၇) ၌ဆို၏။ ဤအမှတ်အသားမှန်လျှင် ဤဒွေးချိုးကဗျာသည် ဦးစ၏ နောက်ဆုံးလက်ရာဖြစ်ပေမည်။ ။

၁။ အိနောင်မင်းသားက နန်းကိန္နရာမင်းသမီးကို လွမ်းဆွတ်တမ်းတ၍ ဖွဲ့ဆိုသည်မှာ 'လဲ့လဲ့ကြီးညို၊ အလိုဖြေမတန့်နိုင်ဘွဲ့၊ နွေးရန့်အပြု။ ။ တိမ်အကြွေ ဘယ်ခွေညာကွေ့နှင့်သာ၊ မေ့ချင်ပြီနော်ထင်လိမ့်၊ စိုးတော့တမှု' အိနောင်ဇာတ်သီချင်းကိုပင် ဒုတိယအပိုဒ်ကိုသာလွှဲ၍ စပ်သောကြောင့် မြဝတီဦးစ ရေးသည်ဟုပင် ယုံကြည်ဖွယ်ရှိ၏။

mgyoe.com

mgyoe.com

# ဂီတပါရဂူနှင့် သေနင်္ဂဗျူဟာပါရဂူ

ရွှေစကြာ

ကာလကြာမြင့်စွာ စာနယ်ဇင်းများနှင့် ဝေးကွာ၍နေခဲ့ရာမှ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သော ကျွန်ုပ်တို့၏ ဆိုးတူကောင်းဘက် အတ္တကွာယီ။ ဒဋ္ဌမိတ္တအစစ်ဖြစ်ကြီးဖြစ်၍ ချစ်လည်းချစ်လှပါသော ဆရာကြီးဒဂုန်ရွှေမျှား၏ မေတ္တာရပ်ခံ တိုက်တွန်းချက်အရ၊ ဤဆောင်းပါးကို ရေးသားလိုက်ရပေကြောင်း။

မြဝတီအနှစ် ၂၀၀–ပြည့် အထိမ်းအမှတ် စာစောင်အတွက် မြဝတီဝန်ကြီးဦးစအကြောင်းကိုရေးရသဖြင့် အထူးပင်အားရကျေနပ်မိပေသည်။ အကြောင်းမူကား ကျွန်ုပ်မှာ ရာဇဝင်ဝတ္ထုရေးသမားတစ်ယောက်ဖြစ်၍ ရာဇဝင်လာ ထင်ရှားသောပုဂ္ဂိုလ်တို့၏အကြောင်းကို နောက်ခံကားထားကာ ဝတ္ထုများပြုစုခြင်းဖြင့် စာဖတ်ပရိသတ်တို့အား အမျိုးဇာတိမာန်ထက်သန်၍ တိုင်းချစ်ပြည်ချစ် ဘာသာချစ် သာသနာချစ်စိတ်များဝင်စားအောင်ဆောင်ရွက်ခဲ့သူဖြစ်ရာ မြဝတီဝန်ကြီးဦးစမှာ ကျွန်ုပ်၏နှလုံးအိမ်ထဲ၌ အမြဲတမ်းကိန်းအောင်းနေသူဖြစ်ခဲ့သောကြောင့်တည်း။ ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ်ကြီးပြီးစ ၁၉၄၆–ခုနှစ်က **'ဗိုလ်ချုပ်ဦးစ'** ဟူသောအမည်နှင့် မြဝတီဝန်ကြီးဦးစ၏ အကြောင်းကို ဝတ္ထုပြုလုပ်ကာ စာတစ်အုပ်ရေးထုတ်ခဲ့ဖူးပေသည်။ ထို့နောက်တစ်ဖန် ၁၉၅၁ ခုနှစ်တွင် အထက်အဆိုပါ ဗိုလ်ချုပ်ဦးစကိုပင် အသစ်တစ်ဖန် ထပ်မံပြင်ဆင်၍ သုခ်သင်တည်းဖြတ်ပြီး **'မြဝတီဝန်ကြီးဦးစ'** ဟူသောအမည်နှင့် ဝတ္ထုတစ်ပုဒ်လုပ်ကာ စာအုပ်အဖြစ်ဖြင့်ပင် ရေးသားထုတ်ဝေခဲ့ဖူးပေသည်။

**'မြန်မာအစ–ရသေ့က'** သို့မဟုတ်၊ **'မြန်မာအစ ခေတ္တရာက'** ဟူသောဆောင်ပုဒ်အတိုင်း (ရာဇဝင်အစောင်စောင်အရ မြန်မာဟူသောအမည်မှာ သရေခေတ္တရာပြည်ပျက်ခါနီးမှ ပေါ်ပေါက်လာခြင်းဖြစ်၏။) မြန်မာဟူသော အမည်ပေါ်သည်မှစ၍ ယနေ့ထက်တိုင် ထွက်ပေါ်လာခဲ့သော စာဆိုတော်ပညာရှိများအနက် နှလုံးရည်တွင်မကာ

mgyoe.com

လက်ရုံးရည်ဘက်ကပါ ထက်မြက်သော ပုဂ္ဂိုလ်များစာရင်း၌ ဦးစမှာတစ်ဦးအပါအဝင် ဖြစ်သည်။ အထင်အရှား စံနမူနာတင် ထားလောက်သော ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ပေသည်။

## မင်း ၈–ဆက်မီသူ

ဦးစမှာ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် မြေဒူးမင်းခေါ် ကုန်းဘောင် ဆင်ဖြူရှင်လက်ထက် ၁၁၂၈–ခုနှစ်တွင် မွေးဖွား၍ မင်းတုန်းမင်းလက်ထက် ၁၂၁၅–ခုနှစ်တွင်မှ ကွယ်လွန်သူဖြစ်သောကြောင့် အသက် ၈၇–နှစ်တိုင်တိုင် နေရသူဖြစ်ရာ ရာဇဝင်အားဖြင့် မင်း ၈–ဆက်တိုင်အောင် မီခဲ့သူဖြစ်ပေသည်။

## ဦးစကွယ်လွန်သောနှစ်

မန္တလေးမြို့တည် ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီးသည် နောင်တော်ပုဂံမင်းကို ပုန်ကန်ခြားနားရန် ရွှေဘိုသို့ထွက်ပြီး ရွှေဘိုမှ ပုဂံမင်းရှိရာ အမရပူရသို့ စစ်တပ်များလွှတ်ကာ တိုက်စေရာ နောက်ဆုံးတွင် အောင်မြင်၍ ဘုရင်အဖြစ်သို့ ရောက်တော်မူခဲ့၏။ ဘုရင်ဖြစ်ပြီးနောက် အမရပူရရွှေမြို့တော်တွင် မစံသေးဘဲ ရွှေဘိုမြို့တော်၌ပင် ၉–လနှင့် ၁၀–ရက် စံနေတော်မူခဲ့၏။ ထိုအခါ အမရပူရမြို့တော်ရှိ မှူးကြီးမတ်ကြီး မှူထမ်းရာထမ်းစသောသူတို့လည်း ရွှေဘိုသို့ ပြောင်းရွှေ့လိုက်ပါနေထိုင်ခဲ့ကြ၏။ ထိုသို့ ရွှေဘိုမြို့တော်၌ မင်းတုန်းဘုရင်မင်းမြတ် စံနေတော်မူစဉ် ဦးစကွယ်လွန်အနိစ္စရောက်ခဲ့၏။ ထိုအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ အောက်ပါအတိုင်း အထင်အရှား ဖော်ပြထားခဲ့ပေသည်။

> 'ထိုနှစ်အတွင်း (၁၂၁၅–ခုနှစ် ဖြစ်သည်။) ၁၁၂၈–ခုဖွား မြဝတီမြို့စား ဝန်ကြီးဟောင်း မင်းကြီးမဟာသီဟသူရ။ ဝတ်မြေဝန် ပိဋကတ်တိုက်စိုး မဟာသင်္ကြန်တို့ သေလွန်သည်ကို ကောင်းမွန်အောင် သင်္ဂြိုဟ်ရ၏'

ဤသို့ဖော်ပြသဖြင့် ဤဆောင်းပါးတွင် ဦးစ၏ အတ္ထုပ္ပတ္တိကို တင်ပြလိမ့်မည်ဟု မထင်မှတ်ကြစေလိုပါ။ ဦးစ၏အတ္ထုပ္ပတ္တိကိုတင်ပြလျှင် စာတစ်အုပ်သတ်သတ်ရေးမှသာ ပြည့်စုံမည်ဖြစ်ပါသည်။ ဤဆောင်းပါးတွင်မူ ဦးစ၏ ထူးချွန်ထူးခြားသော ဖြစ်ရပ်များကိုသာ ဖော်ပြသွားမည်ဖြစ်ပေသည်။

## ဦးစနှင့် သေနင်္ဂဗျူဟာပရိသတ်

ဦးစမှာ ဂီတပါရဂူတစ်ဦးဖြစ်၍ 'မြဝတီဝန်ကြီးဦးစ' ဟု ဆိုလိုက်လျှင် ရာဇဝင်

mgyoe.com

mgyoe.com

လိုက်စားသူ ရာဇဝင်သမားတို့မှတစ်ပါး အများသော ပြည်သားပြည်သူ ဦးမည်း ဦးဖြူ ဟူဟူသမျှတို့က 'ကဗျာဆရာကြီး' 'လင်္ကာဆရာကြီး' 'ဂီတဆရာကြီး' 'စာဆိုတော်ကြီး' ဟူ၍သာ များသောအားဖြင့် သိရှိနေကြပေသည်။ စစ်ဘက်ဆိုင်ရာ သေနင်္ဂဗျူဟာဘက်က ထက်မြက်ကြောင်းသိသူ အလွန်ရှားလှပေသည်။ သို့သော် ရာဇဝင်ပရိသတ်နှင့် သေနင်္ဂဗျူဟာပရိသတ်တို့ကမူ ဦးစ၏နာမည်ကို နှလုံးသားတွင် ကျောက်ထက်အက္ခရာတင်ထားသကဲ့သို့ သေနင်္ဂဗျူဟာဘက်က ထက်မြက်ကြောင်း မှတ်တမ်းတင်ထားကြပေသည်။ အကြောင်းမူကား နိုင်ငံခြားသား ကုလားဖြူအင်္ဂလိပ်တို့၏ရန်ကို ပထမဆုံး တွန်းလှန်ချေမှုန်းသူ ဗိုလ်ချုပ်ဖြစ်ခဲ့သောကြောင့်တည်း။

## ဦးစနှင့် အင်္ဂလိပ်

မြန်မာနိုင်ငံတော် ရတနာပူရ အဝရွှေမြို့တော် ဘကြီးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၈၅–ခုနှစ်တွင် ဓညဝတီရခိုင်ပြည်နှင့် စစ်တကောင်းနယ်ခြားရှိ ငတ်မြစ်ခေါ် နတ် (Naaf) မြစ်ဝတွင်ရှိသော မြန်မာဘုရင်ပိုင် ရှင်မဖြူကျွန်း (Shapuree) ကျွန်းဟု အင်္ဂလိပ်တို့က နာမည်ပေးထားကြ၏။ ထိုကုလားဖြူအင်္ဂလိပ်တို့က ကျူးကျော်စော်ကားမတရားသဖြင့် ၎င်းတို့၏ ကုလားဖြူအလံကို လာရောက်စိုက်ထူလျက် လူသူအစောင့်ထားလာသောကြောင့် ဘုရင်မင်းမြတ်အမိန့်တော်နှင့် ဓညဝတီမြို့ဝန် အခွန်ဝန် အကောက်ဝန် အရာရှိတို့က ကုလားဖြူအင်္ဂလိပ်အလံကို နုတ်ပယ်ဖျက်ဆီးကာ အစောင့်ထားသော ကုလားဖြူ အင်္ဂလိပ်တို့ကိုလည်း မောင်းထုတ်ပစ်လိုက်ကြလေသည်။

ထိုအခါ ကုလားဖြူအင်္ဂလိပ်တို့က စစ်သင်္ဘောများနှင့် ထပ်မံလာရောက်၍ ရှင်မဖြူကျွန်းကို အတင်းအဓမ္မသိမ်းပိုက်လျက် ခံတပ်ဆောက်လုပ်ကာ အခိုင်အမာ နေလာကြ၏။ ကုလားဖြူအင်္ဂလိပ်တို့၏ မတရားပြုမူချက်ကြောင့် ရှင်မဖြူကျွန်းရှိ ကုလားဖြူ အင်္ဂလိပ်တို့ကို နှင်ထုတ်ရေးအတွက် ၁၁၈၅ ခု၊ နတ်တော်လပြည့်ကျော် ၁၃–ရက်၊ အင်္ဂါနေ့တွင် ဗိုလ်မှူးဝန်ကြီး မဟာဗန္ဓုလကို ဗိုလ်ချုပ်အဖြစ်ဖြင့်လည်းကောင်း၊ အတွင်းဝန်မင်းကြီး မဟာသီဟသူရ(ဦးစ)နှင့် မင်းကြီးမဟာမင်းလှရာဇာတို့ကို စစ်ကဲ အဖြစ်ဖြင့်လည်းကောင်း၊ စလေမြို့စား မင်းလှရာဇာနှင့် မဟာစည်သူကျော်ထင်တို့ကို နားခံအဖြစ်ဖြင့်လည်းကောင်း၊ စာရေးကြီး နေမျိုးကျော်သူနော်ရထာနှင့် မင်းထင်စည်သူတို့ကို တပ်ရေးအဖြစ်ဖြင့် လည်းကောင်း၊ ခန့်ထား၍ စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့် စလင်းဆင်ဖြူကျွန်းမှတစ်ဆင့် ချီတက်ရန် ရှေ့ရုံးတော်တွင် ပြန်တမ်းခံစေပြီးလျှင် တပ်တော်များချီတက်စေခဲ့၏။

ဆင်ဖြူကျွန်းသို့ ရောက်သောအခါ မဟာဗန္ဓုလလည်း တပ်ပေါင်း ၁၀–တပ်နှင့်
mgyoe.com

စစ်ကဲကြီးဦးစကို ဗိုလ်ချုပ်ခန့်ထား၍ ဓညဝတီရခိုင်ပြည်သို့ ချီတက်စေ၏။ (မဟာဗန္ဓုလ
မှူ အရေးအခင်းကိုကြည့်ကာ ဆင်ဖြူကျွန်းတွင် ခေတ္တ စခန်းချနေခဲ့၏။)
တပ်ပေါင်း ၁၀–တပ်တွင် ရဲမက်လက်နက်ကိုင် စစ်သည်တော် ၅–ထောင်နှင့် ဆင် ၁၀၊
မြင်း ၃၀၀ ပါ၏။ ဦးစလည်း ဆင်ဖြူကျွန်းဆိပ်ကမ်းက စလင်းမြို့၊ ဘားအိုင်မြို့လမ်း
တောတောင်ချောင်းမြောင်းများကို ဖြတ်သန်းကာ ဓညဝတီရခိုင်ပြည်သို့ အရောက်ချီတက်
ခဲ့၏။ ဗိုလ်ချုပ်ဦးစတို့တပ်များ ဓညဝတီ စီရင်စု ဓားလက်မြစ်ဆိပ်သို့ အရောက်တွင်
ဓညဝတီမြို့ဝန်နှင့် စစ်ကဲအရာရှိတစ်စုတို့က အသင့်ကြိုဆို၍ ဓညဝတီသို့ မြစ်ကြောင်းမှ
တိုက်လှေ မှုက္ကတူးများနှင့် ဆောင်ယူကာ ဓညဝတီမြို့၏ အနောက်တောင်ဘက် စကား
တောင်တွင် တပ်စခန်းပြုလုပ်ချထားလေ၏။

ဗိုလ်ချုပ်ဦးစလည်း ဓညဝတီမြို့ဝန်ကို စစ်မှုရေးရာအတွက် မေးမြန်းစစ်ဆေး၍
ဓညဝတီရခိုင်ပြည်ရှိ တပ် ၅–တပ်ကို ၁–တပ်လျှင် ရဲမက်လက်နက်ကိုင် ၅၀၀၀–စီနှင့်
ဒွာရာဝတီမြို့ဝန်ကို အချုပ်ခန့်လျက် ငတ်မြစ်ခေါ် နတ်မြစ်အရောက် ချီတက်နှင့်စေပြီးမှ
မိမိကိုယ်တိုင် ရေကြောင်းကနေ၍ လှေများ၊ ဖောင်များနှင့် သကြံန်ကျွန်း၊ ကစ္ဆပနဒီမြစ်၊
ပင်လယ်ဝတစ်ဖက်ရှိ ဦးရစ်တောင်ဘုရား၊ စစ်တွေပင်လယ်ဝများကို ကူးသန်းဖြတ်ကျော်
လက်ပန်ဆင်းကြောင်း မြစ်ကမ်းထိပ်ရောက်ချီတက်ပြီးလျှင် လက်ဝဲဘက်စခန်း၌ တပ်တော်
ချရပ်နေလေ၏။ မကြာမီပင် ဗိုလ်မှူး ဝန်ကြီးမဟာဗန္ဓုလလည်း တပ်တော်များနှင့်
ဓညဝတီ ရခိုင်ပြည်သို့ ဆိုက်ရောက်လာခဲ့၏။ မဟာဗန္ဓုလသည် စစ်မက်ရေးရာများကို
ဦးစနှင့် တိုင်ပင်ပြီးနောက် ကန်တော့ပလ္လင်မှတစ်ဆင့် ပန်းဝါ (Ramoo)သို့ တပ်ပေါင်း
၁၄–တပ်နှင့် ဦးစကို ဗိုလ်ချုပ်ခန့်ကာ ချီတက်စေ၏။ (မဟာဗန္ဓုလမှူ အရေးအခင်းကို
မျှော်တင်း၍ ဓညဝတီရခိုင်ပြည်၌ စခန်းချနေခဲ့၏။)

## အင်္ဂလိပ်စစ်တပ်ကြီး တပ်လုံးမြုပ်သွားခြင်း

ဗိုလ်ချုပ်ဦးစ၏ တပ်များ ကန်တော့ပလ္လင်သို့ အရောက်တွင် အင်္ဂလိပ်တပ်များက
ဆီးကြို၍တိုက်ကြလေရာ ဗိုလ်ချုပ်ဦးစလည်း အင်္ဂလိပ်တပ်များကို ရှုပ်ရှပ်ချွံချွံ တိုက်ချ
လိုက်မှ အင်္ဂလိပ်တို့ မခံမရပ်နိုင် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးကြလေ၏။ ဗိုလ်ချုပ်ဦးစ
လည်း ကန်တော့ပလ္လင်၌ တစ်ရက်နားပြီးနောက် အောင်စည်အောင်မောင်း တစ်ပြိုင်နက်
ကြွေးကြော်စေ၍ ပန်းဝါ (Ramoo)သို့ ချီတက်ခဲ့ရာ အင်္ဂလိပ်တို့က ဆင်၊ မြင်း အလုံး
အရင်း၊ ရဲမက်လက်နက်ကိုင် ၁၀၀၀၀–ကျော်ခန့်နှင့် အကြီးအကျယ်ဆီးကြိုရပ်ခံနေသည်
ကို တွေ့ရလေ၏။ ဗိုလ်ချုပ်ဦးစလည်း တပ်မှူးငါးယောက်ကို မြင်းစီးရေ ၁၀၀–ကျော်နှင့်

ရွှေထီးဖြန့်ကာ စစ်လျှင်ကစားစေပြီးမှ အောင်စည်အောင်မောင်းဆော်ရွမ်းကာ စစ်သံစစ်ချက်ပေး၍ တစ်ပြိုင်နက် ကြွေးကြော်ပြီးတိုက်ချလိုက်ရာ အင်္ဂလိပ်တပ်အားလုံးမှာ မြန်မာတပ်မတော်အတွင်းတွင် တပ်လုံးမြုပ်၍ သွားလေတော့၏။ ထွက်ပြေးသူပြေး သေသူသေနှင့် ကစဉ့်ကလျား ဖြစ်ကာ လက်နက်များကိုပင် မသယ်ယူနိုင်ဘဲ အင်္ဂလိပ်တပ်ကြီးတစ်ခု လုံး ဖရိုဖရဲဖြစ်၍ မရှုမလှကျဆုံးခြင်းကြီး ကျဆုံးခဲ့လေ၏။

ထိုတိုက်ပွဲတွင် ဗိုလ်လုပ်သူအင်္ဂလိပ်များနှင့် စစ်ဗာရီကုလားအများ သေဆုံး၍ သေနတ် ၅၀၀–ကျော်၊ ရထားတင်အမြောက် ၂–လက်၊ သဘော်၊ မြင်းအစီး ၂၀၊ ဆင် ၅ စီးရလိုက်၏။ ဗိုလ်ချုပ်ဦးစလည်း ထိုအရပ်တွင် အခိုင်အမာတပ်တည်လုပ်၍ အောင်ပွဲသဘင်ကျင်းပပြီး စစ်တကောင်းသို့ ချီတက်သိမ်းယူရန်စီမံနေစဉ်၊ မဟာဗန္ဓုလထံမှ စစ်တကောင်းကို မချီတက်ရန် အကြိမ်ကြိမ်အမိန့်လာနေသောကြောင့် အနားယူကာ ရပ်ဆိုင်း နေရလေ၏။ ထိုအတွင်း အင်္ဂလိပ်တို့က ပင်လယ်ဝ နတ်မြစ် (Naf)တွင် တပ်ခိုင် တပ်လုံ တည်လုပ်ကာ တပ်စွဲလာပြန်သဖြင့် ဗိုလ်ချုပ်ဦးစလည်း ရဲမက်လက်နက်ကိုင် ၉၀၀ နှင့် စစ်ဗိုလ် ၂–ယောက်ကိုလွှတ်၍ တိုက်စေရာ အင်္ဂလိပ်တို့ မခံမရပ်နိုင် ဆုတ်ခွာထွက်ပြေးကြရန်ပြန်လေသည်။ သေသူသေ၊ အရှင်မိသူမိနှင့် မချိမဆံ့ ဖြစ်သွားကြလေ၏။ ထိုတိုက်ပွဲတွင် သံအမြောက်ကြီး ၁–လက်၊ သေနတ် ၂၀၀–ကျော် စစ်သုံ့ပန်း ၂၀၀–ကျော် ရလိုက်၏။

ဗိုလ်ချုပ်ဦးစလည်း တိုက်ပွဲတွင် ရသမျှလက်နက်များနှင့် လူသူဆင်မြင်းတို့ကို ဗိုလ်မှူးဝန်ကြီး မဟာဗန္ဓုလရှိရာ ဧည့ဝတီရခိုင်ပြည်မှတစ်ဆင့် နေပြည်တော်ရတနာပူရ အဝရွှေမြို့တော်သို့ ပို့ဆက်လိုက်လေ၏။

## ဦးစနှင့် မယ်ဇယ်ဘော်ရနီ

ရန္တပိုစာချုပ် သတ္တမအချက်အရ အင်းဝနေပြည်တော်၌ ၇–နှစ်တိုင်တိုင် လာရောက်နေထိုင်သော အင်္ဂလိပ် သံအမတ်မေဂျာဘာနေကို မြန်မာတို့က 'မယ်ဇယ်ဘော်ရနီ' ဟုခေါ်ကြ၏။ (၎င်းသည် အင်းဝသို့ရောက်လာစဉ် မေဂျာဖြစ်၍ နောက်မှ ကာနယ် ဖြစ်သွား၏။) ၎င်း၏နာမည်အပြည့်အစုံမှာ Major Henry Burney ဖြစ်၏။ ၎င်း မယ်ဇယ်ဘော်ရနီခေါ် ဘာနေသည် မြဝတီဝန်ကြီးဦးစနှင့် သိကျွမ်း၍ ဦးစ၏ အကြောင်းကို အောက်ပါအတိုင်း မှတ်တမ်းရေးထားခဲ့လေသည်။

'ဘာနေက ပြောဆိုသည်မှာ သူတွေ့ဖူးသော အတော်ဆုံးလူတွေထဲတွင် မောင်စသည် တစ်ယောက်အပါအဝင်ဖြစ်သည်။ အရေးဆိုသော

mgyoe.com

နေရာဌာနတို့၌ ခေါင်းဆောင်ပြောလေ့ရှိ၏။ ဥရောပတိုက်သားများနှင့် များစွာ ဆက်ဆံလေ့ရှိသူတစ်ယောက်ဖြစ်၏။ အထူးသဖြင့် ဂျပ်ဆင်နှင့် ရင်းနှီး၏။ အဝနေပြည်တော်တွင်ရှိသော မြန်မာအရာရှိများထဲတွင် အင်္ဂလိပ်တို့၏ အပြုအမူ အကြောင်းအရာ အကျင့်စာရိတ္တကို အသိဆုံးလူတစ်ယောက် ဖြစ်၏။ မောင်စသည် ထူးချွန်သော အကျင့်စာရိတ္တ အသိဉာဏ်ရှိသောသူဖြစ်ကြောင်း ထင်ရှား၏။ သူသည် နာဂရီဘာသာကို ကောင်းမွန်စွာရေးသားနိုင်၍ ဟိန္ဒူ စတန်နီစကားကို အနည်းအကျဉ်းပြောနိုင်၏။ သူသည် လက်တင်ဘာသာ ဘုရားရှိခိုးသီချင်းစာ ၂–ကြောင်း၊ ၃–ကြောင်းလောက်ကို ကျွန်ုပ်အားဆိုပြခြင်းဖြင့် ကျွန်ုပ်၏စိတ်တွင် များစွာအံ့အားသင့်မိပါသည်။ ဤသီချင်းများကို အဝနေပြည်တော်၌ နေထိုင်သော ဗရင်ဂျီ ခရစ်ယာန်ဘာသာဝင်များထံမှ သင်ယူထားခြင်းဖြစ်ရမည်။ သူသည် ကျွန်ုပ်ကို ပြောပြသည်မှာ ရာမူ (ပန်းဝါ) စစ်ပွဲတွင် သူ၏ဘက်မှ စစ်သား ၆၅၀၀ (ခြောက်ထောင့်ငါးရာ) ခန့်မျှသာ ရှိ၍ ကပ္ပတိန်နော်တင်၏ဘက်မှ စစ်သား ၇၀၀၀ (ခုနစ်ထောင်) ခန့်ပါဝင်သော စစ်တပ်တို့ ဆိုက်ပြိုင်တိုက်ခိုက်ကြရာ ကပ္ပတိန် နော်တင်တပ် ဆုံးရှုံးပျက်စီးလေသည်။ ထိုစစ်ပွဲ၌ ၎င်း၏ တပ်သားများကို အင်္ဂလိပ်စစ်သားနှင့် အရာရှိများအား ဖမ်းဆီးရမိသောအခါ ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်မှုကိုပြုရန် အမိန့်လည်း မပေး။ ညွှန်ကြားခြင်းလည်းမပြု။ ထို ကျဆုံးသော အင်္ဂလိပ်စစ်သားတို့သည် စစ်ပွဲတွင် တိုက်ခိုက်ရာ၌ စစ်တို့၏ ဓမ္မတာသဘောအတိုင်း ကျဆုံးပျက်စီးခြင်းသာလျှင် ဖြစ်သည်ဟု သူက (မောင်စက) ပြောပြလေသည်"

## ဦးစနှင့် ဆရာယုဒသန်ခေါ် ဂျပ်ဆင်

ဘိုးတော်ဘုရားလက်ထက် မြန်မာနိုင်ငံတော်သို့ရောက်လာ၍ ဘကြီးတော်ဘုရားလက်ထက် ရတနာပူရ အဝမြို့တော်၌ စစ်ဥပဒေနှင့် အချုပ်ခံရသော အမေရိကန် သာသနာပြုဆရာ ယုဒသန်ခေါ် ဂျပ်ဆင် (Dr. Adoniram Judson) သည် အင်းဝမြို့တော်၌နေစဉ် ဦးစနှင့် သိကျွမ်းရင်းနှီး၍ ဦးစ၏အကြောင်းကို အောက်ပါအတိုင်း မှတ်တမ်း ရေးသားထားခဲ့လေသည်။

mgyoe.com

.com

မြဝတီဝန်ကြီး မောင်စသည် မကြာသေးခင်ကမှ ဝန်ကြီး အဖြစ်သို့ ဖန်တီးခြင်းခံရသည်။ ဝန်ကြီးမဖြစ်မီက ၎င်းသည် အတွင်းဝန်တစ်ယောက်ဖြစ်သည်။ ဂျပ်ဆင်အဆိုမှာ စစ်ဖြစ်စဉ် တုန်းက ရခိုင်ပြည်မှာ သူသည် လက်ဖတင်နင် ဂျင်နရယ်ဖြစ်၏။ သူသည် အသိဉာဏ်ကျယ်ဝန်းသူ တစ်ယောက်ဖြစ်သည်။ လျင်မြန် ထက်မြက်သော ဉာဏ်ရှိသူတစ်ယောက်ဖြစ်သည်။ လွတ်လပ်စွာ တွေးတော၍ ဘာသာတရားတွင်လည်း လွတ်လပ်စွာ ဆင်ခြင် သုံးသပ်တတ်သည်။ သို့သော် ဘုရားတစ်ဆူ သာရှိကြောင်းမူ ယုံကြည်သည်။ တိုင်းတစ်ပါးသား လူဖြူများ၏ နေထိုင် စားသောက်ရေး အဆင့်အတန်းမြင့်သည်၏ အဖြစ်ကို ကောင်းစွာ ယုံကြည်သည်။ လူဖြူတို့၏ သုခုမပညာနှင့် လောက ဓာတ်ပညာများကို မိမိနိုင်ငံတွင်းသို့ယူဆောင်၍ ကြီးပွားတိုးတက် အောင် ပြုလုပ်လိုသော ဆန္ဒများစွာရှိလေသည်။

အထက်ပါ မြန်မာနိုင်ငံနေ၊ အင်္ဂလိပ်သံအမတ် မယ်ဇယ်ဘော်ရနီ ခေါ် မေဂျာ ဟင်နရီဘာနေ၏ မှတ်တမ်းနှင့် ဆရာယုဒသန်ခေါ် ဒေါက်တာ ဂျပ်ဆင်း ၏မှတ်တမ်းမှာ ... W. S. DESAI M. A., BOM & CANTAB. စုဆောင်း ရေးသားထားသော – HISTORY OF THE BRITISH RESIDENCY IN BURMA 1826-1840. ခေါ် ရာဇဝင်စာအုပ် စာမျက်နှာ ၇၄ နှင့် ၇၅ မှ ထုတ်နုတ်ကူးယူ၍ ဘာသာပြန်ဆိုထားချက်ဖြစ်ပါသည်။

### ဦးစ၏ရာထူးများ

ဦးစကား အိမ်ရှေ့မင်းထံ၌ ပထမဆုံး ဘဏ္ဍာစာရေး ခန့်ထားခြင်းခံရ၍ ထို့နောက် အိမ်ရှေ့သံတော်ဆင့်၊ ထို့နောက် အိမ်ရှေ့အတွင်းဝန်၊ ထို့နောက် ဖြတ်ိုက်အတွင်းဝန် (အတွင်းဝန်ကြီးဖြစ်၏) ထို့နောက် ၁၁၉၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄–ရက်နေ့ တွင် အိမ်ရှေ့မင်းရာထူးကလွဲ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကြီးဆုံးရာထူးဖြစ်သော အဂ္ဂမဟာသေနာပတိဝန်ကြီးခန့်ထားခြင်းခံရ၏။

(ထိုအချိန်မှာ။ မြန်မာနိုင်ငံတော်တွင် ဘကြီးတော်ဘုရားခေါ် စတုတ္ထရတနာပူရအဝ မြို့တည် မဟာဝိဇယရံသီစေတီတော် ဒါယကာ မင်းတရား နန်းစံခိုက်ဖြစ်၏။)

mgyoe.com

ngyoe.com

ဦးစ ထောင်ကျခြင်း

၁၁၉၈–ခု၊ တပေါင်းလတွင် ရှင်ဘုရင်ဖြစ်သူ ဘကြီးတော်ဘုရားနှင့် ညီတော်ရင်း သာယာဝတီမင်းသားကြီးတို့၏ အရေးတော်ပေါ်လာ၏။ ပေါ်လာပုံကား ဤသို့တည်း။ ဘကြီးတော် ဘုရင်မင်းမြတ်သည် နန်းမတော် မိဖုရားခေါင်ကြီး (မယ်နု) ၏ မောင်ကြီး ဖြစ်သူ စလင်းမင်းသားကြီး မောင်အိုကို ညီတော်ရင်း သာယာဝတီမင်းသားကြီးထက် ပိုမိုမြှောက်စားကာ လွှတ်တော်တက်၍ နိုင်ငံအလုံးကို စီရင်စေရန် လွှဲအပ်ခဲ့၏။ သာ၍ ဆိုးသည်ကား မကြာမီဘုရင်မင်းမြတ် မကျန်းမမာဖြစ်လာရာ ထိုအခါတွင် စလင်း မင်းသားကြီး မောင်အို အာဏာရှင်ဖြစ်လာ၍ တိုင်းပြည်ကို ထင်သလို အုပ်ချုပ်တော့၏။ ထိုအချိန်တွင် ဦးစမှာ ဝန်ကြီးဖြစ်နေ၍ ဘုရင်မင်းမြတ်၏ ကိုယ်စားပြုသူ မောင်အို၏ အလိုကျ လိုက်ပါနေရ၏။

ညီတော်ရင်း သာယာဝတီမင်းသားကြီးသည် စလင်းမင်းသားကြီး မောင်အို၏ ဒဏ်မခံနိုင်၍ ရွှေဘိုသို့ ထွက်သွားကာ ရွှေဘိုမှနေပြီး စစ်တပ်များလွှတ်၍ တိုက်စေတော့၏။ နောက်ဆုံး၌ သာယာဝတီဘက်က အနိုင်ရကာ သာယာဝတီ မင်းသားကြီး ရှင်ဘုရင် ဖြစ်သွား၏။ ရှင်ဘုရင်ဖြစ်သည်နှင့် တစ်ပြိုင်နက်စလင်းမင်းသားကြီး မောင်အိုနှင့်တကွ မောင်အို၏ အလိုတူပါဖြစ်သူ ဝန်ကြီးဦးစ၊ ကင်းဝန်မောင်ကြွယ်ဝ၊ ကျီအတွင်းဝန် မောင်ပါရောက်၊ မြို့လပ်ဝန် မောင်ရေးတို့ကို ထောင်မှာအကျဉ်းချထားစေ အမိန့်တော်ရှိ၍ ထောင် သွင်းပြီးအကျဉ်းချထားရ၏။ **(ထိုနေ့ကား ၁၁၉၈–ခု၊ ကဆုန်လဆန်း ၈–ရက်၊ အင်္ဂါနေ့၊ မဟာသင်္ကြန်အကျနေ့ဖြစ်၏။)**

အင်းဝမြို့တော်ရှိ မြန်မာထောင်

ရှေ့ရုံးတော်ခေါ် ရာဇဝတ်ရုံးတော်၏ မြောက်ဘက်၌ ထောင်ရှိ၏။ ထောင်ဝင်းမှာ ပြဝက်ခန့်ရှိ၏။ **(ယခင်မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ ဟိုက်စကူးကျောင်းဝင်းခန့်ရှိ၏။)** ထောင်ဝင်းကို ဝါးထရံကာထား၏။ တောင်ဘက်မျက်နှာတစ်ခု၌သာ တံခါးပေါက်ရှိ၏။ ထောင်အဆောက်အဦဆောက်ပုံမှာ မြေကြီးမှအမြင့် ၂–တောင်ခန့်၌ ပြင် (ကြမ်း) ခင်းထား၏။ အခန်းအကန့်မရှိပေ။ ပြင်ထောင် ပြင်ခင်း ပြင်မိုးဖြစ်၏။ ထောင်အတွင်း၌ အလယ်ကောင်က **'အလုံထောင်'** ဟူ၍ရှိသေး၏။ အလုံထောင်အတွင်း၌ မှောင်မိုက်နေ၏။ လူသတ်လျှင် ထိုအလုံထောင်ထဲ၌သတ်၏။ အရာရှိများ ထောင်ကျလျှင်ထားရန် အုတ်တိုက် ထောင်ရှိသေး၏။ သို့သော် မောင်အိုနှင့် ဦးစတို့လူစုကိုမူ သာမန်ထောင်၌ပင် ချထား၍ သာမန်ထောင်သားများကဲ့သို့ပင် ခြေထောက်တွင် အဝတ်စုတ်ပတ်ပြီး သံခြေ

mgyoe.com

mgyoe.com
ကျင်း ခတ်ထား၏။

ထောင်သားများကို အစိုးရက ထမင်းမကျွေးပေ။ မိမိတို့ဘာသာ တောင်းစားရ၏။ စားရပုံကား – အမှုပေါ့သော ထောင်သား ၄–ယောက်တစ်စု၊ ၅–ယောက်တစ်စု၊ ၁၀–ယောက်တစ်စု စသည်ဖြင့်စုပြီး လက်မထောင်တန်းမှ အမှုထမ်းတစ်စုက ကြပ်မတ်ကာ မြို့ထဲလှည့်လျှောက်၍ ထမင်းတောင်းရ၏။ ထိုအခါ ခြေထောက်ကို သံခြေကျင်း ၂–ဆင့်၊ ၃–ဆင့်ခတ်ထား၏။ 'ကြက်တောင်' ခေါ် ချည်ကြိုးကို မိမိဘာသာ မိမိကိုင်၍လိုက်ရ၏။ ရလာသော ထမင်းဟင်းများကို ထောင်ထဲရောက်သောအခါ ကျန်ထောင်သားများနှင့် ဝေ၄ စားရ၏။ အမှုကြီးသော ထောင်သားများကား ထမင်းတောင်းရာ၌ မလိုက်ပါရပေ။ ထောင်သားများကို ထမင်းကျွေးလိုသော ဒါယကာ ပေါ်ပေါက်၍ အခွင့်တောင်းလျှင် ကျွေးခွင့်ပြု၏။ သို့သော် ထောင်သားအားလုံးကို ကျွေးနိုင်မှသာ ခွင့်ပြု၏။ သံခြေကျင်း ခတ်ရာ၌ မင်းညီမင်းသား မဟာမျိုးမဟာနွယ်များကို ကတ္တီပါပတ်ပြီး သံခြေကျင်းခတ်၍ မင်းညီမင်းသား မဟာမျိုး မဟာနွယ်မဟုတ်သူများကို အဝတ်စုတ်ပတ်ပြီးခတ်၏။ စလင်းမင်းသားကြီး မောင်အိုမှာမူ မင်းညီမင်းသား မဟာမျိုးမဟာနွယ်မဟုတ်၍ အဝတ်စုတ်ပတ်ပြီး သံခြေကျင်းအခတ်ခံရ၏။ ထိုအခါက ထောင်ကျခြင်းသည် သေမည့်ခရီးသို့ တစ်ဝက်နင်းခြင်းပင်ဖြစ်၏။

ထောင်ကျနေသူကို အပြင်ဘက်ရှိ ၎င်း၏ရန်သူတစ်ဦးဦးက သတ်လိုလျှင် အမှုးနှင့် အဝှန်းခေါ် ထောင်အရာရှိလုပ်သူတို့ကို လာဘ်ထိုးပြီးအသတ်ခိုင်းသောအခါမျိုးလည်း တစ်ရံတစ်ခါ ဖြစ်တတ်ပေါ်တတ်သေး၏။ သာယာဝတီမင်းသည် ရှင်ဘုရင်ဖြစ်ပြီးနောက် အင်းဝမြို့တွင် စံနေတော်မမူဘဲ ရွှေဘိုမြို့တော်ကို အသစ်ထပ်မံ တည်ဆောက်၍ နေပြည်တော်လုပ်ရန် ကြံတော်မူသဖြင့် ကျောက်မြောင်းတွင် ခေတ္တယာယီနန်းဆောက်ကာ ၆–လခန့်စံနေတော်မူ၏။ နောက်မှ မှူးမတ်ပြည်သူတို့၏ လျှောက်ချက်အရ ရွှေဘိုကို နေပြည်တော်မလုပ်ဘဲ အမရပူရကို အသစ်တစ်ဖန်တည်ဆောက်၍ နေပြည်တော်လုပ်ခြင်းဖြစ်၏။ ထိုသို့ရွှေဘိုကို နေပြည်တော်လုပ်ရန် ကြံစဉ်က ကျောက်မြောင်းနှင့် ရွှေဘိုကို မင်းလမ်းမကြီးဖောက်စေရာ မောင်အိုနှင့် ဦးစတို့လူစုသည် ခြေထောက်တွင် သံခြေကျင်း ခတ်လျက်နှင့် ထိုလမ်းကိုဖောက်လုပ်ခဲ့ရ၏။

> ဤကား စလင်းမောင်အို၊ မြဝတီဦးစတို့နှင့် ပတ်သက်၍ ထောင်ကျခံရပုံ၊ ထောင်၌နေရပုံ၊ ထောင်ဆောက်ပုံ၊ သံခြေကျင်းအခတ်ခံရပုံစသည်တို့ကို မန္တလေးမြို့နေ ကုန်းဘောင်ရာဇဝင် ကျမ်းပြုဆရာကြီးမင်းသား ဦးမောင်မောင်

mgyoe.com

mgyoe.com

**တင် (၁) K. S.M., A. T. M ထံမှ စစ်မဖြစ်မီက ကျွန်ုပ်ကိုယ်တိုင် သွားရောက် မှတ်သားဆည်းပူးခဲ့သော ဗဟုသုတများဖြစ်ပေကြောင်း။**

**ဦးစ၏ ဂီတစွမ်းရည်ကြောင့် ဦးစထောင်မှလွတ်ခြင်း**

မြဝတီဝန်ကြီးဦးစထောင်မှ လွတ်ခြင်းအကြောင်းနှင့် ပတ်သက်၍ ကုန်းဘောင်ရာဇဝင်ကျမ်းပြုဆရာကြီး မင်းသား ဦးမောင်မောင်တင် (၁) K. S. M., A. T. M (ပင်စင် အငြိမ်းစားဝန်ထောက်မင်း) က ၁၉၄၀ ပြည့်နှစ် စစ်မဖြစ်မီကလေးတွင် **'ကုန်းဘောင်ဆက် ဘာကြောင့်မပြုတ်သလဲ' 'မင်းမျိုးများအားလုံးကိုသုတ်သင်ရန် မောင်အိုကြံမှု' 'ရွှေဘိုမင်းက မောင်အိုရန်ဖြိုဖျက်လိုက်ပုံ'** ဟူသော ခေါင်းစဉ်များနှင့် လျှောက်လွှာရေးစက္ကူနှင့် ၄-မျက်နှာတိတိရှိသော စာတမ်းတစ်စောင်ကို စက်တင်ပုံနှိပ်ကာ ထုတ်ဝေဖြန့်ချိလိုက်ရာ ထိုစာတမ်းတွင် ဦးစအကြောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားခဲ့ပေသည်။ **(ထိုစာတမ်းကို ကျွန်ုပ်လက်ထဲတွင် ယခုအထိ သိမ်းဆည်းထားရှိခဲ့ပေသည်။)** ဤ၌ ရွှေဘိုမင်းဆိုသည်ကား သာယာဝတီမင်းကိုပင် ခေါ်ခြင်းဖြစ်၏။

**ဦးမောင်မောင်တင်၏စာတမ်းမှ ထုတ်နုတ်ကူးယူချက်**

"၁၂၀၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့။ မိဖုရားခေါင်ကြီးဘုရားမင်းမိဖုရားအပေါင်း ခြံရံလျက် သဲအင်း သာသနာပိုင်ဆရာတော်ကြီး ဘဝပြောင်းတော်မူရာ ကျောင်းတော်သို့ထွက်တော်မူသည်တွင် ထောင်အကျဉ်းခံနေရသည့် စလင်းစားမောင်အို၊ ဝန်ကြီးဦးစမှ စ၍ မှူးဟောင်းမတ်ဟောင်းများ ခြေကျင်းစွဲလျက် လမ်းပြင်ဆင်ကြရသည်တွင် သမီးတော်စုဘုရားကြီးက မြင်တော်မူသဖြင့် ဝန်ကြီးဟောင်းဦးစကို ခေါ်စေပြီးလျှင် ထောင်အကျဉ်း၌ ခံနေရသော ဆင်းရဲပုံအကြောင်းများကို မေးမြန်းတော်မူသည်တွင် ဦးစက နေ့သေရမလို ညသေရမလို ထိတ်လန့်ကြောက်ရွံ့စွာဖြင့် တစ်နေ့ဝင်တစ်နေ့ထွက်နှင့် အသက်ဆံဖျားနေရသည်များကို သနားလောက်အောင် လျှောက်ထားလေ၏။

ဤအခါ **'စစက ဘုန်းတော်ဘွဲ့သီချင်းရေး၍ ထောင်အဝှန်းမှတစ်ဆင့် ငရွှေသာကိုပေးရမည်၊ အနောက်စမုတ်ပွဲသို့ ခမည်းတော်ဘုရား ထွက်တော်မူသည့်အခါ ငရွှေသာက ဆိုစေရမည်'** အမိန့်ရှိသည်။ ထို့နောက် လိုက်ဝင်းတပ်တော်များနှင့်တကွ ရွှေပြာသာဒ်ရထားတော်စီး၍ ကျောင်းတော်သို့ ထွက်တော်မူသည်။ ဝန်ကြီး

ဟောင်းဦးစလည်း ထောင်သို့ပြန်ရောက်သည့်အခါ (ကုန်းဘောင်နေမင်း) အစချီသော ဘုန်းတော်ဘွဲ့ ပတ်ပျိုးစီကုံးရေးသား၍ ပေးအပ်ရလေ၏။ ၁၂၀၁ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၃–ရက်နေ့။ ရွှေနန်းတော်အနောက်စမုတ် ရုပ်သေးပွဲသို့ ရွှေဘိုမင်းတရားကြီး ဘုရား ထွက်တော်မူ၍ သလွန်တော်ထက်၌ စံတော်မူမိလျှင် ရုပ်သေးမင်းသား မောင်ရွှေသာ က (ကုန်းဘောင်နေမင်း) အစချီသည့်ပတ်ပျိုးသံထောက်။ လှော်ကနတ်သံများကိုဆို၍ သီချင်းအချတွင် ဤသီချင်းကို မည်သူရေးသနည်းဟုမေးတော်မူသဖြင့် ထောင်အကျဉ်း တွင်ရှိနေသော ဝန်ကြီးဟောင်းငစ ရေးသည်ဖြစ်ကြောင်းနှင့်တကွ ချမ်းသာပေးလိုသည့် သဘောကို သမီးတော်စုဘုရားကြီးက တင်လျှောက်လိုက်လျှင် ငစကို ထောင်ကထုတ်စေ အမိန့်တော်ရှိသည်။ ထိုအခါ ညတွင်းချင်းလွှတ်ရလေ၏။ သို့ဖြစ်၍ ၎င်းသီချင်းကို **'ထောင်လွှတ်သီချင်း'** ဟုတွင်လေ၏။ ၎င်းဘုန်းတော်ဘွဲ့ ပတ်ပျိုးသီချင်းတွင် **(များထု ဝေနေ ချမ်းသာစေကြဲ ရှုယ်ဆောင်တဲ့ ကုန်းဘောင်ဘုရား)** ဟူသော ပါဒ၏ သဘော သွားအဓိပ္ပာယ်ကို အားရနှစ်သက်တော်မူခြင်းကြောင့် ဦးစကို ထောင်က လွှတ်တော်မူခြင်း ဖြစ်သည်"

စကြာဒေဝီ

အထက်ပါစာတမ်း၌ပါလာသော သမီးတော်စုဘုရားကြီးဆိုသည်မှာ နောင်သော အခါ မင်းတုန်းဘုရင်မင်းမြတ်၏ **'စကြာဒေဝီ'** ခေါ် **'သီရိပဝရမဟာရာဇိန္ဒာဓိပတိ ရတနာဒေဝီ'** တံဆိပ်နာမခံ အရှင်နန်းမတော် မိဖုရားခေါင်ကြီးဖြစ်လာမည့်သူပေတည်း။ ၎င်းစကြာဒေဝီအလောင်း သမီးလတ်စုဘုရားကြီးမှာ ခမည်းလတ် ရွှေဘိုမင်းခေါ် သာယာ ဝတီမင်းက အလွန်မြတ်နိုး၍ သတ်စေအမိန့်ကျပြီးသူများကို နုတ်ယူနိုင်သော ဘေးမဲ့ဆုကို ပေးထားခြင်းခံရသော သမီးလတ်စုဘုရားဖြစ်၏။

**မှတ်ချက် ။ ။ အထက်ပါ ဦးမောင်မောင်တင်၏ စာတမ်း၌ 'ခြေကျင်းစွဲလျက်' ဟူသောစကားလုံးပါရှိရာ ထိုစကား၏အဓိပ္ပာယ်ကိုအကျယ်သိပါရစေဟု ကျွန်ုပ်က ဦးမောင်မောင်တင်ထံ စာနှင့်ရေး၍ ရိုသေစွာ တောင်းပန်မေးမြန်းလိုက်ဖူးပါ သည်။ ထိုအခါ ဦးမောင်မောင်တင်က တခမ်း တနား အကျယ်တဝင့် အဖြေစာရေး၍ ပေး လိုက်ပါသည်။ အဖြေလိုရင်း အချုပ်ကား**

mgyone.com

mgyoe.com

'ခြေကျင်းစွဲ' ဟူသည်မှာ သံခြေကျင်းခတ်ထားခြင်းပင်ဖြစ်ပါသည်။

ဦးစသည် ထောင်သားအဖြစ်နှင့် ၂–နှစ်နှင့် ၇–လတိုင်တိုင် နေခဲ့ရ၏။ ဦးစ ထောင်ကလွတ်ပြီးနောက် ၆–လခန့်ကြာမှ စလင်းမင်းသားကြီး မောင်အိုတို့ လူစုကို ကွပ်မျက် သတ်ဖြတ်လိုက်ပေသတည်း။ ။

mgyoe.com

mgyoe.com

ဘဝနှင့် ပတ်ဝန်းကျင်

mgyoe.com

mgyoe.com

# ဦးစ စားရသော မြဝတီမြို့

ဇေယျ

မြန်မာရာဇဝင် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ဟူသော ထင်ရှားသော မင်းဆက်များအနက် နောက်ဆုံးဖြစ်သော ကုန်းဘောင် ၁၁–ဆက်မှ ဘကြီးတော်မင်းတရားလက်ထက်တွင် မင်းကြီးဦးစသည် လက်ရုံးရည်၊ နှလုံးရည်၊ နှစ်ဖက်နှစ်လမ်း စွယ်စုံထူးချွန်သော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။

ဝန်ကြီးဦးစအား အသုံးကံကျွေးပေးသနားချီးမြှင့်ခြင်းခံရသော မြဝတီသည် မော်လမြိုင်မြို့အရှေ့ ယိုးဒယားနှင့် မြန်မာနယ်စပ် သောင်းရင်းမြစ်ပေါ်တွင် တည်ရှိနေသော မြဝတီပင်ဖြစ်သည်ဟု အများယူဆခဲ့ကြောင်း သိရပေသည်။ ကျွန်ုပ်တို့လည်း အများနည်းတူပင် ယူဆခဲ့လေသည်။ ဤသို့ ယူဆခဲ့ကြသည်မှာ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင် နော်ရထာတို့လက်ထက်မှစ၍ ယခုအထိ ယိုးဒယားမြန်မာ ဆက်ဆံမှု ခရီးလမ်းကြောင်းတွင် တည်ရှိသည်တစ်ကြောင်း၊ အင်္ဂလိပ်မင်းများလက်ထက် အောက်မြန်မာနိုင်ငံကို သိမ်းယူစက အင်္ဂလိပ်ပိုင်မြန်မာနယ်မှာ ယိုးဒယား၊ ဇင်းမယ်စသည် တို့သို့ ရောင်းရေးဝယ်မှု စုံစမ်းရှာဖွေရာတွင် မြဝတီလမ်းကို ဝင်ပေါက်ထွက်ပေါက် ပြုခဲ့ကြသည်တစ်ကြောင်း၊ ယခုတိုင်လည်း ယိုးဒယားမြန်မာနယ်ခြားတွင် မြဝတီသည် အကောက်ဆိပ် အကောက်ဌာန ဖြစ်နေသည်တစ်ကြောင်း၊ ဤသို့သော အကြောင်းအချက်များကြောင့် ထိုမြဝတီမှာ ပိုမိုထင်ရှား လူသိများသဖြင့် ဝန်ကြီးဦးစ စားရသော မြဝတီသည် ယင်းမြဝတီပင်ဖြစ်သည်ဟု ယူမှတ်ထားခဲ့ကြခြင်းဖြစ်လေသည်။

သို့သော် မြန်မာပြည်မြေပုံကို သေချာစွာစစ်ဆေးကြည့်ရှုရာ အထက်ဖော်ပြခဲ့သော ယိုးဒယားမြန်မာနယ်စပ် မြဝတီဟူ၍ တစ်နေရာတည်းတွင်သာမဟုတ်ဘဲ မြန်မာပြည်

mgyoe.com

mgyee.com
အလယ်ပိုင်း သရက်မြို့ခရိုင် ကာမမြို့နယ်အတွင်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် မြဝတီဟူသောအမည်ဖြင့် တွေ့ရပြန်လေသည်။ ဤသို့မြဝတီဟူ၍ ၂–နေရာတွေ့ရသော အခါ ဤ ၂–နေရာအနက် ဝန်ကြီးဦးစအစား ကံကျွေးရရှာသော မြဝတီမှာ အဘယ် မြဝတီဖြစ်မည်နည်းဟူသော ပြဿနာပေါ်ပေါက်လာလေသည်။

ဧရာဝတီမြစ်ကမ်းရှိ အထက်မြဝတီနှင့် ပတ်သက်၍ စုံစမ်းကြည့်ရာ အောက်ပါ အတိုင်း တွေ့ရလေသည်။

၎င်းမြဝတီမှာ ယခုအခါ ရွာငယ်အတန်းအစားသို့ ရောက်နေသော်လည်း မြန်မာ မင်းများလက်ထက်ကမူကား ထင်ရှားသော မြို့မအတန်းအစားဖြစ်ဖူးလေသည်။ အင်းဝ ဆက်က အခြေအနေကိုမသိရသော်လည်း ကုန်းဘောင်ဆက်တွင်မူကား မြို့တစ်မြို့ဖြစ်ခဲ့ သည်။ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၄၅–ခုနှစ် စစ်တမ်းအရ အဆိုပါနှစ်တွင် မြဝတီမြို့ကို မြို့သူကြီးဝတ္တဗိုလ်အုပ်ချုပ်သည်။ ၎င်းနောက် ဝတ္တဗိုလ်၏သား၊ ၎င်းနောက် မြေး၊ အရိုးမပျက် ဆက်လက်အုပ်ချုပ်ခဲ့ကြပြီးနောက် အရိုးအစဉ်ပြတ်လတ်၍ မြို့သူကြီး မောင်စံပြေအုပ်ချုပ်သည်။ ၎င်းနောက် မောင်စံပြေ၏သား မောင်ပဲဆက်ခံအုပ်ချုပ်သည်။ မြို့သူကြီး မောင်ပဲလက်ထက် သက္ကရာဇ် ၁၁၈၅–ခုနှစ်၊ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲဖြစ် ပွားပြီးနောက် မြန်မာတို့အရေးနိမ့်၍ အင်္ဂလိပ်မင်းက အောက်မြန်မာနိုင်ငံကို မြေထဲမြို့ အထိ ကျောက်တိုင်စိုက်၍ သိမ်းယူရာ မြို့သူကြီးမောင်ပဲသည် အင်္ဂလိပ်တို့လက်အောက် တွင် အမှုမထမ်းလိုသဖြင့် မြန်မာမင်းပိုင် အထက်နိုင်ငံသို့ ပြောင်းရွှေ့သွားလေသည်။

အင်္ဂလိပ်လက်ထက်တွင်လည်း အင်္ဂလိပ်အစိုးရက မြဝတီမြို့ကို ကာမမြို့နယ် အတွင်းသွင်း၍ မြို့သူကြီးအုပ်ချုပ်သော မြို့မအဆင့်အတန်းတွင်ပင်ထားရှိရာ မြဝတီမြို့မ အတွင်း ပန်းတင်၊ ဂျုံတောင်၊ ကျောင်းစု၊ ဆိပ်သာရွာများ ပါဝင်လေသည်။ မြဝတီမြို့မမှာ မြို့အဆင့်အတန်းဖြစ်သော်လည်း ထိုစဉ်ကပင် အိမ်ခြေ ၇၂–အိမ်သာရှိ၍ ၎င်းအောက် ဖြစ်သော ဂျုံတောင်ရွာမှာ အိမ်ခြေ ၂၂၅–အိမ်ရှိ၍ ၎င်းထက်စည်ကားလေသည်။ ထို့ကြောင့် မြဝတီမြို့သူကြီးမှာ မြဝတီမြို့တွင်မနေဘဲ ဂျုံတောင်တွင်သာနေလေ့ရှိခဲ့လေသည်။ (ယခု ပုဂံမြို့ထဲသို့ ပုဂံမြို့အုပ်ဆိုသော်လည်း ပုဂံထက်စည်ကားသော ညောင်ဦးတွင် ရုံးစိုက်သကဲ့သို့ ဖြစ်လေသည်။)


ထို့နောက် ၁၉၀၃–ခုနှစ်တွင် မြန်မာပြည်အစိုးရက စာရင်းကောက်ယူမှတ်သား သော မြန်မာပြည်အတွင်းရှိ အိမ်ခြေ ၁၀၀ နှင့် ၁၀၀–အထက်ကျော်သော ရွာကြီးစာရင်းများ စာအုပ်တွင်လည်း မြဝတီရွာမပါလာသည်ကို ထောက်ဆသော် ပထမ အင်္ဂလိပ်–မြန်မာ စစ်ဖြစ်ပွားပြီး အင်္ဂလိပ်မင်းအပိုင်ဖြစ်သည်။ သည့်နောက် ထပ်မံစည်ကားခြင်းမရှိသော
mgyee.com

mgyoe.com
ဘ၀သို့ ကျရောက်လာခဲ့ကြောင်း သိသာပေသည်။

မြ၀တီမှာ ကုန်းဘောင်ဆက်တွင် ထင်ရှားသော မြို့သူကြီးတစ်ပိုင် မြို့မအဆင့် အတန်းရှိရုံမက ရှေးသမိုင်းဟောင်းစကားလည်းရှိလေသည်။ ပုဂံမင်း ၅၅–ဆက်အနက် နောက်ဆုံးဖြစ်သော နရသီဟပတေ့မင်းလက်ထက် တရုတ်ပြည်ကူဘလိုင်ခန်မင်းက စေလွှတ်လိုက်သောသံများကို မထေ့လေးစား မချေမင်ပြုလုပ်မှုနှင့် တစ်ယောက်မကျန် သတ်ရာမှ တရုတ်စစ်ကြီးကျရောက်လာရာ အားချင်းမတန်သဖြင့် နရသီဟပတေ့မင်းသည် ပုဂံမြို့ကြီးကိုစွန့်လွှတ်၍ အောက်မြစ်စဉ်တစ်လျှောက်တွင် မြေလှန်စနစ်ကိုသုံး၍ ပုသိမ်မြို့ အထိ ဆုတ်ခွာတိမ်းရှောင်ရလေသည်။ ထို့နောက် နရသီဟပတေ့မင်းက ဒိသာပါမောက္ခ ဆရာတော်အား တရုတ်မင်း၏ နေပြည်တော်အရောက် စေလွှတ်၍ စစ်ပြေငြိမ်းကြောင်း ပြောရာတွင် တရုတ်စစ်များ ပြန်ကြလေသည်။ တရုတ်စစ်များမရှိသည့်နောက် ပုဂံပြည်သို့ ပြန်မည်ဟု မြစ်ကြောင်းဆန်တက်လာရာ ပြည်မြို့အနောက်ဘက်ကမ်း ရွှေဘုံသာတွင် စခန်းချရပ်နေရာ ပြည်စားသားတော် သီဟသူ အဆိပ်ကျွေးလုပ်ကြံ၍ နတ်ရွာစံလေသည်။

ဤသို့ ခမည်းတော်နရသီဟပတေ့ တရုတ်ပြေးမင်းအား လုပ်ကြံသတ်ဖြတ်မိ သည့်အပြစ်မှ ပြေပျောက်စေရန် ပြည်စားသီဟသူမင်းသည် ဖိုးဦးတောင်မှ အထက်ဧရာ၀တီ မြစ် အနောက်ဘက်ကမ်းတစ်လျှောက် ခမည်းတော်၏ မင်းမြောက်တန်ဆာမှ မြတစ်လုံး စီကို ဌာပနာ၍ ဘုရားကိုးဆူ တည်ထားလေသည်ကို အကြောင်းပြု၍ ထိုအရပ်ကို 'မြ၀တီ' ဟု သမုတ်သည်ဟုဆိုလေသည်။ ဤစကားအတိုင်းဆိုသော် မြ၀တီမြို့သည် ပုဂံပျက်ပြီးစ သက္ကရာဇ်လောက်ကပင် ထင်ရှားခဲ့သည်ဟု ဆိုဖွယ်ရှိသည်။ ထိုစကားမှာ ရှေးစကား ဟောင်း ဖြစ်သည်။ ခိုင်လုံသော ရာဇ၀င်စကားဟုတ်သည် မဟုတ်သည်ကို အပထား၍ ထိုသို့သော ရှေးဟောင်းစကားစဉ်လာရှိခြင်းကို ထောက်သဖြင့်လျှင် ၎င်းမြ၀တီမှာ ကုန်းဘောင်ဆက် မတိုင်မီ ရှေးကပင်ရှိကြောင်း သိသာပေသည်။

မော်လမြိုင်မြို့အရှေ့ဘက် ယိုးဒယား မြန်မာနယ်စပ်သောင်းရင်းမြစ်ကမ်းပါးတွင် တည်ရှိသော အောက်မြ၀တီနှင့် ပတ်သက်၍ စစ်တမ်းမတွေ့ရသဖြင့် မြန်မာမင်းများ လက်ထက်က မြို့ဖြစ်မည်၊ ရွာဖြစ်မည်ကို ခွဲခြားမသိရချေ။ သို့သော် ထိုမြ၀တီမှာလည်း အထက်မြ၀တီနည်းတူ ရှေးသမိုင်းဟောင်းစကားရှိသဖြင့် ရှေးကျသောနေရာပင် ဖြစ်သည် ကို သိရပေသည်။ ရှေးသမိုင်းဟောင်းစာမှာ မဇ္ဈိမဒေသ ဗောဓိဏ္ဍိုင်၌ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ၀ါတော် ၈–၀ါ၊ သက္ကရာဇ် ၁၁၁–ခုနှစ်၊ ဟေမန္တ ဥတုအတွင်း ရာမညတိုင်း၊ ယောနကတိုင်းများသို့ ဒေသစာရီကြွချီတော်မူရာ မာလာကာမြို့၊ သောက္ကဒဲသီမြို့၊ အယုဒ္ဓယဒွာရာ၀တီမြို့၊ ထား၀ယ်မြို့၊ ရွှေလင်ပန်းမြို့တို့သို့ လှည့်လည်
mgyoe.com




စကေး တစ်လက်မ = တစ်မိုင်နှုန်း

mgyoe.com

ပြီးနောက် အိမ်ခြေ ၅၀၁–အိမ်ရှိသော ရွာကြီးတစ်ရွာသို့ ရောက်တော်မူသည်။ ထိုရွာ၏ အကြီးအကဲမှာ သုမနဟူသောအမည်ရှိသည်။ ဘုရားကြွလာတော်မူကြောင်းသိလျှင် ရွာသူကြီးသုမနနှင့် ရွာသား ၅၀၀–တို့သည် ဘုရားနှင့်တကွ ရဟန္တာ ၅၀၀ တို့အတွက် ကျောက်ဖျာ ၅၀၁–ချပ်ခင်း၍ ဆွမ်းလုပ်ကျွေးကြလေသည်။ မြတ်စွာဘုရားလည်း ရွာသူကြီးနှင့်တကွ ရွာသား ၅၀၀–တို့အား တရားဓမ္မ ပြသဟောကြားတော်မူပြီးနောက် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာတော် ၂၀၀၀–ကျော်သည့်အခါ ရွာအကြီးအကဲ သုမန ဒါယကာသည် ဟံသာဝတီပြည်၌ မင်းဖြစ်လိမ့်မည်ဟု ဗျာဒိတ်ထားတော်မူလေသည်။

ထိုရွာ၏ အမည်မူလရင်းမှာ မုတ္တမမွန်ဘာသာဖြင့် **'ကွမ်ဖရဲ့ ဖတိုင်'၊** ပဲခူးမွန် ဘာသာဖြင့် **'ကွမ်းဖရဲ့ပတိ'** ဟူ၍ခေါ်သည်။ မြန်မာဘာသာပြန်သော် **'သဲအေးမြ'** ရွာ ဟုဆိုသည်။ ယခုမွန်တစ်ဝက် မြန်မာတစ်ဝက် အေးမပါဘဲ **'မြပတိ'** ကို **'မြဝတီ'** ဟု ခေါ်သည်ဟုဆိုလေသည်။ **(ဤစကားများမှာ ဘီလင်း ကျိုက်ထိုမြို့နေ ပင်စင် အငြိမ်းစား စစ်ကဲတော်မင်း ဦးနော်စီရင်ရေးသား၍ ရန်ကုန်မြို့ ဟံသာဝတီ သတင်းစာပုံနှိပ်တိုက်ကပုံနှိပ်ထုတ်ဝေသော 'မွန်ရာဇဝင် စေတီတော်သမိုင်း ပေါင်းချုပ်' မှလာသော စကားများအရဖြစ်ပါသည်။)**

ထိုရှေးဟောင်း စဉ်လာသမိုင်းစကားအပြင် ဟံသာဝတီဆင်ဖြူများရှင် အရေးတော် ပုံကျမ်းတွင်လည်း ထိုမင်းလက်ထက် မိုးမိတ်ကျေးစပ်၊ မိုးကောင်းကျေးစပ်၊ မိုးညှင်းကျေးစပ်၊ ကလေးကျေးစပ် စသည်တို့တွင်ရှိသော ပလောင်သား အင်းတရော်သား၊ လဝသားစသော နယ်ခြားသားများသည် မငြိမ်မဝပ်ရှိနေသည်ကို သားတော်အိမ်ရှေ့မင်းကိုယ်တိုင်တက်ရောက် သိမ်းယူ၍ ဟံသာဝတီနေပြည်တော်သို့ပို့သည်။ ဤသို့သိမ်းယူပို့ဆောင်လာသော သူတို့ အား အစုများဖွဲ့ကာ နိုင်ငံတော်အတွင်း သင့်ရာဒေသများ၌ ချထားနေထိုင်လုပ်ကိုင် စားသောက်စေသည်။ ၎င်းတို့အနက် မိုင်းကိုင်ဟူသောအဖွဲ့ကို လူတစ်ထောင်လျှင် အကြီး အမှူးတစ်ယောက်စီခန့်ထား၍ အရှေ့ဘက်လကွန်းပြည်မှ အနောက်ဘက် **'အမြဝတီ'** အထိ နေရာချထားကြောင်း တွေ့ရသည်။

အဆိုပါ အောက်မြဝတီအကြောင်းကို အထက်မြဝတီလောက် စုံစေ့စွာမသိရသော် လည်း အထက်ပါရှေးဟောင်း သမိုင်းစကားနှင့် ဟံသာဝတီဆင်ဖြူများရှင် အရေးတော်ပုံ ရာဇဝင်စကားများကိုထောက်လျှင် အောက်မြဝတီလည်း ရှေးကျသောနေရာဖြစ်ကြောင်း ကို သိသာပေသည်။ **(ဟံသာဝတီဆင်ဖြူများရှင် အရေးတော်ပုံ၌ မြဝတီကို 'အမြ ဝတီ' ဟုရေးသားခေါ်ဝေါ်ပုံကို နှလုံးသွင်းမှတ်သားအပ်ပေသည်။)**

ဤမြဝတီ ၂–နေရာအနက် ဝန်ကြီးဦးစ စားရသော မြဝတီသည် အဘယ်မြဝတီ

mgyoe.com

mgyoe.com
ဖြစ်မည်ကို ဆင်ခြင်ရန် မြန်မာမင်းတို့လက်ထက် မြို့စား၊ ရွာစားပေးပုံများကို ကြည့်ရှုရန် လိုပေသည်။ မှန်နန်းရာဇဝင်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်၊ မြန်မာမဟာ မင်းခန်းတော်တွင်ပါရှိသည့် ကုန်းဘောင် ၁၁–ဆက် ဆွေတော်စဉ်စာတမ်းစသည်တို့ကိုကြည့်လျှင် မြဝတီမြို့ကိုစားရသည်မှာ ဝန်ကြီးဦးစသာလျှင် မဟုတ်ဘဲ မင်းညီမင်းသားတို့ကိုလည်း မြဝတီမြို့ကို အစားကံကျွေးပေးခဲ့ဖူးကြောင်း တွေ့ရလေသည်။

အလောင်းမင်းတရားကြီးလက်ထက် ဘိုးတော်ဘုရားသည် မင်းသားအဖြစ်ဖြင့် ဗဒုံမြို့နှင့် မြဝတီမြို့များကို စားရသည်။

အလောင်းမင်းတရားကြီး၏ ကိုယ်လုပ်တော် ကျောက်မြောင်းကတော်က ဖွားမြင်သော သားတော် သတိုးမင်းကျော်အား ဘိုးတော်လက်ထက်တွင် မြဝတီမြို့ကို အသုံးကံကျွေးပေးသနားသည်။

ဘကြီးတော်ဘုရားလက်ထက် အိမ်ရှေ့မင်း၏ သားတော်အလတ် မြဝတီမင်းသားနှင့် တောင်ငူထိပ်ထားကို ထိမ်းမြားတော်မူရာ ပညာရှိအမတ် ဒုတိယနဝဒေးက **'ဖြန့်ဝန်းစက်ရွှေ၊ ခန့်ညွန်းတက်စေ၊ မြန့်ကျွန်းချက်ဇွေ'** အစချီသော မင်္ဂလာရတုပိုဒ်စုံကို စီကုံးဆက်သရကြောင်း အမှတ်အသားရှိသည်။

ဤသို့ မင်းညီမင်းသားများကို အစားကံကျွေးပေးရာ၌ ရွှေမြို့တော်နှင့် အနီးအစပ်မြို့များကိုသာ ရွေးချယ်၍ပေးတတ်ရကား အဆိုပါမင်းသားများကိုပေးသော မြဝတီမှာ ယိုးဒယားနယ်စပ် မြန်မာနိုင်ငံတော် နယ်စွန်းဖြစ်သော မြဝတီမဟုတ်၊ ကံမမြို့နယ်အပါအဝင် ဧရာဝတီမြစ်ကမ်းရှိ မြဝတီမြို့သာဖြစ်ရမည်ဟု ယူဆရန်ရှိလေသည်။

ထိုမှတစ်ပါး ဘိုးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၄၅–ခုနှစ်၊ အမရပူရမြို့ကို တည်ပြီးနောက် မဇ္ဈိမဒေသ ပါဠ္ဍလိပုတ်ပြည်၊ သီရိဓမ္မာသောကမင်းကြီးသည် မုဋ္ဌော ၈၄၀၀၀–၊ ရေတွင်း ၈၄၀၀၀ စသည်တို့ကို တည်ထားသည့်နည်းကိုလိုက်၍ နိုင်ငံတော်အတွင်း ရွှေဂူဘုရား ၂၃၀–တည်သောမြို့ ၂၃၀–တွင် ပန်းတောင်း၊ ပြင်ပြီး၊ မြဝတီ၊ ကံမ၊ သရက်စသည့်မြို့များပါဝင်သည်ကိုထောက်လျှင် မြန်မာမင်းတို့လက်ထက်တွင် မြဝတီမြို့သည် အရေးပါအရာရောက်သော မြို့ကြီးတစ်မြို့ဖြစ်ကြောင်း သိသာပေသည်။

အဆိုပါ မင်းညီမင်းသားများနှင့် ဝန်ကြီးဦးစအား မြဝတီမြို့ကို အစားကံကျွေးပေးသနားသည်ဟူ၍သာ ရာဇဝင်မှတ်တမ်းများ၌ဆိုလေသည်။ မည်သည့်ခရိုင် မည်သည့်ဒေသမှ မြဝတီမြို့ဖြစ်သည်ဟု ခွဲခြား၍မဆိုချေ။ ဤသို့ခွဲခြား၍ မဆိုခဲ့ကြသည်မှာ မြန်မာမင်းများလက်ထက် အမိန့်တော်ပြန်တမ်းများ၌ ရေးရိုးရေးစဉ် ထုံးစံဥပဒေကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် ထိုစဉ်က မြဝတီဆိုလျှင် ဆိုလိုသော မြဝတီကို လူတိုင်း

သိရှိပြီးဖြစ်၍ အထူးခွဲခြားဖော်ပြနေရန် မလိုခြင်းကြောင့်ဖြစ်ကောင်းဖြစ်ပေမည်။

ဤပြဿနာ၌ ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးသော အချက်တစ်ချက်မှာ မြဝတီဝန်ကြီးဦးစအား မည်သည့်အချိန်အခါတွင် မြဝတီမြို့ကိုပေးသနည်းဟူသော အချက်ဖြစ်ပေသည်။ ဦးစ၏ အတ္တုပ္ပတ္တိအကြောင်းအရာကို ရေးသားထားကြသော စာတမ်းများစွာတို့တွင် အခြားအချက်များစွာတို့ကို ထည့်သွင်းပြဆိုကြသော်လည်း၊ မည်သည့်အချိန်တွင် မြဝတီမြို့ကိုပေးသည်ဟု မပြမဆိုကြဘဲ မြဝတီမြို့ကိုပေးသည်ဟု သာမန်အားဖြင့်သာ ဖော်ပြကြလေသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဘားနဒ်ပိဋကတ်တိုက်တွင်ရှိဖူးသော မုံရွေးဆရာတော်မှတ်စု• ကိုးကြောင်းပေယျာလ်ချပ်နှင့် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မှတ်သားဟန်ရှိသော ဘကြီးတော်လက်ထက်မှ မင်းတုန်းမင်းတရားကြီးလက်ထက်တော်အထိ အမှုထမ်းရွက်ဖူးသော ဝန်ကြီးများနှင့် ဝန်ထောက်များအကြောင်းအရာ စာရင်းချုပ် ရှေးပုရပိုက်တစ်ဆူတို့တွင်မူကား ဝန်ကြီးဦးစအား မြဝတီမြို့ကိုပေးသော ခုနှစ်သက္ကရာဇ်များကို ဖော်ပြကြလေသည်။

မုံရွေးဆရာတော်မှတ်စုတွင် **'သက္ကရာဇ် ၁၁၈၁–ခုနှစ် အိမ်ရှေ့မင်း အထွတ်အမြတ်သို့ရောက်တော်မူလျှင် နန်းတော်ကြီးအတွင်းဝန် ခန့်တော်မူသည်။ ၎င်းနောက် သက္ကရာဇ် ၁၁၉၁–ခုနှစ်တွင် မြဝတီမြို့ကို အသုံးကံကျွေးခံ သနားတော်မူ၍ ဝန်ကြီးခန့်တော်မူသည်။ သက္ကရာဇ် ၁၁၂၈–ခု အင်္ဂါနေ့ဖွားသည်။ သက္ကရာဇ် ၁၂၁၄–ခုတွင် ရတနာသိင်္ခမြို့၊ သူဇာတံခါးတွင် ကံကုန်ရာတော်နေရာတို့နည်း သင်္ဂြိုဟ်ရသည်' ဟုပါရှိလေသည်။** (မုံရွေးဆရာတော်မှာ သက္ကရာဇ် ၁၁၂၈–ခုနှစ်ဖွား၍ ဦးစနှင့် သက်တူရွယ်တူဖြစ်သည်။ ၁၁၉၁–ခု၊ ဘကြီးတော်ဘုရားအမိန့်ဖြင့် မှန်နန်းမဟာရာဇဝင်တော်ကြီးကို ရေးသားရာတွင်ပါဝင်၍ ဝန်ကြီးဦးစနှင့် အကျွမ်းတဝင်သိရှိသည်ဟု ယူဆရန်ဖြစ်သည်။ သို့သော် မုံရွေးဆရာတော်မှာ ၁၁၉၆–ခုနှစ် ဘဝပြောင်းတော်မူရာ ယခုမှတ်စုပေမူတွင် ၁၂၁၄–ခုနှစ်၊ မြဝတီဝန်ကြီး ကွယ်လွန်ကြောင်း ဖော်ပြပါရှိသဖြင့် ထိုစကားစုမှာ ဆရာတော်ဘုရားရေးသားသော စကားမဟုတ်ဟု ယူဆရန်ရှိသည်။

တစ်နည်းအားဖြင့်လည်း ဆရာတော်ဘုရား၏ မူလမှတ်စုကို နောက်တပည့်တို့ ပေထက်တင်ရာတွင် ဦးစ ကွယ်လွန်သည့်အကြောင်းကို ဖြည့်စွက်ထည့်သွင်းကြသည်ဟူ၍လည်း ထင်မြင်ယူဆဖွယ်ရာရှိပေသည်။)

ဝန်ကြီးများနှင့် ဝန်ထောက်များ အကြောင်းအရာ ပုရပိုက်မူတွင် **'၁၁၈၁–ခု၊ သီရိမဟာဓမ္မယျာသူရဘွဲ့နှင့် အတွင်းဝန်ခန့်၍ မြဝတီမြို့စားရသည်။ နောက်**

• 'မုံရွေးဆရာတော်မှတ်စု' ကို ယခုအခါ ဟံသာဝတီတိုက်က စာအုပ်ရိုက်ပြီးဖြစ်သည်။

.com
**မင်းကြီးမဟာသီဟသူရဘွဲ့နှင့် ၉၁–ခု၊ ဝန်ကြီးခန့်သည်' ဟု ဖော်ပြထား** လေသည်။ (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ ၅၄၁– တွင်မူကား ၁၁၉၀– ပြည့်၊ နတ်တော်လဆန်း ၁၄–ရက်နေ့ မင်းကြီးမဟာသီဟသူရကို သတိုးမင်းကြီး မဟာ မင်းခေါင်၊ မင်းကြီး သီရိမဟာဥဇနာ၊ မင်းကြီးမဟာမင်းလှရာဇာ၊ မင်းကြီးမဟာမင်းလှ ကျော်ထင်တို့နှင့် တွဲဖက်၍ အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်ဟု ၁၁၉၀– ပြည့်နှစ်ကပင် ဝန်ကြီးခန့်ကြောင်းဆိုသည်။ အဆို ၂–ပြင်တွင် ၁–နှစ် ကွာသည်။ သို့သော် ယခုစဉ်းစားနေသည့်ကိစ္စအတွက် အရေးမကြီးချေ။ မူကွဲရှိကြောင်း သိသာရန်သာ ဖော်ပြခြင်းဖြစ်ပါသည်။)

အထက်ပါမှတ်တမ်း ၂–မူတွင်လည်း မုံရွေးဆရာတော်၏ မှတ်တမ်းက ဦးစ အား ၁၁၉၁–ခု၊ ဝန်ကြီးခန့်မှ မြဝတီမြို့ကို ပေးသည်ဟုဆို၍ ဝန်ကြီးများအကြောင်း ပုရပိုက်မူ၌ မူကား ၁၁၈၁–ခု၊ အတွင်းဝန်ခန့်စဉ်ကပင် ပေးကြောင်းဆိုသည်။ ထို ၂–မူ တွင် ဝန်ကြီးများအကြောင်း ပုရပိုက်မူမှာ မင်းတုန်းမင်းတရားကြီး လက်ထက်တွင်မှ ရေး သားသဖြင့် နောက်ကျသည်။ မုံရွေးဆရာတော်မှာ မြဝတီဝန်ကြီးနှင့် တစ်ရွယ်တည်း တစ်ခေတ်တည်းဖြစ်၍ သိမြင်သူရေးသားခြင်းဖြစ်၍ ဝန်ကြီးဖြစ်မှ မြဝတီမြို့ကိုစားရသည် ဟူသော စကားကပို၍နီးစပ်လေသည်။

ဘကြီးတော်ဘုရားလက်ထက် ၁၁၈၅–ခုနှစ်တွင် အင်္ဂလိပ်တို့နှင့် စစ်စ၍ ဖြစ်သည်။ ၁၁၈၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄–ရက်နေ့၊ အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်း၍ ရန္တပိုရွာ တွင် စာချုပ်သည်။ ထိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီနယ်တို့ကို အင်္ဂလိပ်တို့ သိမ်းယူသည်။ ထိုအခါ ယိုးဒယားမြန်မာနယ်စပ်ရှိ မြဝတီမှာ အင်္ဂလိပ်လက်အောက်သို့ ရောက်သည်။ ၁၁၈၈–ခု၊ သီတင်းကျွတ်လတွင် အင်္ဂလိပ်မင်း၏ သံတော်ကြော့ပွတ် (ကရော့ဖို့ဒ်) မြန်မာမင်းနေပြည်တော်သို့ ရောက်သည်။ ၎င်းနောက် ၁၁၉၁–ခု၊ အင်္ဂလိပ် သက္ကရာဇ် ၁၈၃၀– ပြည့်နှစ်တွင် အင်္ဂလိပ်သံတော် မယ်ဇယ်ဘော်ရနီ (မေဂျာ–ဘာနီ) အင်းဝသို့ရောက်သည်။ မေဂျာဘာနီရောက်ရှိသည့်အချိန်၌ အင်းဝမြို့တွင် –(၁) ရန် ကုန်ဝန်ကြီး၊ (၂) နန်းမတော်ဝန်ကြီး၊ (၃) လယ်ကိုင်းဝန်ကြီး (ပန်းထိမ်ဝန် ကြီးလည်း ခေါ်သည်)၊ (၄) ကျီဝန်ကြီး၊ (၅) ကျောက်ဆောက်ဝန်ကြီး၊ (၆) မြဝတီ ဝန်ကြီး မောင်စ ဟူ၍ ဝန်ကြီး ၆–ဦးရှိသည်။

မြဝတီဝန်ကြီးမောင်စမှာ ယခင်က အတွင်းဝန်ဖြစ်၍ မကြာသေးမီကမှ ဝန်ကြီး ခန့်ထားခြင်းခံရသည်ဟု မေဂျာဘာနီ၏ မှတ်တမ်းတွင် ဖော်ပြသည်။ (ဆရာဒီဆိုင်း ပြုစုသော မြန်မာနိုင်ငံတော်နေ ဗြိတိသျှသံတော်များအကြောင်းစာအုပ် စာမျက်
mgoe.com

နှာ ၇၄–၇၅ တွင် မေဂျာဘာနီ၏ လျှို့ဝှက်မှတ်တမ်းတွင် ကိုးကားဖော်ပြသည်။ မြဝတီမင်းကြီး၏အမည်ကို ဦးစဟုမဆိုဘဲ မောင်စဟုခေါ်ဝေါ်ရေးသားခြင်းမှာ ထိုစဉ်က ယခုကဲ့သို့ လူနာမည်ကို 'ဦး' ထည့်၍ခေါ်လေ့မရှိ၊ အားလုံးကိုပင် 'မောင်' ဟုတပ်၍ ခေါ်မြဲထုံးစံအတိုင်း ခေါ်ဝေါ်ခြင်းဖြစ်လေသည်။)

ထို့နောက်မြန်မာမင်း လွှတ်တော်အမှတ်အသားများတွင် ၁၁၉၂–ခု၊ နယုန်လဆန်း ၁၂–ရက်နေ့၊ အင်းဝနေပြည်တော်ဆင်ကျုံးမြောက်တိုက်တွင် အင်္ဂလိပ်သံတော် မေဂျာဘာနီနှင့် ပန်းထိမ်မြို့စားဝန်ကြီး၊ မြဝတီမြို့စားဝန်ကြီး၊ ဆောမြို့စားအတွင်းဝန်၊ ကျီဝန်အတွင်းဝန်၊ ဝန်ထောက် သံတော်ဆင့်တို့ ၂–တိုင်း ၂–ပြည် အရေးအရာများကို စုံညီပြောဆိုကြကြောင်း မှတ်သားချက်များရှိသည်။

ဤစာ အမှတ်အသားများကိုကြည့်လျှင် ဝန်ကြီးဦးစသည် ၁၁၈၅–ခုနှစ် အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ပြီး၍ ရခိုင်နှင့် တနင်္သာရီဆုံးပြီးနောက် ၁၁၉၁ (သို့မဟုတ် ၁၁၉၀–ပြည့်နှစ်) ဝန်ကြီးခန့်မှ မြဝတီမြို့ကိုစားရကြောင်း သိသာလေသည်။ သို့မဟုတ် ပုရပိုက်မူက ထွက်ဆိုသည့်အတိုင်း အင်္ဂလိပ်တို့နှင့် စစ်မဖြစ်မီ ၁၁၈၁–ခု၊ အတွင်းဝန်ဘဝကပင် မြဝတီကိုစားရသည်ဆိုသည့်စကားကို အမှန်ယူလျှင်လည်း စစ်ဖြစ်ပြီးနောက်လည်း မြဝတီမြို့ကိုဆက်လက်၍ စားနေရကြောင်း ထင်ရှားပေ၏။ အကယ်၍ တနင်္သာရီနယ် မော်လမြိုင်မြို့ အရှေ့ယိုးဒယား မြန်မာနယ်စပ်တွင်ရှိသော မြဝတီမြို့ကို စားရခြင်းဖြစ်ပါမူ စစ်ဖြစ်ပြီးနောက် ထိုမြို့ အင်္ဂလိပ်တို့လက်သို့ ရောက်ရှိနေပြီဖြစ်၍ အသုံးကံကျေးဆက်၍ မစားနိုင်တော့ချေ။

ထိုမျှသာမကသေး ဘကြီးတော်ဘုရားအား ညီတော် သာယာဝတီမင်း ခြားနား၍ သက္ကရာဇ် ၁၁၉၉–ခု၊ ကဆုန်လပြည့်ကျော် ၇–ရက်နေ့၊ စလင်းမင်းသားကြီးနှင့်တကွ မြဝတီဝန်ကြီး ဦးစအပါအဝင် ဝန်ကြီးများအား ပေးအပ်ရသဖြင့် ဦးစ ဝန်ကြီးရာထူးမှ ကျပြီးနောက်လည်း သာယာဝတီမင်းလက်ထက်တွင် နောက်တော်ပါမြင်းဝန် ဝန်ထောက် ဦးတုတ်ကြီးအား မဟာမင်းလှကျော်ထင်ဘွဲ့နှင့် မြဝတီမြို့ကို အသုံးကံကျေး ပေးသနားခြင်းပြုသည်ကို တွေ့ရလေသည်။

ဤအကြောင်းအချက်များကိုထောက်သဖြင့် မင်းကြီးဦးစ စားရသောမြို့မှာ ယိုးဒယားနယ်စပ်မှ မြဝတီမြို့မဟုတ်ဘဲ သရက်ခရိုင်အတွင်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ယခုရွာသိမ်ရွာငယ်ဖြစ်နေသော မြဝတီမြို့ပင်ဖြစ်သည်ဟု ဆိုရန်သာလျှင် ရှိပေကြောင်း။

မြဝတီဟူသောအမည်နှင့် စပ်လျဉ်း၍ အထက်မြဝတီသမိုင်းကတစ်မျိုး၊ အောက်

mgyoe.com

mgyoe.com

မြဝတီသမိုင်းကတစ်မျိုး အကြောင်းသင့်ရာခေါ်ဝေါ်ကြောင်းများနှင့် ကျွန်ုပ်တို့အထက်တွင် ဖော်ပြခဲ့ပေသည်။ အမှန်မှာမူကား တာဝတိံသာနတ်ဘုံ သိကြားမင်းစံနေရာ အမရာဝတီမြို့ ကိုလိုက်၍ မှည့်ခေါ်ခြင်းဖြစ်သည်ဟု ယူဆသင့်ပေသည်။ ပါဠိအဘိဓာန်သဂ္ဂကဏ္ဍ၊ သိကြားမင်းစံနေသောမြို့တော်ကို –

၁။ မသက္ကသာရာ

၂။ ဝသောကသာယာ

၃။ အမရာဝတီဟု သုံးမည်ရှိကြောင်းဆိုသည်။ အမရာဝတီဟု ခေါ်ခြင်းနှင့် ပတ်သက်၍ အဘိဓာန်ဋီကာနှင့် ၎င်းနိသျတွင် နတ်အမည် ၁၄–မျိုးတို့အနက် **'အမရ'** ခေါ်ခြင်းနှင့် ပတ်သက်၍ **'မရဏံ၊ သေခြင်း။ မရော၊ သေခြင်း။ ယေသံ အကြင်နတ်တို့အား။ သော၊ ထိုသေခြင်းသည်၊ နတ္ထိ၊ မရှိ။ တေ၊ ထိုနတ်တို့သည်၊ အမရာ၊ အမရာမည်ကုန်၏'** ဟုဖွင့်ပြသည်။ ထို့ကြောင့် အမရာဝတီဆိုသည်မှာ သေခြင်းမရှိသောနေရာဌာန (ဝါ) မသေမြို့ဟုဆိုလိုသည်။ ဘိုးတော်ဘုရားလက်ထက် ထီးပေါင်းကား (ထီးပေါင်းခ) တွင် တည်တော်မူသော အမရပူရမြို့မှာလည်း ဤအဓိပ္ပာယ်ပင်ရှိသည်။

အမရဝတီကိုပင် ဟံသာဝတီဆင်ဖြူများရှင် အရေးတော်ပုံကျမ်းတွင် ရေးသားသကဲ့သို့ မြန်မာရေးထုံးအတိုင်း ရ–ကို မ–သို့ကပ်၍ **'အမြဝတီ'** ဟု ရေးသားရာ အ–ကိုချေ၍ မြန်မာဖတ်နည်းအတိုင်း **'မြဝတီ'** ဟု ခေါ်တွင်သည်ဟု ယူဆရပေမည်။ **(ရှေးကျောက်စာ၊ ပေစာ၊ ပုရပိုက်စာများ၌ ခရီးကို–ခြီး–ဟုရေးသားလေ့ရှိသည်။)**

မြို့ရွာအမည်ကို အမရဝတီဟုခေါ်ဝေါ်သမုတ်သည်မှာ မြန်မာနိုင်ငံတွင်သာမဟုတ်၊ ရှေးအိန္ဒိယပြည်တွင်လည်းရှိပေသည်။ အိန္ဒိယနိုင်ငံအလယ်ပိုင်း ဝက်ပါတောင်၏တောင်ဘက်၊ ကရစ်သျှနမြစ်ကမ်း၌ တည်ရှိသော အမရဝတီမြို့တွင် လွန်ခဲ့သော နှစ်ပေါင်း၂၀၀၀–ကျော်လောက်က အန္ဒရာနိုင်ငံ သာတဝါနဟမင်းများလက်ထက်၊ တည်ဆောက်ခဲ့ကြသော ရှေးဟောင်းဗုဒ္ဓဘာသာ စေတီပုထိုးတော်ကြီးများသည် ယခုတိုင် ကြီးကျယ်ခမ်းနားစွာ တည်ရှိပေသည်။ ထိုစေတီပုထိုးများကို အကြောင်းပြု၍ ယခုတိုင် အမရဝတီမြို့၊ အမရဝတီစေတီတော်၊ အမရဝတီပန်းပုအနုပညာဟု ကမ္ဘာ့ယဉ်ကျေးမှု ရာဇဝင်၌ အထင်အရှားရှိပေသေးကြောင်း။ ။

mgyoe.com

mgyoe.com

# ဦးစ၏ မျက်ဖြေရတုများနှင့် သူ၏အိမ်ထောင်ရေး

မြန်မာစာဂုဏ် - မြင့်ကြည်

## မျက်ဖြေရတုများ

မြဝတီမင်းကြီး ဦးစဆိုလျှင် မြန်မာဂီတ၏ ဖခင်ကြီးအဖြစ် မြန်မာမှုလိုက်စားသူတိုင်း သိရှိပြီးဖြစ်သည်။ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ ဒိန်းသံ စသည့် ဂီတနွယ်ဝင် ဖွဲ့နည်းအမျိုးမျိုးတွင် မြဝတီမင်းကြီးဦးစ မဖွဲ့နွဲ့ဖူးသောအမျိုးဟူ၍ မရှိသလောက်ပင်ဖြစ်တော့သည်။ ဦးစကား တကယ့်ဂီတစာဆိုကြီးပါပေ။

မြဝတီမင်းကြီးသည် ဂီတစာဆိုအဖြစ် နာမည်ကျော်ကြားလှသိများသော်လည်း ရတုစာဆိုအဖြစ်ဖြင့်ကား ၎င်းအား သိသူရှားပေသည်။ သူရေးသားခဲ့သော ရတုများကို တစုတရုံးတည်း ပုံနှိပ်ပြီးမတွေ့ရပါ။ ကဗျာဗန္ဓသာရကျမ်း (ကျမ်းရင်းနှင့် နောက်ဆက်တွဲ) ရတုစာဆိုများစာရင်း၌ မြဝတီမင်းကြီးလည်း ရတုအမျိုးမျိုးကို ရေးသားခဲ့ကြောင်း သာမန်မျှဖော်ပြထားသည်ကို တွေ့ရပေသည်။ ရတုစာကိုယ်များကိုမူ ဖော်ပြမထားချေ။ စာရေးဆရာကြီး ရွှေစကြာ ရေးသားသော 'မြဝတီဝန်ကြီးဦးစ' စာအုပ်တွင် 'ကြိုက်ကြိုက်ဝှန်၍' ချီရတုတစ်ပုဒ်ကိုတွေ့ရ၏။

ဦးစကိုယ်တိုင်ရေးခဲ့သည့် ဂီတသမိုင်း မှတ်တမ်းပေမူတွင် ဦးစ၏ရတု ၁၀-ပုဒ် ကိုတွေ့ရသည်။ ဤမျှသောအရေအတွက်သည် အခြားရတုစာဆိုများဖြစ်ကြသည့် လက်ဝဲ သုန္ဒရ၊ စိန္တကျော်သူ စသည့် စာဆိုတို့၏ ရတုအရေအတွက်နှင့် နှိုင်းစာလိုက်သော် လွန်စွာ နည်းပါးကြောင်း ဝန်ခံရပေမည်။ ဤရတုများသည် ပြည်သူတို့နှုတ်ဖျားဝယ် ရေပန်းစား သော ရတုများလည်းမဟုတ်ကြ။ သို့သော် ထိုမထင်မရှား အညတြရတုများမှ တစ်ဆင့် ဦးစ၏ ဘဝပတ်ဝန်းကျင် စိတ်နေသဘောထားတို့ကို အကဲခတ်နိုင်သည့်ဖြစ်သော

mgyoe.com

.com


ကြောင့် ဦးစ၏ရတုများအနက်မှ စိတ်ဝင်စားဖွယ်ရတုအချို့ကို ထုတ်ဖော်တင်ပြလိုက်ပါသည်။

လူတိုင်းပင် ပတ်ဝန်းကျင်အခြေအနေအရ ရုန်းကန်လှုပ်ရှားနေကြသည်။ စာဆိုတို့သည်လည်း လူထဲကလူဖြစ်သည်နှင့် လျော်ညီစွာ မိမိတို့ဘဝပတ်ဝန်းကျင်တွင် ဖန်တီးလာသောအခြေအနေများအရ ရုန်းကန်လှုပ်ရှားရင်း စာပေများကိုဖွဲ့ခဲ့ကြသည်။ ထို့ကြောင့်ပင် ဦးစလည်း ဂီတစာဆိုတစ်ဦးဖြစ်ပါလျက် အခြေအနေအရ အမျက်ဖြေရတုများကိုလည်း သီကုံးရေးသားခဲ့ရပေသည်။

### ဦးစ၏ကုန်းဘောင်မင်း ဘုန်းတော်ဘွဲ့ အမျက်ဖြေရတု အမှတ် (၁)

ဘုန်းရောင်တေဇာ၊ ထိန်လင်းဖြာသား၊ သုနာပရန်၊ တိုင်းလုံးတွန်မျှ၊ မိုးစွန်ဗြဟ္မာ၊ တရင်းသာ၍၊ ရတနာသိဃ်၊ ပြည်မ ကုန်းဘောင်၊ ချီခဲ့ဆောင်သည်၊ စောခေါင်ဓမ္မာရာဇ်၊ ထွတ်သင်း ကျစ်လျှင်၊ ရန်မြစ်နုတ်ခြွေ၊ ငြိမ်းပြီးစေမှ၊ ညောင်ရေခါညီ၊ တာရာသိဝယ်၊ တမ္ဗဒီညွန့်၊ စက်ပန်းဖြန့်၍၊ ကြည်သန့်ရောင်ဝှန်၊ မျက်မွန်ရတနာ၊ သိင်္ဂါဘုံမြင့်၊ ကျည်းရှင်ဖွင့်က၊ ရှည်မြင့် သက်တော်၊ ရာကျော်ပတ်ဝန်း၊ သောင်းလုံးထွန်းသည်၊ ကျွန်းကျွန်း ပိုင်တော့မည်ဘုရား။

နှုန်းဆောင်သွေခွာ၊ နှင်းမြူလွှာကို၊ နေအရုဏ်ဖွင့်၊ ပယ်တွန်းလွှင့်သို့၊ အသင့်ရွှေဉာဏ်၊ လက်ရုံးအန်နှင့်၊ အပရန်လုံးမောက်၊ ညီးညီးတောက်၍၊ ထက်အောက်ညာကြေ၊ ရေမြေလှိုက်ဝှန်၊ ကောင်းကြီး ညွှန်လျက်၊ တသွန်နတ်မှာ၊ မုဒိင်္ဂါနှင့်၊ ဝိဇယာအောင် သံ၊ ကျုံကျုံကြွေးရိုက်၊ သပြေတိုက်ဝယ်၊ ယမိုက်ဘန်ဝေ၊ ဘုန်းမိုး စွေ၍၊ ပရမေဥက္ကဌ်၊ မန္တတ်ကျော်သောင်း၊ ဘေးစောလောင်းသို့၊ ပုံတောင်းရတနာ၊ စကြာစွန်းစွန်း၊ ရောက်ဆုညွန်းသည်၊ ဝန်းဝန်း ဆိုင်တော့မည်ဘုရား။

ကုန်းဘောင်ဇေယာ အောင်ပွဲလာသား၊ လောကာဓိပတိ၊ ဘေးဘုန်းရှိမှ၊ ဒုတိယဖျား၊ တရားဓမ္မရာ၊ ပွင့်ခါတစ်ချိန်၊ ဝင်းဝင်းထိန်သည်၊ ရဝိန္ဒုစက်၊ ပေါ်ထွန်းတက်သို့၊ ဘဝဂ်ညာတွန်၊ ဖြိုးဖြိုး ဝှန်မျှ၊ အမွန်ရတနာ၊ ရွှေမိုးရွာ၍၊ သာသနာရောင်၊ ပြောင်ပြောင် ညီးလင်း၊ မှောင်မျိုးရှင်းသည်၊ သီတင်းဒါန၊ စာဂဖြန့်ဝေ၊ သဲသဲစွေလျက်၊ ပဒေသာရုံ၊ ဇေယခုံဝယ်၊ သီးစုံပွင့်ဝန်း၊ ကြိုင်ပျံ့မွှန်းသည်၊ ရွှန်းရွှန်းလှိုင်တော့မည်ဘုရား။ ။

mgyoe.com